
www.burmeseclassic.com



BURMESE CLASSIC .com

လုံးချင်းဝတ္ထုသစ်

# သင်မြတ်နိုး

ရှင်သန့်ရာ မျှော်လင့်ရင်ခွင်ဆီ

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ်(၂)၊
ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျော်ရှင် (မြ-၁၀၀၉၈)
(ရွှေခြေသည့်ပုံနှိပ်တိုက်)
အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်ခြင်း - ၂၀၁၃ ခုနှစ်၊ ဇွန်လ။
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၁၀၀ ကျပ်
ဖြန့်ချိရေး - စိုးလပြည့်စာပေ
အမှတ်-၂၂၉၊ ၃လွှာ၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၈၉၄

၈၉၅.၈၃
သင်မြတ်နိုး
ရှင်သန်ရာမျှော်လင့်ရင်ခွင်ဆီ/သင်မြတ်နိုး၊ ရန်ကုန်၊
ရဲအောင်စာပေ၊ ၂၀၁၃။
(၂၅၆)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ
(၁) ရှင်သန်ရာမျှော်လင့်ရင်ခွင်ဆီ


## အခန်း ( ၁ )

မာမီရဲ့စကားတွေကို နှစ်သစ်ဦး နားမလည်နိုင်စွာဖြင့် ကြည့်နေမိသည်။

သူ့ကို အိမ်ထောင်ပြုဖို့အတွက် သတို့သမီးရွေးချယ်ပြီးပြီဖြစ်ကြောင်း ပြောနေ၏။

ဘာကြောင့်လဲ ...

သူ ...

လွတ်လွတ်လပ်လပ် တစ်ယောက်တည်းနေလိုသည်။

ချစ်သူပင်မထား။

အနှောင်အဖွဲ့တွေကြားမှာ စိတ်မွန်းကျပ်မှာစိုး၍ ဖြစ်သည်။

"မင်း တိမ်လွှာဖြူကို လက်ထပ်ရမယ်သား ... "

"ဗျာ"

တိမ်လွှာဖြူတဲ့ ... ပိုဆိုးတယ်။

သူ့အမြင်ကတတ်လွန်းတဲ့မိန်းကလေး ဖြစ်နေသည်။

"တိမ်လွှာဖြူကို သားလက်ထပ်ရမယ် ... ဟုတ်လား မာမီ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... "

"မဖြစ်နိုင်ပါဘူး ... တိမ်လွှာဖြူနဲ့သားက ငယ်ငယ်လေးထဲက မျက်နှာကျောတည့်တာမှ မဟုတ်တာ ... "

"မင်းက မချစ်လို့ အမြင်ကတ်နေမှန်းသိလို့ မာမီက လက်ထပ်ခိုင်းတာပါ"

"ဗျာ ... "

"ဘာမှ ထပ်မမေးပါနဲ့တော့သား ... မင်း တိမ်လွှာဖြူကို လက်ထပ်ရလိမ့်မယ်"

"ကျွန်တော် ... "

"မင်း ငြင်းဆန်ဖို့ လုံးဝမစဉ်းစားနဲ့ ... "

"သားအနေနဲ့ တိမ်လွှာဖြူကိုအောက်ကျခံပြီး လက်ထပ်ရမှာလား"

"အင်း ... "

"မာမီ ... "

"ယောကျ်ားလေးတစ်ယောက်အနေနဲ့ ခဏပဲအောက်ကျသယောင်ဖြစ်မှာပါသား ... နောက်ဆို ကိုယ့်လက်ခုပ်ထဲကရေ ဖြစ်သွားအောင် လုပ်နိုင်ရမယ် ... အဲဒါ ယောကျ်ားတစ်ယောက်ရဲ့ အရည်အချင်းပဲလေသား ... "

"မာမီ ... "

"သားက မာမီ့စကားဆို မြေဝယ်မကျနားထောင်တတ်တဲ့ သားဆိုတော့ မာမီက ရဲရဲတာဝန်ယူပြီး ကျွန်မသားက ရှင့်သမီးနဲ့ လက်ထပ်ဖို့ သဘောတူပါတယ်လို့ ကိုမောင်မောင်နိုင်ကို ပြောလိုက်တယ်လေ ... "





မာမီ ဘာသဘောနဲ့ ဒီလိုကိစ္စမျိုးကို စီစဉ်ရတာလဲ။

ဦးမောင်မောင်နိုင်နဲ့မာမီကလည်း ကျောင်းတော်ကဲ ရန်စတွေရှိကြသည်။

အိမ်ချင်းကပ်နေပေမဲ့ တစ်ယောက်နဲ့တစ်ယောက် အစေးမကပ်ကြ။

ရန်စောင်နေကြသည်။

"မာမီ ... "

"ပြော ... "

"ဦးမောင်မောင်နိုင်နဲ့ မာမီကလည်း ... "

"ဘာကြောင်းမှ မမေးဘဲ မင်း ... လွှာ့ကို လက်ထပ်ဖို့ပဲ သဘောတူလိုက်ပါသား ... "

တိမ်လွှာဖြူ ... မာနက မိုးထိအောင် မြင့်နေသူ။

အခြေကြီးအနေကြီးနှင့် နှစ်သစ်ဦးစိတ်ထဲမှာ အမြင်ကတ်နေမိသည်။

အမြင်ကတ်နေပေမဲ့ တစ်ယောက်နှင့်တစ်ယောက် ပြုံးပြနှုတ်ဆက်ခြင်းမရှိကြ။

"ဒီကိစ္စကို ဘယ်သူက စတင်တောင်းဆိုတာလဲ မာမီ ... "

"မာမီက ... "

"ဟင် ... "

မာမီနှင့် ဦးမောင်မောင်နိုင်လည်း ခပ်တင်းတင်းနေကြတာ သူသိနေသည်။

ဘယ်လိုဖြစ်တာလဲ။ နားမလည်နိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



"ဦးမောင်မောင်နိုင်နဲ့ မာမီလည်း အဲဆက်အစပ်မရှိပါဘူး ဘာဖြစ်လို့ ဒီလိုမိန်းကလေးတစ်ယောက်ကို သားနဲ့လက်ထပ်ဖို့ မာမီက သွားတောင်းဆိုရတာလဲ ... "

ဒေါ်နန်းနန်းမြိုင်ရဲ့ မျက်ဝန်းတွေက တင်းမာခက်ထန်စွာဖြင့် အဝေးကို လှမ်းကြည့်နေမိသည်။

ဦးမောင်မောင်နိုင်နဲ့ မိမိ ဘာလို့အဆက်အစပ်မရှိရမှာလဲ။

ရှိတာပေါ့ ... သားကမသိ။ တစ်ခြိနှင့်တစ်ခြိ အရင်ကလွန်စွာ ခင်မင်ခဲ့ကြသော မိတ်ဆွေတွေဆိုတာ သားကမသိ။

ပြီးတော့ ...

တစ်ချိန်က ...

ကိုမောင်မောင်နိုင်နဲ့ နန်းနန်းမြိုင်က အရမ်းချစ်ကြတဲ့ချစ်သူတွေ။

နှုတ်ခမ်းသားတွေကို တင်းကျပ်စွာ ဖိကိုက်ထားမိသည်။

"မင်းအတိတ်က ရန်ငြိုးတွေ မကျေအေးနိုင်လို့ ကိုယ့်သမီးလေးနဲ့ မင်းသားလက်ထပ်ဖို့ တောင်းဆိုတယ်ဆိုတာ ကိုယ်သဘောပေါက်ပါတယ် နန်းနန်းမြိုင် ... ဒါပေမဲ့ ကိုယ်သဘောတူပါတယ်"

ကိုမောင်မောင်နိုင့်ထံတွင် မိမိဖုန်းဆက်ပြီး တောင်းဆိုတော့ လက်ခံလိုက်သည်။

"သား ... "

"ဗျာ ... "

"လောလောဆယ်တော့ သားဘက်က သူ့ကိုချစ်ခင်နှစ်သက်ဟန် အလွန်အမင်းလက်ထပ်လိုတဲ့ ဟန်ပြလိုက်ပါသား ... "





"ဟာ ... မာမီဘာတွေလုပ်နေတာလဲ ... ဒီဟာမလေးက အရမ်းမာနကြီးတာ ဂုဏ်လည်းမောက်တယ် ... သားနဲ့အိမ်နီးချင်းနေတာတောင် လမ်းတွေ့ရင် နှုတ်ဆက်တာ မဟုတ်ဘူးမာမီ"

လွှာ့ကို လမ်းမှာဆုံမိစဉ် သူနှုတ်ဆက်ပြုံးပြဖူးသည်။ တုန့်ပြန်မှု မရှိဘဲ ပေါ်တင်ပဲ တစ်ဖက်လှည့်သွား၏။ ဘယ်လောက်အမြင်ကတ်ဖို့ကောင်းလဲ။

"တိမ်လွှာဖြူက လူတွေကို အဖက်လုပ်ချင်တာ မဟုတ်ဘူးမာမီ ... တော်ရုံယောကျ်ားကို သူနဲ့တန်တယ်လို့တောင်ထင်မှာ မဟုတ်ဘူး ... "

"အဲဒီမာနတွေကို ရိုက်ချိုးပစ်ဖို့ မာမီက တိမ်လွှာဖြူကို သားနဲ့ လက်ထပ်စေချင်တယ် ... "

"ဟင် ... "

"နှစ်သစ် ... "

"ဗျာ ... "

"သားက လိမ်မာပြီးသားပါ၊ မာမို့စကားတွေကို လက်ခံမယ်ဆိုတာ မာမီသိပါတယ်"

မာမီက ချည်နှောင်လိုက်တဲ့စကားတွေကို လေအေးအေးနဲ့ ပြောနေသည်။

"တိမ်လွှာဖြူကို ဘာလို့သွားပြီး ပတ်သက်ချင်ရတာလဲမာမီရာ ... ပြီးတော့ နေရာတကာ စိတ်ထားနူးညံ့ပြီး လူတွေအပေါ် ကိုယ်ချင်းစာနာစိတ်ရှိတဲ့ မာမီပါ ... "

"မာမို့မှာ အကြောင်းရှိလို့ပေါ့သား ... တခြားနေရာတွေမှာ မာမီကိုယ်ချင်းစာနာစိတ်ရှိပေမဲ့ တိမ်လွှာဖြူကိုတော့ ကိုယ်ချင်းမစာနိုင်ဘူးသား ... ဘာဖြစ်လို့လဲဆိုတော့ သူက ကိုမောင်မောင်နိုင်



www.burmeseclassic.com

www.burmeseclassic.com



နှင့်သီတာတို့ရဲ့ သမီးဖြစ်နေလို့ပဲ ... ”

သူ ... နားမလည်။

မာမီနှင့်တစ်ဖက်ခြံကလူတွေ ကင်းကင်းရှင်းရှင်းနေကြတာပဲ သိသည်။

ဘယ်လိုဖြစ်ရတာလဲ။

“တိမ်လွှာဖြူတို့မိဘတွေနဲ့ မာမီအတိတ်က အကြောင်းအရာတွေ ရှိလို့လား”

“ရှိတယ် ... ဒါပေမဲ့ မာမီမပြောနိုင်ဘူး ... သားကိုပြောပြဖို့လည်း မသင့်တော်ဘူးလို့ မာမီထင်မိလို့ပဲ ... ”

သားကို မပြောပြချင်ဘူး။

အတိတ်အကြောင်းတွေကို မေ့ထားလိုက်တာကြာပြီပဲ။

ဒါပေမဲ့ ...

တစ်နေ့ကျရင်တော့ ...

ကိုမောင်မောင်နိုင်ရဲ့ နှလုံးသားတွေ ကြေမွပျက်စီးသွားစေရန် ဖန်တီးဖို့ပဲ နန်းနန်းမြိုင် ကြံစည်နေမိသည်။

ရှင် ...

ကျွန်မကို စိတ်ဒုက္ခတွေရောက်အောင် လုပ်ခဲ့တာပဲ။ အရှက်သိက္ခာတွေမဲ့အောင် ဖန်တီးသွားတဲ့ယောက်ျားတစ်ယောက်ပဲ။

“တိမ်လွှာဖြူကို ခင်မင်ရင်းနှီးမှုရအောင် ... ညနေကျရင် မာမီတို့ အဲဒီအိမ်မှာ ညစာသွားစားကြမယ်”

“မာမီ ... ”

“ရှေ့မျက်နှာနောက်ထားလိုက်စမ်းပါသားရယ် ... မာမီ့အစီအစဉ်တွေကို လက်ခံလိုက်စမ်းပါ ... ”

“မာမီ ... ဘာတွေလုပ်နေတာလဲဗျာ၊ အဓိပ္ပါယ်မရှိတာဘဲ





သားတို့အနေနဲ့ ကိုယ့်မာနနဲ့ကိုယ် နေရမှာပါ ... ”

မာမီ ... ဘာတွေလုပ်နေတာလဲ။

အရင်က ...

တစ်အိမ်နဲ့တစ်အိမ် ခပ်ကင်းကင်းနေပြီး အခုမှ ဘာလို့ အရောတဝင် လုပ်ချင်ရတာလဲ။

မာမီ ဘာတွေလုပ်နေလဲဆိုတာ မသိနိုင်တော့ပေ။

“မာမီ ကိုယ့်မာနနဲ့ကိုယ်နေတာ သားအသိပဲ ... ဒါပေမဲ့ ရင်ထဲမှာတော့ အကြိတ်အခဲတွေ အများကြီးရှိတယ်သား။ အချိန်ကို မာမီစောင့်နေတာပါ”

“မာမီ ... ”

“မင်း စောဒက တက်စရာမလိုဘူးနော် ... ”

မာမီ့အနေနဲ့ သူ့အပေါ် ဒီလောက်အထိ အမိန့်ပေး ဆက်ဆံတာမျိုးတွေ မရှိဘဲ လွတ်လပ်စွာဖြင့် နေထိုင်စေခဲ့သည်။

အခုကိစ္စကတော့ ... မထင်မှတ်တဲ့ ပေါက်ကွဲမှုပဲ။

“တိမ်လွှာဖြူက သူ့ကိုယ်သူ အရမ်းအထင်ကြီးပြီး ဘဝင်မြင့်နေတဲ့ မိန်းကလေးတစ်ယောက်ပဲမာမီ ... သားလွှမ်းမိုးနိုင်ဖို့ဆိုတာ သည့်ကို မလွယ်တဲ့ကိစ္စပဲ ... ”

“မင်း လွှမ်းမိုးထားနိုင်အောင် ကြိုးစားထားရမယ်သား”

“မဖြစ်နိုင်တာဘဲ မာမီ ... ”

“ဘာလို့မဖြစ်နိုင်ရမှာလဲ ... မင်းဖြစ်အောင် ကြိုးစားရမယ်၊ ဖြစ်အောင်ရေး သာယာစရာမလိုဘူး ... ”

မာမီ့မျက်ဝန်းတွေက တင်းမာခက်ထန်နေသည်။ တင်းမာတဲ့ အရိပ်တွေထဲမှာ ကြေကွဲရိပ်တွေပါ ထပ်ဆင့်လွှမ်းမိုးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မာမီက အချိန်တစ်ခုကို စောင့်နေတာပါ ... အခုတော့ အချိန်ကျပြီ သား ..."

သားဘဝတစ်ခုလုံးက ကတိမ်းကပါးဖြစ်ရမှာရော မာမီစဉ်းစားမိရဲ့လားဟု မေးချင်သည်။

မမေးရဲ ... မာမီက တာဝန်ကျေတဲ့ မိခင်တစ်ယောက်ပဲ ဖြစ်နေသည်။

သူ့အပေါ် လိုလေသေးမရှိအောင် ဖြည့်ဆည်းပေးထားခဲ့၏။ ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမဖြစ်ရပေမဲ့ သားအတွက်ပဲ ဖြစ်စေခဲ့၏။

မာမီ့ကို လက်ထပ်ဖို့ ကမ်းလှမ်းခဲ့သူတွေရှိပေမဲ့ မာမီ ငြင်းဆန်ခဲ့သည်။

သားအတွက်ပဲ ... မိခင်စကားကို တစ်သဝေမတိမ်း နာခံတတ်သော သားတစ်ယောက်အဖြစ် ငယ်စဉ်လေးထဲက ပုံစံသွင်း လေ့ကျင့်ပေးခဲ့သည်။

"သား ..."

"ဗျာ"

"ကိုမောင်မောင်နိုင်ရဲ့ သမီးကို စိတ်သောကတွေနဲ့ အိမ်ထောင်ရေး ခရီး ဖြတ်သန်းတည်ဆောက်ရတာမျိုး မာမီမြင်တွေ့ချင်တယ်"

"ဟင် ..."

သူ ... မာမီ့ကို အံ့ဩစွာဖြင့် ကြည့်လိုက်မိသည်။ တကယ့်ကို နားမလည်နိုင်တာဘဲ ဖြစ်နေရ၏။ ဒါပေမဲ့ ... စောဒက တက်ခွင့်မရှိ။ မာမီ့ဘက်မှ သူ့ထံတောင်းဆိုခဲ့သော တစ်ခုတည်းသော အခြေအနေပဲ။



"မင်း ... တိမ်လွှာဖြူ့ကို လက်ထပ်ဖို့ကြိုးစားပါ ... သူ့အဖေ အလည်း သူ့သမီးကို အတင်းအကျပ် လက်ထပ်စေမှာပါ သား"

"ဘာတွေဖြစ်နေရတာလဲမာမီ ... သားအရမ်းအံ့ဩမိတာပဲ လောကကြီးထဲမှာ နေရတဲ့အချိန်အတွင်း မချစ်မနှစ်သက်တဲ့ မိန်းမ တစ်ယောက်နဲ့ နေရမှာလား မာမီ ..."

"နေရမယ် ..."

မာမီက ပြတ်သားသည်။

"မင်းကို မာမီမတရားလုပ်တာ မှန်ပေမဲ့ ... အဲဒီလိုအနေ အထားပဲ မာမီလုပ်ခိုင်းရတော့မှာပဲ နှစ်သစ် ..."

သူ ... စိတ်တွေကို လျှော့ပစ်လိုက်မိသည်။

မာမီ့ ဆန္ဒပဲလေ။

သားအပေါ် ဘယ်တော့မှ မတရားမလုပ်ခဲ့တဲ့ မာမီပါ။ ထို ဆန္ဒသည် မာမီရဲ့ အကြီးမားဆုံး ဆန္ဒတစ်ခုပဲ ဖြစ်နိုင်သည်။

"မာမီ ဒီလောက်ဖြစ်ချင်နေတဲ့ ဆန္ဒဖြစ်နေရင်လည်း သား အတတ်နိုင်ဆုံး လိုက်လျောဖြည့်ဆည်းပေးပါ့မယ်"

"ဝမ်းသာလိုက်တာ သားရယ် ... တိမ်လွှာဖြူ့လို မိန်းမတစ်ယောက်ဟာ သားခြေရင်းမှာ ဝပ်ဆင်းခယပြီး ခြေသုတ်ပုဆိုး မွေ့ရာနှယ်ကျိုးဆိုသလိုပေါ့ ..."

မာမီ့လုပ်ရပ်တွေနှင့်ပတ်သက်ပြီး သူနားမလည်နိုင်တာ တော့ အမှန်ပဲဖြစ်သည်။

သူ ဖြည့်ဆည်းပေးရမှာပဲ။

ဘာပဲဖြစ်ဖြစ် ... မာမီ့ဆန္ဒက သူ့ဆန္ဒပဲ။ တိမ်လွှာဖြူ့ကို လက်မထပ်ချင်လည်း လက်ထပ်ရမှာပဲ ဖြစ်သည်။

"နောက်မှ သားကို မာမီရှင်းပြမယ် ... လောလောဆယ်



www.burmeseclassic.com

www.burmeseclassic.com



တော့ သားအနေနဲ့ တိမ်လွှာဖြူကို အောက်ကျသလိုတော့ ဖြစ်ရမှာပေါ့ ... ဒါပေမဲ့ ... ယောက်ျားလေးတစ်ယောက်ပဲသားရယ်၊ နစ်နာဆုံးရှုံးမှုဆိုတာ မရှိနိုင်ပါဘူး"

မာမီ ဘာပဲပြောပြော သူကတော့ မိခင်စကားတွေကို မြေဝယ်မကျ နားထောင်တဲ့ သားလိမ်မာတစ်ယောက်ပဲ ဖြစ်စေရမည်ဖြစ်သည်။

ဆုံးဖြတ်လိုက်၏။ မာမီ့ ဆန္ဒပဲလေ။

"တိမ်လွှာဖြူကို လက်ထပ်ဖို့ သား သဘောတူပါတယ် မာမီ"

"သားရယ် ..."

သားကိုဖက်ပြီး ဒေါ်နန်းနန်းမြိုင် ဝမ်းသာအားရ ပြောမိသည်။

"လိမ်မာလိုက်တဲ့သား ... မာမီ့သား ..."

ကိုမောင်မောင်နိုင် ... ရှင့်အလှည့်ပဲ။ ကျွန်မ ရင်ဆိုင်ဖြတ်သန်းလာခဲ့ရတဲ့ ခါးသည်းဖွယ် နေ့ရက်တွေအတွက် ရှင်ပြန်ပေးဆပ်ရမှာပဲလေ။

ဒါက ... သဘာဝကျပါတယ်နော်။

ဒေါ်နန်းနန်းမြိုင်ကတော့ မိမိလုပ်ရပ်အတွက် မှန်သည်ဟုပဲ ထင်မှတ်ထားမိနေသည်။

## အခန်း ( ၂ )

"ဘာပြောတယ် ဒက်ဒီ ... သမီးက ဟိုဘက်ခြံက ကိုနှစ်သစ်ဦးနဲ့ လက်ထပ်ရမယ် ဟုတ်လား ..."

"ဟုတ်တယ် သမီး ..."

"ဟာ ... ဒက်ဒီကလည်း သမီးအိမ်ထောင်မပြုချင်သေးပါဘူး ... သမီး အကျင့်စရိုက်တွေနဲ့ ဖြစ်မယ်မထင်ပါဘူး ဒက်ဒီရာ"

လွှာ ငြင်းပစ်လိုက်မိသည်။ မဖြစ်နိုင်တာဘဲ ...

တော်ရုံယောက်ျားတစ်ယောက်ကို လွှာစိတ်တိုင်းကျမှာမဟုတ်။

"ဒက်ဒီဆန္ဒကို သမီးလိုက်လျောပါ ... မောင်နှစ်သစ်ဦးက ဒက်ဒီရွေးချယ်ထားတဲ့ သမက်လောင်းပဲ ... သမီးလက်ခံပါ ... သမီးရဲ့အကျင့်စရိုက်တွေကို ဒက်ဒီသိပေမဲ့ လက်ထပ်ဖို့တော့ သမီးငြင်းလို့မရဘူး ..."

"သမီးက ယောက်ျားတွေကို အထင်မကြီးဘူး ... သူတို့ရဲ့ ဇနီးမယားအဖြစ် ဝေယျာဝစ္စတွေလည်း လုပ်မပေးနိုင်ဘူး ဒက်ဒီ၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း တစ်ကိုယ်တည်းပဲ လွတ်လွတ်လပ်လပ်နေချင်တာပါ"

"ဒက်ဒီ့စကားတွေကို သမီးနားထောင်ရမယ် ... သမီးက ယိမ်းတော့တာပဲ ... ဒက်ဒီအဖြစ်ချင်ဆုံး ဆန္ဒပဲ ..."

ဒက်ဒီ ဘယ်လိုဖြစ်သွားတာလဲဆိုတာ နားမလည်နိုင်ပေ။

ဒေါ်နန်းနန်းမြိုင်နဲ့ ဒက်ဒီအဆက်အသွယ်မှ မရှိတာပဲ။ တစ်ခြံနဲ့တစ်ခြံ ကင်းကင်းနေကြသည်။

"ဒေါ်နန်းနန်းမြိုင်နဲ့ ဒက်ဒီ ခပ်ကင်းကင်းနေကြတာပဲ၊ ဘယ်လိုဖြစ်ရတာလဲ ဒက်ဒီ ..."

နန်းနန်းမြိုင် ... မင်းရင်ထဲက အငြိုးအတေးတွေကို ကိုယ်ဖြေဖျောက်ပေးချင်တာပါ။

အတိတ်က အဖြစ်တွေကြောင့် နန်းနန်းက သူ့ကို အမုန်းကြီး မုန်းပြီး အနာကြည်းကြီး နာကြည်းနေရသည်။

မိမိအပြစ်ပဲ။ နန်းနန်းနှင့် ချစ်သူတွေဖြစ်ပြီးမှ သမီးအဖေ မခင်သီနှင့် လက်ထပ်လိုက်သည်။

အိမ်က သဘောတူတာမဟုတ်။ နန်းနန်းနှင့် လူကြီးမိဘတွေက သဘောတူပြီး လက်ထပ်ဖို့ စီစဉ်ပြီးကာမှ သူကဖောက်ပြီး မခင်သီကို လက်ထပ်ခဲ့သည်။ အကြောင်းရှိ၏။ မခင်သီကိုလည်း ချစ်၍မဟုတ်။

သူငယ်ချင်းအိမ်မှာ အရက်မူးပြီး ညအိပ်ရာမှ ပြဿနာ ဖြစ်ရသည်။ မခင်သီနှင့် မထင်မှတ်ဘဲ မှားယွင်းမိရာမှ လက်ထပ်လိုက်ရ၏။





ကိုယ် ... ယောကျ်ားပီသပြရတာပါ။ နန်းနန်းကို ကိုယ်အရမ်းချစ်မိတာပါပဲ။ သစ္စာမဲ့ချင်၍ မဟုတ်။

"ရှင်အစောကြီးထဲက မခင်သီတို့အိမ်ကို သွားသွားနေတာပဲ၊ ကျွန်မကို ဘာဖြစ်လို့ အရှက်ခွဲရတာလဲ ... စော်စပ်ခဲ့ရတာလဲ၊ ရှင်သစ္စာမရှိတဲ့လူ ... လိမ်ညာ ကောက်ကျစ်တတ်တဲ့လူ၊ လက်ထပ်ပွဲအတွက် အားလုံးစီစဉ်ပြီးမှ ရှင်ဘာလို့ သစ္စာမဲ့ရတာလဲ"

မိမိ ရှင်းပြ၍မရ။ နန်းနန်းက လက်မခံပေ။ အရှက်ကြီး ရှက်သွားသည်။ နာကြည်းသွားရ၏။

"နန်းကို ကိုယ်တစ်နေ့ကျရင် ပေးဆပ်မှုတစ်ခုတော့ ပြန်ပေးဆပ်ရမှာပါပဲ ... နန်းဖြစ်ချင်တာတွေ ကိုယ်ဖြည့်ဆွမ်းပေးနိုင်မှာပါ"

သူ ... ပြောခဲ့သည်။ နန်းနန်းနှင့် သူ့အကြောင်း မခင်သီကလည်း သိနေ၏။

တစ်ခြံနှင့်တစ်ခြံ စိမ်းသွားကြသည်။

"ဘယ်တော့မှ ရှင့်ကိုအရှုံးမပေးဘူး ... ဒီကလည်း မပြောင်းဘူး၊ ရှင်တောင် မျက်နှာပြောင်တိုက်သေးတာပဲ ... ကျွန်မလည်း နေမယ်"

နန်းနန်းမြိုင်သည် သူ့ရှေ့မှာပင် ဒေါက်တာကောင်းစံဆိုသူနှင့် ကြီးကျယ်ခမ်းနားစွာ လက်ထပ်လိုက်သည်။

တကယ်တော့ ... ခံစားလိုက်ရသူက သူပါ။

နန်းနန်းကို ချစ်တဲ့စိတ်နှင့် ကြေကွဲမှုတွေကို ကြိတ်မှိတ်ခံစားလိုက်ရသည်။ မိမိ သမီးလေး မွေး၏။ နန်းနန်းက သားလေး မွေးသည်။

"ကိုမောင်မောင်နိုင် ရှင့်ဆီက ကျွန်မတစ်ခုလောက်တော့



www.burmeseclassic.com

www.burmeseclassic.com



တောင်းဆိုချင်တယ် ...”

နန်းနန်းဆီမှ ဖုန်းဆက်လာသည်။

“တောင်းဆိုပါ နန်းနန်း ... ကိုယ် ဘယ်လိုကိစ္စမျိုးမဆို အတတ်နိုင်ဆုံး ဖြည့်စွမ်းပေးပါ့မယ်”

“တခြားတော့ မဟုတ်ပါဘူး ... တစ်နေ့ကျရင် ရှင့်သမီးနဲ့ ကျွန်မသားကို လက်ထပ်ပေးဖို့ပါပဲ ... ကျွန်မနဲ့ ရှင် လက်ထပ်ပွဲ ပျက်ခဲ့ရတာကို မကျေပွဲလေးပေါ့”

နန်းနန်း ဘာကိုဆိုလိုချင်တာလဲဆိုတာ သူသိသည်။ လက်တုန့်ပြန်ဖို့ပဲ ဖြစ်၏။ အတိတ်က မကျေနပ်မှုတွေကို သမီးလေး အပေါ် လက်တုန့်ပြန်တော့မည်။

မင်း ... ဘယ်တော့မှ အခဲမကျေဘူးဆိုတာ ကိုယ်သိပါ တယ်။

“အခုထဲက ရှင့်ဆီကနေ တောင်းဆိုထားရတာလေ၊ ဘယ်လိုလဲ ... ရှင်လက်ခံတယ် မဟုတ်လား”

“လက်ခံပါတယ် နန်းနန်း ... ကိုယ်ပြောထားပြီးပြီပဲ ... မင်းရဲ့တောင်းဆိုမှုတွေအားလုံး ဘာမဆို ကိုယ်လိုက်လျောဖြည့်စွမ်း ပေးမယ်လို့လေ”

မိမိ သဘောတူခဲ့သည်။ မခင်သီပင် မကျေနပ်။

“ကိုမောင် ကျွန်မ သဘောမတူဘူး ... နန်းနန်းမြိုင်က ကျွန်မတို့ကို နာကြည်းနေတာပဲဟာ ... ကျွန်မ သမီးလေးကိုနှိပ်စက်မှာပဲ ... ကျွန်မ သမီးလေးမှာ အပြစ်မရှိပါဘူး ... ကျွန်မသမီးလေး တန်ဆာခံ ဖြစ်ရမလား”

ရင်ခွင်ပိုက်အရွယ်လေးမှာပင် နန်းနန်းမြိုင်က တံဆိပ်ရိုက်





တောင်းဆိုမှုတွေ ပြုလုပ်လာခြင်း ဖြစ်သည်။

“နန်းနန်းမြိုင်အပေါ်မှာ ကိုယ်တို့က မတရားလုပ်ခဲ့တာပဲ၊ [illegible]တရားဆိုတာ ရှိပါသေးတယ်ကွာ ...”

“ကျွန်မ သဘောမတူဘူး ... မကျေနပ်ရင် ကျွန်မကိုလာ သတ်ပါ၊ နန်းနန်းမြိုင်ကို မတရားလုပ်မိတာ သမီးလေးမှ မဟုတ် ဘာ”

“မရဘူး ... မခင်သီ ဒါ ... ငါရဲ့ ဆုံးဖြတ်ချက်ပဲ၊ သမီးကို ချစ်သူတွေဘာတွေမရှိအောင် ရှုပ်ရှုပ်ယှက်ယှက်တွေ ဘာမှရှိမနေ အောင် ထိန်းသိမ်းအုပ်ချုပ်ထားရလိမ့်မယ်”

နန်းနန်းမြိုင်ရဲ့ တောင်းဆိုမှုတွေကို ဖြည့်စွမ်းပေးတာ တရား နည်းလမ်းကျတယ်လို့ မိမိထင်မိသည်။ ဘာကိုမှ ဂရုမစိုက်နိုင်။ လက်ခံ သဘောတူလိုက်မိသည်။

မခင်သီ စိတ်သောကတွေခံစားပြီး ရောဂါဝေဒနာတွေ ခံစား ရသည်အထိပင်။

“ကျွန်မ သမီးလေးကို နှိပ်စက်မှာ ... စိတ်သောကတွေ ပျောက်အောင် အရက်ကွဲအောင်လုပ်မှာ ...”

မခင်သီစကားတွေကို မိမိ ဥပေက္ခာ ပြုထားခဲ့သည်။ မတတ် နိုင်ဘူး။ နန်းနန်းမြိုင် ဆန္ဒပဲ။

မခင်သီ ဆုံးသွားသည်။

နန်းနန်းမြိုင် အိမ်ထောင်ဖက်လည်း ဆုံးသွားခဲ့၏။

ဒါပေမဲ့ ... မိမိကို နန်းနန်းမြိုင်က အဆက်အဆံ မလုပ် ကင်း ရှောင်နေသည်။ သားနှင့်သမီးကိုလည်း ရင်းနှီးကျွမ်းဝင်မှုမရှိအောင်



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ပေးခဲ့။

နန်းနန်းမြိုင်ရဲ့ အကြံအစည်တွေကို မိမိသိထားပြီးသား ဖြစ်သည်။ သမီးကို စိတ်ညစ်အောင် လုပ်တာပါ။

"ရှင့်ကတိကို တည်အောင်ကြိုးစားပါနော် ... ကိုမောင် ... မောင်နိုင် ရှင်ယောကျ်ားပဲ ..."

တစ်နှစ်တစ်ကြိမ် သားနှင့်သမီးကို လက်ထပ်ပေးမယ့်ကိစ္စ ပြောသည်။

မခင်သီ စိတ်ချောက်ချားမယ်ဆိုရင်လည်း ချောက်ချားစရာပင်။ နန်းနန်းမြိုင်က အသံနှင့်နှိပ်စက်နေတော့သည်။

"ကိုယ်ကတိတည်ပါတယ် ယောကျ်ားပဲ ... မင်းကို လက်မထပ်ဖြစ်ရတာက ..."

စကားကို ဆုံးအောင် နားမထောင်ဘဲ ဖုန်းကိုချပစ်တတ်သည်။ ခက်နေ၏။ ရှင်းပြတာလည်း လက်မခံ။ နန်းနန်းမြိုင်က အရှက်အကြောက်ကြီးပြီး ဂုဏ်သိက္ခာကို ကြီးမားစွာ စောင့်ထိန်းတတ်သူ ဖြစ်နေသည်။ အငြိုးအတေး ကြီးနေ၏။

အခုအချိန်မှာတော့ ... သမီးကို သားနှင့်လက်ထပ်ပေးရန် အတိအလင်း တောင်းဆိုလာခဲ့သည်။

မိမိ ခေါင်းညိတ်လက်ခံခဲ့၏။ သဘောတူလိုက်၏။

သမီးက မာနကြီးပေမဲ့ လိမ်မာလွန်းသူဖြစ်သည်။ ဦးမောင်မောင်နိုင်ရဲ့ ထိန်းချုပ်မှုအောက်မှာ အပြစ်ကင်းစင်စွာ နေခဲ့၏။

"ဒက်ဒီ ..."

"ဟင် ..."





"သမီး ... ဒက်ဒီ့စကားတွေကို ဆန့်ကျင်တာ မဟုတ်ပေမယ့် နှစ်သစ်နဲ့ သမီးက တကယ့်ကိုစိမ်းနေကြတဲ့သူတွေပါ ..."

"နောက်တော့လည်း ရင်းနှီးသွားမှာပါ သမီးရယ် ... စိတ်မပူပါနဲ့ တချို့ဆိုရင် ... တစ်ကြိမ်တစ်ခါတောင် မြင်တွေ့ဖူးကြတဲ့သူတွေမှ မဟုတ်ကြတာဘဲ"

"ဒက်ဒီက သမီး ... ယောကျ်ားလေးမိတ်ဆွေ မထားရဘူး၊ ချစ်သူမထားရဘူးဆိုလို့ သမီးအမြဲတမ်း ထိန်းသိမ်းနေခဲ့ရတာ၊ ဒေါ်နန်းနန်းမြိုင်ရဲ့သားကို လက်ထပ်ဖို့လားဟင်"

သူမ ငယ်စဉ်က ဒက်ဒီနှင့်မာမီရန်ဖြစ်တိုင်း ဒေါ်နန်းနန်းမြိုင်ကြောင့်ပဲ ဖြစ်နေသည်။

အသက်ကြီးတော့ မာမီက ဒေါ်နန်းနန်းမြိုင်ဟာ သမီးဒက်ဒီ အချစ်ဆုံးမိန်းမတဲ့။

ဒေါ်နန်းနန်းမြိုင်ကြောင့် မာမီ စိတ်သောကရောက်ပြီး သေဆုံးရတာကို သူမသိထားပြီးသား ဖြစ်သည်။

ထို့ကြောင့်ပင် ... နှစ်သစ်ကိုတွေ့တိုင်း သူမမျက်နှာထားတင်းတင်းနှင့် နှုတ်မဆက်ဘဲ နေမိသည်။

သူမနှင့်တွေ့လျှင် နှစ်သစ်က ပြုံးပြတတ်၏။ ဒုက္ခပါပဲ။

အခုတော့ ...

သူမ လက်ထပ်ရမယ့်သူက နှစ်သစ်ဖြစ်နေသည်။

"နှစ်သစ်ကို သမီးလက်မထပ်ပါစေနဲ့နော် ... သူ့ကိုတွေ့ရင် အမြင်ကတ်ကတ်နဲ့ သမီးက နှုတ်မဆက်ဘဲ မျက်နှာထားတင်းတင်းနဲ့ နေပြခဲ့တာ ... သူကလည်း လှာ့ကို အမြင်ကတ်နေမှာပဲ"

"အရင်က ကိစ္စတွေကို မေ့ပစ်လိုက်စမ်းပါသမီး ... မောင်နှစ်



www.burmeseclassic.com

www.burmeseclassic.com



သစ်ဦးကလည်း လူတော်လူကောင်းတစ်ယောက်ပါ ... စီးပွားရေးလောကမှာလည်း အောင်မြင်နေတဲ့ လူတစ်ယောက်ပဲ ... ”

“သမီးနဲ့အရမ်းစိမ်းတာပဲ ဒက်ဒီရာ ... မဖြစ်ပါဘူး ... သမီးလက်မခံပါရစေနဲ့ ... ဒီဒေါ်နန်းနန်းမြိုင်ကလည်း မာမီရဲ့ ရန်သူတော်ကြီး ... ”

“သမီး ... ဒက်ဒီ့စကားကို နားမထောင်ချင်တာလား ... ဒက်ဒီတို့အနေနဲ့ နန်းနန်းမြိုင်အပေါ်သာ မတရားလုပ်ခဲ့ကြတာပါ အခု ... သမီးက ပေးဆပ်ဖို့ နာကြည်းမှုတွေပြေပျောက်သွားအောင် သမီးရဲ့မေတ္တာ စေတနာတွေနဲ့ ဈွမ်းဆောင်ပေးစေချင်လို့ပါ”

“ဒက်ဒီ ... ”

“ပြော ... ”

“ဒေါ်နန်းနန်းမြိုင်ကို ဒက်ဒီက ပြန်ပြီးလက်ထပ်မလို့လား”

“ဟင့်အင်း ... ဒက်ဒီမှာ အဲဒီအကြံအစည်မရှိပါဘူး၊ သမီးယုံပါ ... တစ်ခုပဲရှိတာက ... ဒက်ဒီကြောင့် နန်းနန်းမြိုင် အပျိုစင်ဘ၀က လူ့တောထဲမတိုးရဲအောင် အရှက်တကွဲဖြစ်ရတယ်၊ သမီးအမေရဲ့ ဖျားယောင်းသွေးဆောင်မှုကြောင့် ဒက်ဒီနဲ့နန်းနန်းမြိုင် လက်ထပ်ပွဲပျက်ခဲ့ရတယ် ... သူ နာကြည်းနေတာ အပြစ်မရှိပါဘူး သမီးရယ် ... ဒက်ဒီတို့က ပေးဆပ်ရမှာပါပဲ ... ”

“ဒေါ်နန်းနန်းမြိုင်က သမီးကို စိတ်သောကတွေရောက်အောင် လုပ်တော့မှာပဲ ဒက်ဒီ ... ”

အခုတောင် ... လွှာ အတော်လေး စိတ်သောကတွေရောက်နေပြီ။ နှစ်သစ်နှင့်သူမက ခြံချင်းကပ်နေပေမယ့် မခင်မင်ကြစိမ်းကြသည်။ လွှာကလည်း မာနတကြီးနှင့် နှစ်သစ်ကို မာထန်စွာ





ဆက်ဆံခဲ့မိ၏။

ဘုရားရေ ...

လွှာ ... နှစ်သစ်ကို လက်ထပ်ရမယ်တဲ့။ ဘာတွေဖြစ်ကုန်တာလဲ။ အိပ်မက်တွေလား။ လုံး၀ မထင်မှတ်မိတဲ့ကိစ္စပဲ။

လွှာ့ရဲ့အိမ်ထောင်ရေးက အစကတည်းက မကောင်းတော့ဘူးဆိုတာ သိနေသည်။ ဒေါ်နန်းနန်းမြိုင်ကို ယောက္ခမတော်ရမှာ လွှာ အကြောက်ကြီးကြောက်လာရ၏။

“နန်းနန်းမြိုင်က သမီးဒက်ဒီရဲ့ ငယ်ချစ်ဦးပဲ ... အချစ်ဆုံး မိန်းမလေ ... အဲဒီမိန်းမရဲ့ ရင်ထဲမှာက မာမီတို့မိသားစုအပေါ် မုန်းတီးနာကြည်းမှုတွေပဲ ကိန်းအောင်းနေတယ်”

မာမီပြောခဲ့တဲ့စကားတွေကို ကြားယောင်လာမိသည်။

အခုပဲ ... လွှာ့စိတ်တွေကို စတင်ထိုးနှက်မှုတွေ ဖြစ်လာရပြီပဲ။

“သမီး ... ”

“ရှင် ... ”

“ဘာမှ စိတ်မပူပါနဲ့ မေတ္တာပဲထားပါ ... အသွားအပြန်ဆိုတာ ရှိလာမှာပါ”

သမီးလေး စိတ်သောကရောက်ရပြီဆိုတာ မိမိသိလိုက်သည်။ အပြစ်မဲ့တဲ့ သမီးလေးပါ။

မိမိလည်း စိတ်သောကတွေ စတင်ခံစားလာရပြီဖြစ်သည်။ နန်းနန်းမြိုင် ဖြစ်စေချင်တာပဲ မဟုတ်လား။

“ဒီညနေ နန်းနန်းမြိုင်တို့ သားအမိ ဒီမှာညစာလာစားလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ် ... အစုလောက်ဆိုရင်တော့ ... နှစ်သစ်ကိုလည်း အသိပေးလောက်ပါပြီ"

လှိုာ စိတ်တွေပူလာရသည်။ အဆင်ပြေစရာတော့ မရှိပေ။ အတိတ်က ရန်ကြွေးတွေရှိခဲ့ကြသော မိသားစုနှစ်စု ပေါင်းဖက်ကြမှာပါ။

"သမီးလေ ဒက်ဒီ့ဆန္ဒတွေကို ဖြည့်ဆွမ်းပေးပါ ... အနစ်နာခံပေးပါ ... နန်းနန်းမြိုင်နဲ့ မောင်နှစ်သစ်ဦးတို့ရဲ့ အချစ်ကိုရယူပေးပါ"

ဒက်ဒီရဲ့ ကြေကွဲနေတဲ့ မျက်ဝန်းတွေနှင့် တောင်းဆိုမှုတွေကို လှိုာမကြည့်ရက်အောင် ဖြစ်လာရသည်။

လှိုာ ဘာလုပ်ရမလဲ။ ပေးဆပ်ရမှာလား။ ဒေါ်နန်းနန်းမြိုင်နှင့် နှစ်သစ်ကို ဘယ်လိုပြန်ချုပ်ကိုင်ရမလဲဆိုတာ စဉ်းစားနေမိသည်။

အခန်း ( ၃ )

"သမီးလေးနဲ့မောင်နှစ်သစ်ကတော့ တွေ့ကြုံဖူးနေကြပြီဆိုတော့ အထူးတလည် မိတ်ဆက်ပေးနေစရာမလိုတော့ဘူး ထင်ပါတယ်"

ဦးမောင်မောင်နိုင်က ထိန်းပြီး စကားကိုပြောနေရသည်။ ဒွိတ မလှပ။ ဟန်ဆောင်ဆက်ဆံနေကြတဲ့ လူတွေပဲဖြစ်နေသည်။

နန်းနန်းမြိုင်ကိုယ်တိုင်ပင် နှုတ်ခမ်းတွေပေါ်မှာ ဟန်ဆောင်အပြုံးတွေ တင်ထားပေမယ့် မျက်ဝန်းတွေက တင်းမာနေ၏။ အရာအားလုံး ဦးမောင်မောင်နိုင်သိသည်။ ထိန်းချုပ်နေရ၏။ သမီးလေးကလည်း မာမာပဲ။

"မင်းတို့နှစ်ယောက်က တကယ့်ကို ထူးခြားတဲ့ ဖူးစာဖက်တွေပဲလို့ ပြောရမှာပဲ ... "

အားလုံးက မချစ်မနှစ်သက်ကြဘဲ ပေါင်းဆုံဖို့ကြိုးစားခြင်းသာ။

နန်းနန်းမြိုင် ...

မင်းရော စိတ်ချမ်းသာလို့လား။ ကိုယ့်သမီးလေးမိတ်သော



www.burmeseclassic.com

www.burmeseclassic.com



ကရောက်မှ အရှက်သိက္ခာကျမှ မင်းပျော်မှာလား။

မင်းစိတ်ထဲမှာ စွဲမြဲနေတဲ့ မုန်းတီးနာကြည်းမှုတွေ ပြေပါ တော့။

အပြစ်မဲ့တဲ့ ကလေးနှစ်ယောက်ကို အသုံးချနေရပြီ။ မဖြစ် သင့်ဘူး။

သမီးကလည်း မိဘတွေရဲ့ ပဋိပက္ခကိုသိနေတော့ ဘယ်လို မှ မနှစ်သက်နိုင်ဘဲ စိတ်သောကတွေ ခံစားနေရတာ သိသည်။ ရင် တွေ ပူနေသည်။ နန်းနန်းမြိုင်ကတော့ မျက်နှာထားတည်တည်နှင့် ဖြစ်နေသည်။

"နန်းနန်းမြိုင်ပဲ သားရေး သမီးရေးကိစ္စကို ပြောရမှာပဲ ... သားရှင် မဟုတ်လား"

နန်းနန်းမြိုင်ရဲ့ အမူအရာတွေကတော့ အတိတ်ကဘာမှမဖြစ် ခဲ့သလိုပင်။ အေးစက်နေသည်။

မင်း ... ရက်စက်တော့မှာလား။ သမီးလေး ဘယ်လောက် အထိ စိတ်သောကတွေ ရောက်နေရမလဲဆိုတာ မိမိအသိဆုံးဖြစ်နေ သည်။

"နန်းနန်းမြိုင် ..."

"ပြောပါ ..."

"သမီးကို ကိုယ်ပြောပြီးပါပြီ ... သမီးက လက်ခံပါတယ်"

"ကျွန်မသားကလည်း လက်ခံပါတယ်လေ ... လိမ်မာရေး ခြားရှိပြီး ထူးချွန်ထက်မြက်တဲ့သားပါ"

ဟွန်း ...

လွှာကတော့ ထူးချွန်ထက်မြက်တဲ့သမီးပဲ။ ဒေါ်နန်းနန်းမြိုင်





ကို ယောက္ခမတော်ရမှာပင် ခပ်လန့်လန့် ဖြစ်နေရသည်။

ချစ်ခင်နှစ်သက်၍ မဟုတ်မှန်း လွှာကသိနေ၏။ မာမီပင် ထိုစိတ်နှင့်သေဆုံးသွားရတာ မဟုတ်လား။ ဒက်ဒီကြောင့်ပါ။

ခုထိ ... နှစ်သစ်ကို လွှာ လှည့်မကြည့်မိ။

စိတ်ထဲမှာတော့ နှစ်သစ်ကို မုန်းတီးနေမိသည်။ နင်က ငါ တို့ စိတ်သောကရောက်အောင် လုပ်မယ့်ယောက်ျားလား။

နှစ်သစ်နှင့်သူက သက်တူရွယ်တူပဲ။ ဘေးချင်းကပ် အိမ်နှစ် အိမ်မှာ အတူတူမွေးဖွားခဲ့ကြတာပဲ ဖြစ်သည်။ ဒါပေမဲ့ ...

တစ်ယောက်နှင့်တစ်ယောက် မခင်မင်ကြ။ မိခင်အကြောင်း ကို သိနေတဲ့လွှာကလည်း နှစ်သစ်ကို ခပ်တည်တည်ပဲ မာနနှင့် ဆက်ဆံခဲ့သည်။

ဒက်ဒီပြောသလိုပဲ ဖူးစာဖက်တွေဖြစ်ရတာတော့ အံ့ဩစရာ ပင်။

"ကျွန်မတို့ စေ့စပ်ပွဲကို တစ်ပတ်အတွင်းလုပ်ပြီး လက်ထပ် ပွဲကို တစ်လအတွင်း အကျဉ်းရုံး စီစဉ်ချင်တယ်"

စပြီ။ နန်းနန်းမြိုင်ရဲ့ ထိုးနှက်ချက်က စတင်ပြီဖြစ်သည်။

နှစ်ဖက်မိဘတွေ ဒီလောက်ချမ်းသာပြီး ဂုဏ်ဒြပ်တွေပြည့် နေတာတောင် သမီးမင်္ဂလာပွဲကို တခမ်းတနား မလုပ်ချင်တဲ့ သဘောဖြစ်သည်။

"ကျွန်မ ပွဲမတက်ချင်လို့ပါ ..."

"ရပါတယ်အန်တီ ... လွှာကလည်း အကျဉ်းရုံးတက်ကိုပဲ သဘောကျပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



လွှာလည်း ဒီလောက်တောင် နှိမ့်ချင်တာ အမြင်ကတ်ကတ်နှင့် ပြောလိုက်မိသည်။

လူကြီးတွေ ဖြစ်ခဲ့တဲ့ကိစ္စ လူငယ်တွေအထိ ထပ်ဆက်စရာ မရှိဟု ထင်မိ၏။ လွှာ ခံရမလား။ နှစ်သစ်ကတော့ ဘာမှမပြော။

ငြိမ်သက်တိတ်ဆိတ်စွာဖြင့် ထိုင်နေသည်။

"အဲဒါဆိုလည်း ကောင်းတာပေါ့လေ ... အိမ်ထောင်တစ်ခု တည်ဆောက်နိုင်ဖို့က အဓိကပဲ မဟုတ်လား ... လွှာ လက်ခံရင် ပြီးတာပါပဲ"

ဟုတ်တယ်။

ညည်းလိုကောင်မလေးမျိုးကို ကျုပ်သားနဲ့တခမ်းတနား လက်မထပ်ပေးနိုင်ပါဘူး။

ဒီမင်္ဂလာပွဲကိုတောင် ကျုပ်က လုံးဝလုပ်ချင်တာ မဟုတ်ဘူး။ နန်းနန်းမြိုင် လုပ်တာ မှန်တယ်။

ဘဝတစ်လျှောက်လုံး စိတ်သောကတွေ ခံစားရတာ ရှင့်သမီးလည်း ခံစားစေရမယ် ကိုမောင်မောင်နိုင်။

အခု ... ရှင် စိတ်သောကရောက်နေပြီပဲ။ ကိုယ်ချင်းစာတတ်အောင်ပါ။

ကျွန်မ အပျိုစင်ဘဝကို အမဲစက်ထင်စေခဲ့တဲ့ ရှင့်ကို နည်းနည်းတော့ ပညာပေးရမှာပဲ။

"နန်းနန်းမြိုင် စိတ်ချမ်းသာသလိုလုပ်ပါ ... ကိုယ်ကတော့ အားလုံးလက်ခံပါတယ် ... "

ရှင်က တကယ့်ကိုပေးဆပ်သူကြီးတစ်ယောက် ဖြစ်နေပါ



သား။ ကျွန်မ ကျေနပ်တဲ့အထိပေါ့။ ဘယ်တော့မှ ကျေနပ်မှာမဟုတ်ဘူး။

ရှင့်သမီး စိတ်သောကတွေရောက်အောင် တတိတိညှင်းဆဲပြမယ်။ နန်းနန်းမြိုင် အလုပ်ချင်ဆုံးဆန္ဒတွေပဲ။ တရားတာ မတရားတာ မသိဘူး။ သားကလည်း နန်းနန်းမြိုင်အမိန့်ကို နာခံလိုက်ရပေမယ့် စိတ်သောကတွေ ခံစားနေရမှာပဲ။

ဘာဖြစ်လဲ ... အရှုံးမရှိပါဘူး။ သားက ယောကျ်ားပဲ။

"ထမင်းစားကြပါဦး ... ကိုယ်က အိမ်ရှင်မ မရှိတော့ ဖွယ်ရှယ်ရာရာတော့ မရှိပါဘူး နန်းနန်းမြိုင် ... "

ဒက်ဒီ ပျော်နေတာလား။ အာသွက်လျှာသွက်နှင့် ဒက်ဒီကြည့်ရတာ ရွှင်လန်းတက်ကြွနေသည်။

"ဟိုဘက်ခြံက နန်းနန်းမြိုင်က ညည်းအဖေရဲ့ချစ်ဦးသူလေ အရမ်းချစ်တာပါ ... အမေကတော့ အိမ်ထောင်သက်တမ်းတစ်လျှောက်လုံး စိတ်သောကတွေ ခံစားနေတာပါ ... သမီးလေးရယ်"

လွှာ ... အံသွားလေးတွေကို တင်းကျပ်စွာဖြင့် ဖိကိုက်ထားမိသည်။

"တစ်နေ့ကျရင် သမီးဒက်ဒီရဲ့စကားတွေကို သမီးနာခံလိုက်ပါလွှာ ... "

မာမီက မှာခဲ့သည်။

ဒက်ဒီက ငယ်ချစ်ဦးအတွက် ပေးဆပ်တာကတော့ အဓိပ္ပာယ် မရှိဘူးဟု လွှာ့စိတ်ထဲမှာ ထင်နေမိသည်။

မပြောသာ ... ဒက်ဒီ့ဆန္ဒ ဖြစ်နေသည်။

"အားလုံး ပျော်ပျော်ပါးပါး စားကြပါ ... မိတ်ဆွေရင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဆုံတဲ့ပွဲလေးပေါ့ ... "

ထမင်းဝိုင်းမှာ ဒက်ဒီ့အသံတွေက အသွက်လက်ဆုံးဖြစ်နေသည်။ ဒေါ်နန်းနန်းမြိုင်ကတော့ ခပ်တည်တည်ကြီးဖြစ်နေ၏။ နှစ်သစ်က ငြိမ်သက်နေသည်။

နင် ... ငါ့ကို မချစ်ဘူးမဟုတ်လား။ မာနကြီးတဲ့ ခပ်ဆွာဆွာ ကောင်မလေးတစ်ယောက်အဖြစ် အမြင်ကတ်နေတာပဲ ထင်တယ်။ ဒေါ်နန်းနန်းမြိုင်က လှသွာ့မာနကို ရိုက်ချိုးပစ်ဖို့ ကြိုးစည်တာပဲ။ တစ်သက်လုံး စိတ်သောကတွေရောက်စေဖို့ ကြိုးစည်အားထုတ်မှာပဲ မဟုတ်လား။ လှွာ သိနေသည်။

ဘယ်လိုပြန်ပြီး ပညာပေးရမလဲဆိုတာ လှွာစဉ်းစားနေမိ၏။

"စားနော် နန်းနန်းမြိုင် ... သား စားလေ"

"ဟုတ်ကဲ့ ... "

နှစ်သစ်က ကျောက်ရုပ်။ စိတ်မပါသလို အေးစက်စက်ကြီး ထိုင်နေတာကို အမြင်ကတ်စရာကောင်းသည်။ နင့်အမေ အမိန့်သြဇာကို မလွန်ဆန်ရဲလို့ မဟုတ်လား နှစ်သစ်။

အချစ်မရှိတဲ့ အိမ်ထောင်ရေးပဲ။ လှွာကတော့ စိတ်ညစ်မခံဘူး။ ပျော်ပျော်ပဲ ရင်ဆိုင်မယ်။ ဒေါ်နန်းနန်းမြိုင်ပဲ စိတ်သောကတွေရောက်စေရမှာပါ။

လှွာ့အမေ စိတ်သောကတွေ ခံစားသေဆုံးသွားရတာပါ။

ဒက်ဒီက နည်းနည်းမှ မကြြင်နာဘူး။ မာမီ့အပေါ် ရက်စက်သလို ဖြစ်နေရသည်။

"အန့်တီ သုံးဆောင်ပါနော် ... နှစ်သစ် စားနော်"

အမြင်ကတ်ပြီး သူမ စိတ်မညစ်ကြောင်း ပြသလိုက်မိသည်။





ခင်းပွဲက အေးစက်စက် ထမင်းပွဲ ဖြစ်နေ၏။ ဒေါ်နန်းနန်းမြိုင်က န့်ဆောင်နေပေမယ့် အသက်မပါ။

နှစ်သစ်က အေးစက်နေသည်။ တစ်ခွန်းတစ်လေမျှပင် ဝင် တ်ပြောဆိုခြင်း မပြုပေ။

"ကိုမောင်မောင်နိုင် ... "

"ပြောပါ ... နန်းနန်း ... "

"ဈေးစပ်ပွဲတွေ ဘာတွေ လုပ်မနေပါနဲ့တော့ ... အလုပ်ရှုပ် တယ်၊ အိမ်မှာ မင်္ဂလာဦးဆွမ်းကျွေးပြီး ရုံးတက်လက်မှတ်ထိုးကြ ယ်လေ"

"နန်း နှစ်သက်သဘောကျသလို စီစဉ်ပါ ... "

ဒက်ဒီကလည်း နန်းသဘောချည်းပဲ။ သမီးက ဟင်းရွက်ကန် န်းရွက်လား။ မကျေနပ်။

ဒက်ဒီ့ကိုလည်း စိတ်အနှောင့်အယှက် မဖြစ်စေလို၍ မပြော ဘူး။ ညစာ စားပြီး ပြန်သွားသည်။

"သမီး"

"ရှင် ... ဒက်ဒီ"

"နန်းနန်းမြိုင်ကို မရိုမသေ မဆက်ဆံနဲ့နော် ... "

"ဒေါ်နန်းနန်းမြိုင်က တမင်သက်သက်လှွာ့ကို ပညာရှိနှိပ် က်ချင်တာပါ ဒက်ဒီ ... "

"မေတ္တာဆိုတာ အသွားအပြန်တော့ရှိပါတယ် သမီးရယ်"

"သမီးကို ဟင်းရွက်ကန်စွန်းရွက်လို သဘောထားနေပြီး က်ဆံနေတာပဲ ... ရပါတယ် ... သမီးကလည်း ပျော်ပျော်ပဲ ရင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လိုက်မှာ ... ”

“သမီး နန်းနန်းမြိုင်ရဲ့ အမုန်းတွေကို ပြေပျောက်သွားအောင် လုပ်ပေးပါကွယ် ... ဒက်ဒီတောင်းပန်ပါတယ် ... နန်းနန်းမြိုင် အခု လိုဖြစ်ရတာ ဒက်ဒီနဲ့သမီး မာမီတို့ကြောင့်ပါ ... ”

“ဒက်ဒီကတော့ ဒက်ဒီ့ငယ်ချစ်ဦးဆိုတော့ ... ”

“သမီး ... ”

သမီးရဲ့ ခံစားချက်တွေကို ဦးမောင်မောင်လွင် သိနေသည်။ အပြစ်မဲ့တဲ့ သမီးလေးပါ။ နန်းနန်းမြိုင်ရဲ့ စိတ်ထဲက အမုန်းတွေကို ပြေပျောက်ချင်သည်။

“ဒက်ဒီ့ဆန္ဒတွေကို သမီးအတတ်နိုင်ဆုံး ဖြည့်စွမ်းပေးစမ်းပါ”

“သမီးကတော့ ... သမီးအပေါ် မတရားလုပ်တာလို့ ထင် တာပဲ”

“သမီး ... ”

“သမီးကတော့ ဒက်ဒီစိတ်ချမ်းသာမှုပဲ လုပ်ပေးမှာပါ”

“လိမ်မာလိုက်တဲ့သမီးလေးရယ် ... ဒက်ဒီ စိတ်ချမ်းသာပါရ စေ ... ”

သမီးလေး ... နန်းနန်းမြိုင်ရဲ့ နှိပ်စက်ခြင်းကို ခံရမည်ဖြစ် သည်။

“မေတ္တာဆိုတာ အသွားအပြန်ရှိပါတယ် သမီးလေးရယ် ... တစ်နေ့ကျရင် နန်းနန်းမြိုင် သူ့လုပ်ရပ်တွေအတွက် နောင်တရမှာပါ”

မောင်နှစ်သစ်ကလည်း သမီးလေးကို ချစ်ခင်ပုံမရပေ။

စိတ်ပူစရာပဲ။ လောလောဆယ်တော့ အိမ်ထောင်ရေး





...တွေကို သမီးလေး ခံစားရမှာပဲ။ မတတ်နိုင်ဘူးလေ။

နန်းနန်းမြိုင် ဆန္ဒပဲ။ ကိုယ်ဖြည့်စွမ်းပေးတာပါ နန်းနန်းမြိုင် ...ယ် ...

“သမီးလေး ... ”

“ရှင် ... ”

“နန်းနန်းမြိုင်အပေါ် သမီးလေး ချွေးမကောင်းဖြစ်အောင် ...စားစေချင်တယ် ... ”

ဒေါ်နန်းနန်းမြိုင်ရဲ့ မျက်ဝန်းအကြည့်တွေကို လွှာကြောက်မိ ...ည်။ တင်းမာခက်ထန်နေ၏။ အငြိုးအတေးကြီးမားပုံပင်။ လွှာ့ကို ...ယ်အထိများ လက်တုံ့ပြန်မှာလဲ။

“သမီးလေးက လိမ်မာပါတယ် ... မောင်နှစ်သစ်အပေါ် ...ည်း အိမ်ထောင်ရှင်မဖြစ်အောင် ကြိုးစားပါ ... ”

“သမီးက တစ်ဖက်သတ် အနိမ့်ခံရမှာလားဒက်ဒီ”

“ခဏလေးပါ သမီးရယ် ... နောက်ဆို သမီးလေးအပေါ် ...ယောခဉ်တွေ တွယ်ငြိလာမှာပါ”

လွှာကတော့ အဓိပ္ပါယ်မဲ့တဲ့အလုပ်တွေ အားမပေးနိုင်ဘူး။ နှစ်သစ် ... နင် ဘယ်လောက်အထိ ခံနိုင်မလဲ။ စောင့်ကြည့် ...သေးတာပေါ့။

“ဒက်ဒီ”

“ဟင်”

“သမီးတစ်ခုလောက် မေးချင်တယ်”

“မေးလေ သမီး ... ”

“ဒေါ်နန်းနန်းမြိုင်ကို လက်ထပ်ဖို့ ဒက်ဒီကြိုးစားမှာလား



www.burmeseclassic.com

www.burmeseclassic.com



ဟင်"

သမီးကို ကြည့်မိသည်။ နန်းနန်းနှင့်ပြန်ဆုံဖို့ဆိုတာ မိမိရဲ့ အကြီးမားဆုံးဆန္ဒပါပဲ။

မဖြစ်နိုင်ပေ။ ဆန္ဒပဲရှိတာပါ။ သမီးနှင့်ပတ်သက်လာပြီဆို တော့ မိမိစောင့်ထိန်းသင့်တာတွေကို စောင့်ထိန်းရမည်ပဲ ဖြစ်သည်။

"ဖြေလေ ဒက်ဒီ ..."

"မဖြစ်နိုင်ပါဘူး ... နန်းနန်းမြိုင်ကလည်း ဒက်ဒီကို မုန်းတီး နေတာပါ ... စိတ်ချပါသမီးရယ် ... သမီးအမေကလွဲပြီး ဒက်ဒီ မိန်းမနောက်တစ်ယောက် မရှိစေရပါဘူး ..."

"ဒက်ဒီ တကယ်ပြောတာလား ... တကယ်လားဟင်"

သမီး ကျေနပ်အောင်ပဲ ပြောလိုက်မိသည်။

☺ ☺ ☺

## အခန်း ( ၄ )

"မာမီ ..."

"ဟင် ..."

"ဒီလုပ်ရပ်ကြီးက မလုပ်သင့်ဘူးလို့ သားထင်တယ်"

"နှစ်သစ် ..."

"ဗျာ ... မာမီ"

"မာမီပြောပြီးပြီ ... မင်းက ငြင်းချင်လို့လား ..."

မချစ်မနှစ်သက်တဲ့ မိန်းမတစ်ယောက်ကို နှစ်သက် လက် ထပ်လိုပေ။

မာမီက ဇွတ်အတင်းစေခိုင်းနေသည်။

"မာမီ စိတ်ပင်ပန်း လူပင်ပန်းဖြစ်မှာပဲ သားစိတ်ပူတာပါ"

"မာမီ့ဘဝတစ်လျှောက်လုံးမှာ မာမီအလုပ်ချင်ဆုံးဆန္ဒပဲ သား ... သေရင်တောင် သေပျော်ပါပြီ ..."

မခင်သီ ... နင် ငါ့ချစ်သူကို လုပ်ခဲ့တယ်။ ယောကျ်ားတစ် ယောက်ရဲ့ စွန့်ပစ်ထားမှုတွေကို ခံရတဲ့ မိန်းမအဖြစ် အရှက်သိက္ခာ ကျသွားအောင် နင်လုပ်ခဲ့တယ်။



www.burmeseclassic.com

[illegible] နှင့်သမီးကို နင့်ကိုယ်စား ပေးဆပ်စေရမယ်။ [illegible] စိတ်သောကတွေ နင့်သမီး ခံစားစေရမယ်။ အံ့သွားတွေကို [illegible] စိကိုက်ထားမိသည်။

"လွှာ့ကို မင်းမချစ်ဘူးလား ..."

"မချစ်ဘူးမာမီ ... အရမ်းမောက်မာတယ် ... တစ်လောက လုံး လုပ်ကျွေးနေရတဲ့ မျက်နှာမျိုးလေ ..."

"ကောင်းတယ် ... လွှာ့ကို သားမချစ်တာကောင်းတယ်"

လွှာ့ကို သားက စိတ်ချမ်းသာအောင် ထားစရာမလိုတော့ဘူးလေ။

"လက်ထပ်ပြီးရင် ... အဲဒီမိန်းကလေး ငြိမ်ဝပ်ပိပြားနေအောင် သားချုပ်ကိုင်ထားနိုင်ရမယ် ..."

လွှာတို့မိသားစုနှင့်မာမီ ကြီးမားတဲ့ ပြဿနာတွေဖြစ်နေပုံပင်။ ဘာမှမပြော။ လွှာ့ကို လက်စားချေချင်တာလား။

"ဒီမိန်းကလေးကိုသိပ်ပြီး တစ်ခမ်းတနား ဆက်ဆံနေစရာမလိုပါဘူးသားရယ် ... ခပ်နှိမ်နှိမ်ဆက်ဆံ ..."

"မာမီ ..."

"ပြော ..."

"သားကတော့ မချစ်မနှစ်သက်တဲ့ မိန်းမတစ်ယောက်နဲ့ လက်ထပ်ဖို့ ဝန်လေးနေမိသလိုပဲ ..."

"ယောကျ်ားကောင်း မောင်းမတစ်ထောင်တဲ့ ... လွှာနဲ့ လက်ထပ်ပြီး သားကယောကျ်ားပဲ ... ပျော်သလိုနေ လွတ်လပ်သလိုနေနိုင်တယ်"





"မာမီက ..."

"မင်း စောဒကမတက်ပါနဲ့သား ... မာမီ ကတဲ့ဓာတ်မှာ ခင်ကူညီသရုပ်ဆောင်ပေးစမ်းပါ"

မာမီ့လုပ်ရပ်တွေကို နားမလည်နိုင်ဘဲ ဖြစ်နေသည်။

ဘာတွေလုပ်နေတာလဲ။

လွှာ ... မင်းကို ငါမချစ်ဘူး။ အမြင်ကတ်တယ်။ လူတွေကို တော့မတန်သလို ဆက်ဆံတတ်တဲ့ မင်းအကျင့်စရိုက်တွေကို ငါအမြင် ကတ်ဆုံးပဲ။

ဒါပေမဲ့ ... မင်းကို လက်ထပ်ရမယ်တဲ့။ စိတ်သောကတွေ ရောက်အောင် ငါက လုပ်ဆောင်ပေးရမယ်တဲ့။

မာမီ ဘာတွေလုပ်နေလဲ။ မစဉ်းစားတတ်တော့ဘူးကွာ။ ဒီကို သတိရနေမိသည်။ သူနှင့် တရင်းတနှီး ခင်မင်သံယောဇဉ် တွယ်ရသူက အိပဲ။

"မင်းချစ်သူထားစရာ မလိုဘူးနော်သား ... တစ်နေ့ကျရင် မာမီရွေးချယ်ပေးတဲ့ သတို့သမီးလောင်းကို မင်းလက်ထပ်ရလိမ့်မယ်"

မာမီက ထိုစကားနှင့်တားမြစ်ထား၍ အိကို ရည်းစားစကား ဆင် မပြောခဲ့။

လွှာ့ထက်စာရင် အိကမှ သူ့အိမ်ထောင်ရေးကို သာယာ ပျော်ရွှင်ပြုံးမှုရှိအောင် ဖန်တီးနိုင်ဦးမည်။

ဘာတွေလဲ ... စိတ်ပျက်စရာ။ တစ်ဖက်ခြံက လွှာနှင့်သူ ဘယ်တော့မှ အကျော်မတည့်ခဲ့ပေ။

လူပုံအလယ်မှာ သူပြုံးပြနှုတ်ဆက်တာကို ခပ်တည်တည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေပြီး ချာခနဲ လှည့်ထွက်သွားသည်။

သူ ... အရှက်ကွဲရသည်။ ခြိမ်းနားချင်းဖြစ်၍ မျက်နှာချင်းဆိုင်တွေ့လို့ နှုတ်ဆက်တာပါ။

အဲဒီထဲက တိမ်လွှာဖြူဆိုတဲ့ မိန်းမကို သူအမြင်ကတ်သွားရသည်။

ဘယ်တော့မှ နှုတ်မဆက်တော့။ အကျော့မတည့်တဲ့ နှ... ယောက်က လက်ထပ်ရမှာတဲ့။

"မာမီလည်း ဦးမောင်မောင်နိုင်ကို မကျေနပ်ဘူးမဟုတ်လား"

"အင်း ... "

"ဒါနဲ့များ ... "

"အဲဒီ မကျေနပ်ချက်ကြောင့်ပဲလေ ... မာမို့ကို သူတို့ေ... ဆပ်ရမယ့်အကြွေးရှိတယ်လေ ... အဲဒီအကြွေးကို မာမီတောင်းတ... ပဲ"

"လွှာက တစ်လောကလုံးကို ဂရုမစိုက်ဘဲ မာရေကျော... နေတတ်တဲ့ မိန်းမတစ်ယောက်နော် မာမီ ... "

"ဘာဖြစ်လဲ"

"တော်ကြာ ... လွှာက စိတ်သောကမရောက်ဘဲ သား... မာမီပဲ စိတ်သောကတွေ ခံစားရလိမ့်မယ်ထင်တယ် မာမီရယ်"

"မင်း ယောက်ျားတစ်ယောက် မဟုတ်ဘူးလား ... မင်... ပျော်သလိုနေလို့ မာမီပြောထားပြီးပြီပဲ ... "

သူကတော့ အဲဒီလိုလုပ်တာ ယောက်ျားမပီသဟု ထင်... သည်။





မချစ်မနှစ်သက်တဲ့ မိန်းကလေးတစ်ယောက်ကို လက်ထပ်ပြီး နှိပ်စက်တာမျိုးလည်း မဖြစ်စေချင်ပေ။

"သား ... မာမို့ဆန္ဒကို လိုက်လျောစမ်းပါ ... လွှာ့ကို မာမီ သက်အောက်ခံ ပြားပြားဝပ်နေရတဲ့ ချွေးမတစ်ယောက်ဖြစ်စေရမယ်"

မာမို့မျက်ဝန်းတွေထဲမှာ ဒေါသတွေနှင့် မုန်တိုင်းထန်နေသည်။ အတိတ်က အငြိုးအတေးတွေ အတော်လေးကြီးမားခဲ့ပုံပင်။

ဘာမှ ဖွင့်မပြော။ လွှာ့မိဘတွေနှင့် မာမီ အငြိုးအတေးတွေ ရှိတာတော့ သေချာနေသည်။

သူ ... ယောက်ျားမပီသတဲ့ အလုပ်ကို မလုပ်လို။ မာမီက ပြောမရ။

"မာမို့သားကို မာမီ စိတ်ဒုက္ခရောက်အောင် ညှင်းပန်းနှိပ်စက်တာတော့ မဟုတ်ပါဘူး ... မာမီအဖြစ်ချင်ဆုံးဆန္ဒတွေကို ထောက်ရှုပြီး အကောင်အထည်ဖော်ပေးပါလား သားရယ် ... "

မာမီက ကြေကွဲရိပ်တွေနှင့် တောင်းပန်စကားပြောနေသည်။

သူ ... အံ့ဩရသည်။

မာမီသည် တည်ကြည်ခန့်ညားစွာဖြင့် သိက္ခာကြီးမားစွာ နေခဲ့သူဖြစ်၏။

တစ်ဖက်ခြိကိုပင် အဖက်လုပ်တာမျိုးပင် မရှိခဲ့ပေ။ အခုမှ ထူးထူးဆန်းဆန်း ... လွှာနှင့်လက်ထပ်ပါတဲ့။

ဦးမောင်မောင်နိုင်ကလည်း အလွယ်တကူ လက်ခံခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မာမီက သူ့ကိုမပြောချင်တဲ့ အတိတ်ကအကြောင်းတွေ ရှိရမည်။

"မင်း ဘာမှစောဒက တက်စရာမလိုဘူးနော်သား ... လွှား ကို မင်းလက်ထပ်ရမယ်၊ မာမီ ကတဲ့ဇာတ်မှာ မင်းဘယ်နေရာက မဆို ပါဝင်ကပြစမ်းပါ ... "

မာမီက ခပ်ပြတ်ပြတ်ပြောပြီး အနားက ထွက်သွားတော့ သည်။ သွားပြီ ... ဘယ်လိုမှ ပြောလို့မရဘူးဆိုတာ သူသိလိုက်ပြီ ဖြစ်သည်။

'မတတ်နိုင်ဘူး။

မာမှီဆန္ဒပဲ ...

ငါနဲ့လက်ထပ်ရင်တော့ နင်စိတ်သောကရောက်ရမှာပဲလွှား ဘာဖြစ်လို့လဲဆိုတော့ ... နင့်လိုမိန်းမတစ်ယောက်ကို ငါဘယ်တော့ မှ ချစ်လာမှာမဟုတ်လို့ဘဲ။

အိ ... မိန်းကလေးပီသတယ်။ သူ့အပေါ်လည်း သံယောဇဉ် ကြီးမားတဲ့ မိန်းကလေး။

တစ်နေ့နေ့ ... အိကို သူလက်ထပ်မည်ဟု စိတ်ထဲမှာရည်မှန်း ထားသူ။ အခြေအနေအရ ... လွှာ့ကိုပဲ သူလက်ထပ်ရတော့မည် ဖြစ်သည်။

အခန်း ( ၅ )

"နှစ်သစ် ... "

"ဟင် ... "

"ရှင် ဘာတွေစိတ်ညစ်နေလဲ ... "

အိက မေးနေသည်။

သူ ... စိတ်ညစ်နေသည်။

လောလောဆယ် လွှာက စိတ်သောကမရောက်ဘဲ သူက စိတ်သောကရောက်နေရ၏။

မာမီက လွှာ့ကို စိတ်ညစ်စေချင်တာ။

"ဘာတွေစိတ်ညစ်စရာတွေ ရှိနေလို့လဲဟင် ... အိကိုပြော လေ ... "

အိကို ဘယ်လိုပြောရမလဲ။

တစ်ယောက်ကိုတစ်ယောက် တစ်နေ့နေ့မှာ လက်ထပ်ကြ မို့ စိတ်ကူးထဲမှာ ရည်မှန်းထားကြသူတွေ ဖြစ်သည်။

"နှစ်သစ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



“ပြောလေ ... ရှင် တော်တော်ထူးဆန်းနေတာပါလား၊ တစ်ခါမှ ဒီလိုဖြစ်နေတာမျိုးတွေ မကြုံဖူးပါဘူး ... ဘာဖြစ်နေတာလဲ၊ အိကို ပြောပြစမ်းပါ ...”

အိကို မလွှဲမသွေ ပြောပြရဖို့ပဲ ဖြစ်နေသည်။ မပြောလို့ မဖြစ်ဘူး။

“အိ ...”

“ဟင် ...”

“ကိုယ် လက်ထပ်ရတော့မယ် ...”

“ဟင် ... ဘယ်သူနဲ့လဲဟင် ...”

အိ ထိတ်ထိတ်ပျာပျာနှင့် မေးနေသည်။ တော်သေးတာက အိကိုချစ်စကား မပြောရသေး၍ဖြစ်သည်။

“ကိုယ့်မာမီ ရွေးချယ်ပေးတဲ့ မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်မှာ ...”

“နှစ်သစ်မာမီက နှစ်သစ်အိမ်ထောင်ရေးကိုပါ ရွေးချယ်ပေးတာပဲလား”

အိ အံ့သြသွားရသည်။ နှစ်သစ်နှင့်အိ နှစ်ပေါင်းများစွာ ခင်မင်သံယောဇဉ် တွယ်လာကြတာပါ။

“အိ”

“ဟင်”

“တိမ်လွှာဖြူတဲ့ ... ကိုယ် ဘယ်လိုမှငြင်းဆန်လို့မရတဲ့ကိစ္စပဲ ...”

“နှစ်သစ် ...”

“ပြော ...”





“အဲဒီမိန်းကလေးကို ရှင်မချစ်ဘူးလား၊ လက်မထပ်ချင်ဘူးလား”

“ဟုတ်တယ် အိ ... ကိုယ် မချစ်ဘူး၊ ကိုယ်အမြင်ကတ်ဆုံးမိန်းကလေးပဲ ...”

“ဟင် ...”

“မာမီက ကိုယ့်ကို အဲဒီမိန်းကလေးနဲ့ မလွှဲမသွေ လက်ထပ်ရမယ်တဲ့”

“နှစ်သစ် ... ဘယ်လိုသဘောလဲ၊ အဲဒါ တကယ်ပဲလားဟင် အဲဒီ အိနဲ့နှစ်သစ်တို့ ခင်မင်မှုပါ ပျက်ပျယ်သွားရပြီပေါ့ ...”

“မဆိုင်ပါဘူး ... ကိုယ်တို့က မိတ်ဆွေတွေပဲ ဘာဖြစ်လဲအိ အရင်ကအတိုင်း ခင်ခင်မင်မင်နေကြမယ် ...”

“ဖြစ်ပါ့မလား နှစ်သစ် ...”

“ဘာဖြစ်လို့ မဖြစ်ရမှာလဲ ... ကိုယ့်ကို ဘယ်သူမှတားဆီးချုပ်ချယ်ပိုင်ခွင့် မရှိဘူး ...”

မာမီကိုယ်တိုင်က ဒီလိုပဲ နေခွင့်ပြုထားတာပဲ မဟုတ်လား။

“သားချစ်တဲ့ မိန်းကလေးနဲ့လည်း ပတ်သက်ဆက်ဆံခွင့်ရှိပါတယ် ... သားပျော်သလိုနေနိုင်ခွင့်ရှိတာပဲ ...”

မာမီ့စကားတွေက သူ့အတွက် အခွင့်အရေးတွေ အများကြီးပေးနေခဲ့တာပဲ ဖြစ်သည်။

လွှာ့ကို မချစ်ဘူး။ အိကိုတော့ သူ့စိတ်ထဲမှာ ချစ်မိနေသည်။ ဖွင့်ပြောတော့မလို့ဘဲ။ မာမီက တစ်နေ့ကျရင် မာမီရွေးချယ်ပေးတဲ့ သတို့သမီးနဲ့ သားလက်ထပ်ရမယ်ဆိုတဲ့စကားကြောင့် ချစ်သူရည်းစား မထားရဲ။



www.burmeseclassic.com

www.burmeseclassic.com



အိနှင့်သူ ချစ်သူတွေမဖြစ်ခဲ့။

"ကိုယ် ... လွှာ့ကိုလက်မထပ်ချင်ဘဲ လက်ထပ်ရမှာပဲအိ၊ မတတ်နိုင်ဘူး ... ကိုယ့်မာမီက လွှာ့ကိုပဲ သတို့သမီးအဖြစ် ရွေးချယ်ခဲ့တယ်"

အိတို့တော့ ဝေးကြပြီပဲဖြစ်သည်။ နှစ်သစ်နှင့်အိ လက်ထပ်ဖို့အထိ ရည်ရွယ်ထားပြီးပြီ ဖြစ်၏။

"နှစ်သစ်"

"ဟင် ..."

"ဘာပဲဖြစ်ဖြစ် နှစ်သစ်အမေ ဆန္ဒအတိုင်းပဲ ဖြည့်စွမ်းပေးလိုက်ပါ"

အိသည် မိန်းကလေးပီသသော မိန်းကလေးတစ်ယောက်သာ ဖြစ်သည်။

မိန်းကလေးတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ အရည်အချင်းတွေရှိတဲ့ မိန်းကလေးတစ်ယောက်ပါ။

"လွှာဆိုတဲ့ မိန်းကလေးနဲ့ ကျွန်မကို မိတ်ဆက်ပေးပါဦးနော်"

"ကိုယ်တို့ လက်ထပ်ပွဲကို အကျဉ်းရုံးပြီး စီစဉ်မယ်အိ"

"ဟင် ... ဘာဖြစ်လို့လဲ နှစ်ဖက်မိဘတွေ ဒီလောက်ချမ်းသာနေတာ ဘာဖြစ်လို့ မင်္ဂလာပွဲကို အကြီးအကျယ် မလုပ်ရတာလဲ နှစ်သစ် ..."

"မာမီက ပွဲမတက်ချင်လို့တဲ့လေ ..."

"နှစ်သစ်က တစ်ဦးတည်းသောသားပဲ ... အန်တီနန်းအနေ





နဲ့ *မင်္ဂလာပွဲကိုတော့ ကြီးကြီးကျယ်ကျယ်လုပ်ပေးသင့်ပါတယ်"*

"မာမီ့ဆန္ဒပဲလေ ... ဘယ်တတ်နိုင်မလဲ ... ကိုယ့်မာမီက ပွဲတက်ဖို့အတွက် ကြောက်နေတယ် ... မာမီ အိမ်ထဲမှာပဲနေတာ ကြာပြီပဲ ..."

"နှစ်သစ်မာမီက အရမ်းကို ကြီးကျယ်ခမ်းနားတဲ့မိန်းမတစ်ယောက်ပဲ ... ဘာဖြစ်လို့ ပွဲမတက်ချင်ရတာလဲဟင်"

"မာမီဆန္ဒပဲလေ ... ကိုယ့်ကို အစောကြီးထဲက မာမီရွေးချယ်ပေးတဲ့ မိန်းမကို လက်ထပ်ရမယ်လို့ ပြောထားတာပဲ"

"နှစ်သစ်ရယ် ..."

နှစ်သစ်ရဲ့ အေးစက်နေတဲ့ မျက်ဝန်းတွေထဲမှာ သောကတွေ ဝေဝါးနေရသည်။

"နှစ်သစ်နဲ့အိ ... ခင်မင်မှုတွေ အဆုံးသတ်ရတော့မယ်ထင်တယ်"

"အဆုံးသတ်စရာ မလိုပါဘူးအိ ... ကိုယ်တို့က မိတ်ဆွေပဲ"

"အိ ... နှစ်သစ်ကို ဒီညတစ်ခုခုကျွေးချင်တယ် ..."

"ရတယ်လေအိ ... ကိုယ်လည်း အိမ်မပြန်ချင်သေးဘူး၊ ဟို မိန်းမအိမ်သွားရဦးမယ်လေ"

"ဒါဆိုလည်း နှစ်သစ်သွားလေ ... ဟိုမိန်းကလေးနဲ့မျက်နှာပျက်စရာတွေ ဖြစ်နေဦးမယ်"

"ရတယ်အိ ... ကိစ္စမရှိပါဘူး ... ကိုယ်က သိပ်ပြီးပတ်သက်ချင်တာ မဟုတ်ဘူး"

သူ ... လွှာနှင့်မတွေ့ချင်။ အချိန်တွေဖြုန်းဖို့ အငြိမ်မှာပဲ နေချင်သည်။ အိနှင့်စားသောက်ဆိုင်ကို ရောက်လာခဲ့ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"အိက အိမ်မှာချက်ပြုတ်ကျွေးမွေးချင်တာပါ ... နှစ်သစ်ကို အိမ်ခေါ်သွားလို့ မဖြစ်ဘူးလေ ..."

"ဘာဖြစ်လို့လဲအိ ..."

"ပတ်ဝန်းကျင်က ရှိသေးတယ်မဟုတ်လား ... တခြားသူတွေ ပြောစရာဖြစ်အောင်တော့ အိမလုပ်သင့်ဘူးထင်တယ်"

"အိ ..."

"ဟင်"

"ကိုယ်တို့ခင်မင်မှုတွေကိုတော့ အဆုံးရှုံးမခံနိုင်ဘူး၊ လွှာ့ကို လက်ထပ်လည်း အိက ကိုယ့်ရဲ့အခင်မင်ဆုံးမိတ်ဆွေပါ"

"အိက မိန်းကလေးပီသပြီး အပြစ်ဆိုလို့ မြူမှုန်လေးတစ်မှုန်လောက် အမဲစက်လေး တစ်စက်လောက်တောင် မရှိချင်တဲ့ မိန်းကလေးပဲ ... နှစ်သစ်ကို အိမ်ထောင်ရှင်တစ်ယောက်နဲ့တော့ လုံးဝ မတွဲတော့ဘူး"

"ဒါ ... နှစ်သစ်လူလွတ်ဘဝနဲ့ ရှိနေတုန်းတွဲတာလေ ... ကြိုက်တာ မှာစားနော်နှစ်သစ် ... အိကျွေးမယ် ..."

သူ ... စိတ်မကောင်း ဖြစ်မိသည်။ ဒီလိုမိန်းကလေးတစ်ယောက်နဲ့ ဘာဖြစ်လို့ လက်ထပ်ခွင့်မရတာလဲ။

သူ့အပေါ် နားလည်ဆုံး မိန်းကလေးတစ်ယောက်ပဲဖြစ်သည်။

"အိ ..."

"ဟင် ..."

"ကိုယ် လက်ထပ်ပြီးလည်း ကိုယ့်အပေါ် မစိမ်းပါနဲ့အိရယ် နော် ..."





"နှစ်သစ် ... ဘာဖြစ်လို့လဲ အိမ်ထောင်ရှင် ယောက်ျားဖြစ်သွားရင် ကိုယ့်ဇနီးမယားအထင်လွဲစေမယ့် အပြုအမူတွေကို ရှောင်ရှားသင့်ပါတယ် ..."

"ကိုယ် စိတ်သောကတွေရောက်တဲ့အခါ အိမ်ထောင်ရေး အဆင်မပြေမှုတွေရှိလာတဲ့အခါ ကိုယ့်အရင်းနှီးဆုံး ရင်ဖွင့်စရာက အိရှိတယ်လေ ... အားပေးနှစ်သိမ့်မှုပေးနိုင်တာလည်း အိပဲမဟုတ်လား"

အိနှင့်နှစ်သစ် စကားတွေ ပြောနေကြတုန်း ဆိုင်ထဲသို့ လွှာနှင့် သူငယ်ချင်းနှစ်ယောက် ဝင်လာသည်။

သူ ... မျက်လုံးပြူးသွားရသည်။

ဒါပေမဲ့ ... ဟန်မပျက်။

မာမီကိုယ်တိုင်က လွှာစိတ်သောကရောက်အောင် လုပ်ဖို့ ဆန္ဒရှိတယ် မဟုတ်လား။

"မာမီ့သားပျော်သလိုနေ ... ဘာမှ စိတ်ချုပ်တည်းထားစရာ မလိုဘူး"

လွှာ့အကြည့်တွေက သူ့ထံ ဆတ်ခနဲရောက်လာသည်။

မာထန်နေ၏။

သူနှင့်ကပ်လျက်ဝိုင်းမှာ လာပြီးထိုင်ကြသည်။

"ဩော် ... နှစ်သစ် ... နင်ကအတွဲနဲ့ကိုး ... မိတ်ဆက်ပေးဦး ဘယ်သူလဲ ..."

လွှာ ... ရဲတင်းစွာ ပြောလာသည်။

နှစ်သစ်ပင် မျက်နှာပူထူသွားပြီး ဘာလုပ်ရမှန်းမသိ ဖြစ်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"နင် ဘာတွေလာပြောနေတာလဲလွှာ ... ဒါ ... ငါ့သူငယ်ချင်း အိတဲ့ ... မိတ်ဆွေပါ ..."

"အို ... ဆောရီးနော် ... ကျွန်မက နှစ်သစ်ကိုနောက်ချင်လို့ပါ တောင်းပန်ပါတယ်နော် ..."

"ရပါတယ် ..."

နှစ်သစ်နှင့် လက်ထပ်မယ့် မိန်းကလေးလွှာဆိုတာ သိလိုက်သည်။ ပေါ်တင် လာချွတ်နေတာပါ။ ဘယ်လိုမိန်းကလေးလဲ။

"ထိုင်ကြနော် ..."

ပြောပြီး သူငယ်ချင်းနှင့်စကားပြောရင်း ရယ်မောစားသောက်နေသည်။

အိ မျက်နှာပူနေမိ၏။ ရှက်လိုက်တာ ... အိကို ရှုပ်ပွေတဲ့ မိန်းကလေးတစ်ယောက်လို့ ထင်သွားရင် ဒုက္ခပါပဲ။

"အိ ..."

"ဟင်"

"ဘာမှမဖြစ်နဲ့ ... အဲဒါ ကိုယ်နဲ့လက်ထပ်မယ့်လွှာပဲ ... ခပ်မာမာ ကျော့ကျော့ မိန်းကလေးတစ်ယောက်လေ ..."

"အိတို့ပြန်ကြစို့နော် နှစ်သစ် ... လွှာက အိကို အထင်သေးလိမ့်မယ် ... အိ မျက်နှာပူလိုက်တာ ..."

"ဘာဆိုင်လဲ ... သူတောင် မျက်နှာမပူတာ၊ ကိုယ်တို့က လက်ထပ်ထားကြတာမှ မဟုတ်တာဘဲ"

နှစ်သစ် တမင်အိနဲ့တွဲပြီး ထိုင်နေမိသည်။ လွှာလည်း ထိုင်နေ၏။ ဘာမှ ခံစားမှုမရှိသလို မျက်နှာမျိုးနှင့် ဖြစ်သည်။ မာမီက





ခံစားစေချင်တာ။ နှစ်သစ်ကြောင့် စိတ်သောကတွေ ခံစားစေချင်တာပါ။

"လွှာ့ကို သိပ်အရေးမစိုက်နဲ့အိ ... ကိုယ်တို့က ချစ်လို့မြတ်နိုးလို့ လက်ထပ်ကြတာမှ မဟုတ်တာဘဲ ... အိ စားလေ ..."

"မျိုချလို့တောင် မရတော့ဘူး နှစ်သစ်ရာ ... ရင်ဝမှာ ပြည့်နေတယ်"

"အိ ... မင်းအဲဒီလို စိတ်မပျော့နဲ့လေ ... လွှာ့ကိုကြည့်စမ်း ဘာမှမဖြစ်သလို စားသောက်နေလိုက်တာ ..."

"နှစ်သစ်နဲ့ တကယ်ပဲဝေးကွာသွားရတော့မယ် ထင်တယ်နော်"

အိ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပင် ပြည့်လာရသည်။ နှစ်သစ်အပေါ် အိ မျှော်လင့်ချက်တွေ အများကြီးထားခဲ့တာပါ။

"အိ မငိုလိုက်နဲ့ဦးနော် ... လွှာဆိုတဲ့ မိန်းကလေးအရမ်းချော်သွားဦးမယ် ... လွှာ့ကိုမလွှဲသာလို့ ကိုယ်လက်ထပ်လိုက်ရပေမယ့် အိနဲ့ခင်မင်မှုက ပြောင်းလဲသွားမှာ မဟုတ်ပါဘူး"

"အိကပတ်ဝန်းကျင်က တီးတိုးပြောဆိုမှာ အရမ်းကြောက်တာပဲ"

"ဘာမှကြောက်စရာ မလိုဘူးအိ ... ကိုယ်တို့က မဟုတ်တာလုပ်ကြတာမှ မဟုတ်တာဘဲ"

ပြောသာ ပြောရသည်။ သူ့စိတ်ထဲမှာ မလုံမလဲတော့ ဖြစ်မိသည်။ မျက်နှာပူမိ၏။ ဘာဖြစ်လို့ အဲဒီလိုဖြစ်နေရတာလဲ။

မခံစားဘူး။ လွှာ့ကြောင့် ခံစားရင် ရှုံးတာပဲ။

ကြည့်ပါဦး ... အေးအေးဆေးဆေးပင် စားသောက်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထမသွားပေ။

သူ ထသွားလျှင် လွှာ့ကို အရှုံးပေးရာရောက်တော့မည်။

ဆက်ထိုင်နေလိုက်သည်။ လွှာ မထမချင်း ထိုင်နေဖို့လည်း ဆုံးဖြတ်ထားမိ၏။ မင်းကိုတော့ အရှုံးမပေးဘူးလွှာ။ ငါ့ကို လက်မထပ်ဘူးလို့ မင်းအဖေဆီမှာ ငြင်းတယ်။

သူ ...

ဆက်ထိုင်နေမိသည်။

အခန်း ( ၆ )

ဟွန်း ...

တော်တော်မျက်နှာပြောင်တဲ့လူ။

ကြည့်စမ်း ...

မိန်းမတစ်ယောက်နဲ့ အကြည်စိုက်ပြီး ထိုင်နေလိုက်တာ။

ဒါ ... ဒေါ်နန်းနန်းမြိုင်ရဲ့ ထိုးနှက်ချက်ပဲဖြစ်မယ်။ ကျွန်မမှာ ...ပြစ်ရှိလို့လဲ။

မိဘတွေရဲ့ကိစ္စက ကျွန်မနဲ့ဘာဆိုင်လို့လဲ။

လွှာ မကျေနပ်မိ။

တမင်ထိုင်နေတာ။

သူကလည်း မထ။ ဟိုမိန်းကလေးက နှစ်သစ်ရဲ့ချစ်သူများ ... လွှာပေပြီး ထိုင်နေမိသည်။

"လွှာ ..."

"ဟင် ..."

"ဟိုလူက ရှင်တို့မြို့ချင်းကပ်က နှစ်သစ်မဟုတ်လား ..."



www.burmeseclassic.com

www.burmeseclassic.com



“အင်း ... ”

“အတွဲနဲ့ပါလား ... ”

နှစ်သစ်နှင့်သူမ လက်ထပ်မယ်ဆိုတာကို ဝေမသိ။

ဝေက လှသွာရဲ့အချစ်ဆုံး အရင်းနှီးဆုံး သူငယ်ချင်းဆိုပေမယ့် နှစ်သစ်နှင့်လက်ထပ်မယ်ဆိုတဲ့အကြောင်း မပြောလိုပေ။

စိတ်မပါလို့ပါ။

ဒက်ဒီက အတင်းအကျပ်စီစဉ်နေ၍ လှသွာ လက်ခံရခြင်းဖြစ်သည်။ တစ်လအတွင်း လက်ထပ်ရမယ်တဲ့။

တကယ့်ကို စိတ်ပျက်စရာကောင်းတဲ့ အိမ်ထောင်တစ်ခုပဲ။

မကြာခင် ... လက်ထပ်ရမယ့်လူနှစ်ယောက်က စိမ်းလွန်းနေသည်။

ဟိုလူက ချစ်သူနဲ့တောင် တွဲနေသေးတယ်။ လှသွာမှာချစ်သူ တစ်ယောက်တစ်လေပင် မရှိ။ ရှင့်ကို ရွံတွဲပြတယ်။

ဒက်ဒီက သူမငယ်စဉ်ကတည်းက ယောက်ျားလေးတွေနှင့် ပတ်သက် ဆက်ဆံခွင့်မပေးပေ။

ချစ်သူ ရည်းစား မထားရ။

တင်းကျပ်ခဲ့သည်။

ဒက်ဒီငယ်ချစ်ဟောင်းကို ပေးဆပ်ဖို့ အကြံအစည်တွေပဲ လှသွာ မပြောသာ။ ရင်ထဲမှာ မကျေမနပ်နှင့် တင်းတင်းကျပ်ကျပ်ကြီး ဖြစ်နေသည်။

“လှသွာ ... ”

“ဟင် ... ”



“ရှင် ... ဘာတွေစဉ်းစားနေတာလဲ ... ”

“ဟင့်အင်း ... ”

“နှစ်သစ်နဲ့တွဲနေတဲ့ အမျိုးသမီးက တို့ရပ်ကွက်ထဲမှာနေတာ”

“ဟင် ... ဟုတ်လား ... ”

“ဏ္ဍမြေတော့ရှိတယ်ဟ ... အိအိတဲ့ မိဘတွေကလည်း ပိုက်ဆံရှိတယ်”

မဆိုးပါဘူး။ ရုပ်ရည်လည်းရှိတယ်။ အဲဒီမိန်းမကို ရှင်ချစ်တာ ဟုတ်လား။

ကျွန်မကို နှိပ်စက်ဖို့လေ။

ရှင့်အမေရဲ့ ညွှန်ကြားချက်တွေဆိုတာ ကျွန်မသိပါတယ်။

မုန်းလိုက်တာ။

အထင်မကြီးဘူး။

ကျွန်မက စိတ်ညစ်နေမယ် ထင်လို့လား။ မညစ်ဘူး။

ရှင့်ကြောင့် ကျွန်မ ဘယ်တော့မှ စိတ်ညစ်မှာ မဟုတ်ဘူး နော်။

ဝေးသေးတယ်။

ရှင့်အမေရဲ့ လက်တုန့်ပြန်မှုကို ကျွန်မက လည်စင်းခံမယ် ထင်နေ့။

ရှမ်းခေါက်ဆွဲစားနေရင်းက ပါးစပ်ထဲမှာ အရသာမရှိဖြစ်နေသည်။ မြိုချမရ။

ဒုက္ခပါပဲ။

မစ်စားပါနဲ့ဆိုမှ ... မကျေနပ်ချက်တွေက ရင်ထဲမှာ တ



www.burmeseclassic.com

www.burmeseclassic.com



လိုက်လိုက် တက်နေသည်။

အနိုင်ဘယ်လိုယူရမလဲ။ အရှုံးတော့ မပေးဘူး။

"အိအိဆိုတဲ့ အမျိုးသမီးကလည်း ချစ်သူတွေ ဝိုင်းဝိုင်းလည်နေတာနော် ... နှစ်သစ်ကလည်း ဖျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်"

"အဲဒီအကြောင်းတွေ မပြောနဲ့တော့ကွာ"

သူမ ...

အော်လိုက်မိသည်။

ဝေက တအံ့တသြနဲ့ ကြည့်၏။

"ဘာဖြစ်ရတာလဲဟ ... "

"နှစ်သစ်ဆိုတဲ့လူကို အမြင်ကတ်လို့ ... "

"လွှာ ... "

"ဟင် ... "

"ငါ စဉ်းစားမိတာ တစ်ခုရှိတယ် ... "

"ဘာလဲ ... "

"နင်နဲ့နှစ်သစ် ခြံချင်းကပ်နေပြီး နင့်ကိုဘာလို့ စိတ်မဝင်စားရတာလဲ ... "

"နင်ကလည်း အစိပ္ပါယ်မရှိတာ ... ကျုပ်က နှစ်သစ်ရဲ့ အဖက်မလုပ်တာ ... ယောက်ျားလေးတွေနဲ့ ပတ်သက်ဆက်ဆံတာ ကိုလည်း ကျုပ်အဖေက လက်မခံတာဘဲ ... "

"အင်း ... ဒါတော့ ဟုတ်တယ်"

"ကျုပ်က တော်ရုံယောက်ျားတွေကို အထင်မကြီးတာ"

"နှစ်သစ်က ဖျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်နော် ... ရှင်ကြည့်စမ်း



ရုပ်ရော ငွေကြေးရော ... ပညာရော လုပ်ငန်းအောင်မြင်မှုရော"

"တော်စမ်းပါဟာ ... "

"ထုံးစံအတိုင်း ရှင်က အထင်မကြီးဟန်ဆောင်တော့မယ် မဟုတ်လား ... "

နှစ်သစ် ...

ရှင့်ကို ကျွန်မ အထင်မကြီးဘူး။

လုပ်ပြမနေနဲ့။

ကြည့်လေ ...

အိအိဆိုတဲ့ အမျိုးသမီးကို တယုတယနှင့် လုပ်နေသည်။

တကယ်ဆို ... လွှာ့ကို သနားသင့်ပါတယ်။

ထသွားပေါ့။ မသွားဘူး

ဘယ်လောက် ဒေါသဖြစ်ဖို့ကောင်းလဲ။

"လွှာ ... "

"ဟင် ... "

"စားလေ ... "

"အင်း ... "

"သွားမယ်လေဟာ ... ကျုပ်အိမ်ကို စောစောပြန်လာမယ်လို့ ပြောခဲ့လို့ ... "

"လွှာ မပြန်ချင်သေးဘူးဟာ ... ဒီမှာ ထိုင်ရတာ အရမ်းစိတ်ချမ်းသာလို့ပါ ... "

"ရှင်က တစ်မျိုး ... ကျုပ်ကို အနှောင့်အယှက်ပေးတာ မဟုတ်လား ... ကျုပ်စောစောပြန်မယ်ဆိုလို့ ရှင် ... လာလန့်တာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား”

သူမ ...

တမင် ထိုင်နေတာပါ။

နှစ်သစ်ဆိုတဲ့ လူမသွားမချင်း ပေထိုင်နေချင်တာပါ။ မထသေးဘူး။ စားစရာတွေ တစ်ခုပြီးတစ်ခု မှာပြီး ထိုင်စားနေသည်။

အမြင်ကတ်လိုက်တာနော်။

ကျွန်မကို လုံးဝအရေးစိုက်စရာမလိုဘူးလို့ ရှင့်အမေက မှာထားတာ မဟုတ်လား။

“လွှာ ...”

“ဟင် ...”

“သွားမယ်ဟာ ...”

“နေပါဦး ...”

“ကျုပ် ဒီနေ့အိမ်ကို အစောကြီးပြန်ရမယ် ... ဧည့်သည်တွေ ရှိလို့ ...”

“ဒါဆို ရှင်ပြန် ... ကျုပ်ကတော့ ဆက်ပြီးထိုင်ရမှာပဲ”

“လွှာ ...”

“ပြန်လေ ...”

“ရှင်တစ်ယောက်တည်း ...”

“ရပါတယ် ... ကျုပ်က အမြဲတမ်းတစ်ယောက်တည်း သွားလာနေကျလေ ...”

“ပြန်ပါဟာ ... ဒီစားသောက်ဆိုင်ကြီးမှာ ထိုင်နေလို့ ဘာအကျိုးရှိမှာလဲ ...”



“ကျုပ်ထိုင်ချင်လို့ပါ ... ဝေပြန်နှင့် ...”

“ရလား”

“အင်း ...”

“ဒါဆို ဝေပြန်မယ် ... ရှင် ဒီနေ့ဘာဖြစ်နေတာလဲ ... ရှုံးကြောင်မှုံးကြောင်နဲ့ ...”

ဝေ ထသွားသည်။

လွှာ မထ။

အရှုံးမပေးဘူး။

ရှင် ထသွားပေါ့။

ကျွန်မက ရှင်နဲ့လက်ထပ်မဲ့ မိန်းကလေးဆိုတာတောင် ရှင်က ထည့်မစဉ်းစားတော့ဘူးလားဟင်။

ရှမ်းခေါက်ဆွဲ နောက်တစ်ပွဲထပ်မှာလိုက်သည်။ အအေးလည်း ထပ်မှာ၏။

မထဘူး။

သူမ ... သူ့ကိုထားခဲ့ပြီး ထွက်သွားရမှာ စဉ်းစားနေသလို ဖြစ်နေရသည်။

လွှာ ...

ညည်း ပျော့ညံ့နေပြီလား။

ဘယ်လိုဖြစ်ရတာလဲ။

မကျေမနပ်နှင့် လွှာတစ်ယောက်တည်း ဆက်ထိုင်နေမိသည်။

နှစ်သစ်ကလည်း လွှာအရွဲ့တိုက်ပြီး ထိုင်နေတာ သိ၏။



www.burmeseclassic.com

www.burmeseclassic.com



အရွှံ့မပေးတာ မဟုတ်လား။ မင်းက မာမာကျောကျော မိန်းကလေးတစ်ယောက်ပဲ။

ငါ ...

အရွှံ့ပေးလို့ မဖြစ်ပါဘူး။

ဒီမိန်းမကို အနိုင်ရအောင် ကြိုးစားထားနိုင်မှ ...

တော်ကြာ ...

တိမ်လွှာဖြူ စိတ်သောကမရောက်ဘဲ သူ့ပဲရောက်ရမှာ။

"နှစ်သစ်"

"ဟင်"

"ရှင်နဲ့လက်ထပ်မယ့် မိန်းကလေးတစ်ယောက်ရှေ့မှာ ကျွန်မနဲ့ တွဲထိုင်နေလို့ မသင့်တော်ပါဘူး ... "

"ဘာဖြစ်လဲ ... ကိုယ်နဲ့တိမ်လွှာဖြူက လက်ထပ်ရသေးတာမှ မဟုတ်တာဘဲ ... "

"ရှင် တမင်ရွဲ့နေတာလား ... "

"အို ... မင်း ဘာဖြစ်လို့ ဒီလောက်တောင် အရေးစိုက်နေတာလဲ ... ကိုယ် ဘာမဟုတ်တာမှ မလုပ်ဘူး ... လွှာနဲ့လက်ထပ်ရသေးတာလည်း မဟုတ်ဘူး"

"ရှင်နဲ့လက်ထပ်တော့မှာပဲဟာ ... "

"ထားလိုက်ပါ"

"အဲဒီလို မလုပ်သင့်ဘူးလေ နှစ်သစ် ... မိန်းကလေးရင်မှာ အရမ်းခံစားနေရမယ်လေ ... "

"အို ... "





"ဟင် ... "

"ကိုယ့်ကိုခင်တယ် မဟုတ်လား"

"အင်း ... "

"ကိုယ်နဲ့ ခဏလေးထိုင်ပေးပါ ... တိမ်လွှာဖြူက ကိုယ့်ကို ရှုပြီး မထတာလေ"

"ကောင်းပါ့မလား နှစ်သစ်ရယ် ... တော်ကြာ အိအကဲ့ရဲ့ခံနေရပါဦးမယ်"

အိသည် လူမြှေသိက္ခာကြီးမားတဲ့ မိန်းကလေးတစ်ယောက်ဖြစ်သည်။ နှစ်သစ်ကို သံယောဇဉ်တွယ်နေပေမယ့် မြူဆွယ်ဖြားယောင်းတာတွေ ဘာတွေမရှိခဲ့။

မိန်းကလေးပီသတဲ့ မိန်းကလေးတစ်ယောက်ပဲ ဖြစ်သည်။

"နှစ်သစ် ... ရှင် သူ့ကိုရွဲ့ပြနေတာလား ... "

"အရွှံ့မပေးတာ ... "

"ရှင်တို့နှစ်ယောက်က မာနတွေပြိုင်နေကြတာကိုး ... "

အိကတော့ မိန်းကလေးချင်း ကိုယ်ချင်းစာသူ ဖြစ်သည်။

နှစ်သစ်ကိုကြိတ်ပြီး ချစ်နေမိပေမယ့် ဘယ်တော့မှ ဖြားယောင်းမြူဆွယ်မှု မရှိခဲ့။

လူမြှေသိက္ခာ ကြီးမားစွာနေခဲ့သည်။

သူမ ...

နှစ်သစ်နဲ့ဝေးကွာသွားရတော့မယ်ဆိုတဲ့အသိနှင့် အိ စိတ်ထဲမှာ ဆွေးမြေ့ကြေကွဲမှုတွေ ခံစားနေရသည်။

"အို ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

"စားလေ ..."

"တော်ပါပြီ ..."

"တိမ်လွှာဖြူနဲ့ကိုယ်က လက်မထပ်လို့ မဖြစ်တဲ့အကြောင်းအရာတွေ ရှိလို့ပါ ... ဒါတွေက ဘာမှစိတ်ဝင်စားစရာမရှိပါဘူး။ အိကိုတော့ ကိုယ်အခင်မင်မပျက်ချင်ဘူး ... ကိုယ် စိတ်ညစ်ရင် အိကိုပဲ ရင်ဖွင့်ရမှာလေ ... အိက ကိုယ့်ကိုအားပေးပါ ..."

ရှင်က ကျွန်မကို အစားထိုးခုတုန်းလုပ်တာလား နှစ်သစ်ရယ်။ အိရင်ထဲမှာလည်း ခံစားနေရပါတယ်။

နှစ်သစ်နဲ့ ပတ်သက်ဆက်နွယ်နေမှုတွေကို မရပ်သင့်ပါဘူး။

တိမ်လွှာဖြူကတော့ ထိုင်နေမိ၏။

"နှစ်သစ်"

"ဟင် ..."

"မိန်းကလေးတစ်ယောက်နဲ့ ယှဉ်ပြိုင်မနေပါနဲ့တော့ ... ရှင်က ယောကျ်ားပဲ၊ လွှာ့ကို စိတ်သောကရောက်အောင် မလုပ်စေချင်ဘူး"

"တိမ်လွှာဖြူက ကိုယ်နဲ့ပတ်သက်ပြီး ဘာခံစားချက်မှ ရှိမှာမဟုတ်ပါဘူး အိ ..."

"ရှိမှာပေါ့ ... မိန်းကလေးပဲ၊ သဘာဝကိုက နှလုံးသားပျော့ညံ့တယ်လေ ..."

"မထင်ပါနဲ့ အိ ... ဒီမိန်းကလေးက စိတ်ဓာတ်အရမ်းမာကျောတာလေ ..."





မာမီက လွှာ့ကို လျော့တွက်ပြီး သူနှင့်လက်ထပ်ပေးပြီး အမြဲတမ်း မကျေနပ်မှုတွေ ပြည့်နှက်နေတဲ့ မာမီ့နှလုံးသားကို အစားထိုးကုသဖို့ ကြံစည်တာပဲ။

လွှာက ကြေကွဲမှုတွေ ခံစားနေလိမ့်မယ်လို့ မထင်မိပေ။ အရွဲ့တောင် တိုက်ပြဦးမယ်။ မာမီနဲ့သူပဲ စိတ်သောကတွေ ခံစားကြမှာလား။

လွှာ ...

ဆက်ထိုင်နေသည်။ ဘာကိုမှ ဂရုမစိုက်။

မျက်နှာပေါ်မှာ စိတ်သောကအရိပ်အယောင်ပင် မရှိခဲ့။

"နှစ်သစ် ..."

"ဟင် ..."

"ရှင် ရွဲ့နေတာကို အိလုံးဝ သည်းမခံနိုင်တော့ဘူးနော် ... စားသောက်ဆိုင်မှာ လူတောင်ရှင်းနေပြီ ... ကျွန်မ ပြန်တော့မှဖြစ်တော့မယ်"

အိသည် အရှက်အကြောက်ကြီးတဲ့ မိန်းကလေးဖြစ်၍ စားသောက်ဆိုင်မှာ ဆက်မထိုင်ချင်တော့ပေ။

ထလိုက်သည်။

နှစ်သစ်လည်း ဆက်ပြီး မရွဲ့နိုင်တော့ဘဲ ထလိုက်ရ၏။

"လွှာ့ကို နှုတ်ဆက်လိုက်ဦးလေ ..."

"ရပါတယ် ..."

"နှစ်သစ် ..."

"ကိုယ်တို့ကိစ္စနဲ့ ကိုယ်တို့ပါ သွားစို့ ... အိ ..."



www.burmeseclassic.com

www.burmeseclassic.com



လှသူ့ကို နှုတ်မဆက်မိ။

တမင် ထားခဲ့တာ။

မင်းကိုတော့ ငါဘယ်နည်းနဲ့မှ အလှျှုမပေးနိုင်ဘူး တိမ်

လှသာဖြူ။

နှစ်သစ်စိတ်ထဲမှာ နည်းနည်းတော့ ခုတုတု ဖြစ်သွားရသည်

## န်း ( ၇ )

လှသာ ထလိုက်သည်။

နှစ်သစ် နှုတ်ဆက်စကားပင် ပြောမသွားတာ ဒေါသဖြစ်ရ၏။

တမင်လုပ်တာ ...

ကျွန်မကို အဖက်မတန်သလို လုပ်ပြသွားတာ မဟုတ်လား။

ရှင် ... သိမယ်။

လုံးဝ မကျေနပ်ဘူး။

အလကားလူ ...

မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ဖို့ စိတ်မပါဘဲ လက်ခံ

ယောက်ျားမဟုတ်ဘူး။

လှသာလည်း ငြင်းပစ်ချင်မိသည်။

ဒက်ဒီကြောင့်ပါ။

အသက်အရွယ်ကြီးရင့်နေပြီဖြစ်တဲ့ ဒက်ဒီ့ကို စိတ်အနှောင့်

ှက် မဖြစ်စေလို၍ ဖြစ်သည်။

သမီး လိမ်မာပြချင်တာပါ။

အပြစ်မရှိတဲ့ လှသူ့ကိုမှ ဒေါ်နန်းနန်းမြိုင်က လက်တွဲပြန်ချင်



www.burmeseclassic.com

www.burmeseclassic.com



ရတာလဲ။

အခု ...

နှစ်သစ်ကို သူမ နိုင်တာလား။ ရှုံးနေတာလား။

အိဆိုတဲ့ မိန်းကလေးထလို့ ရှင်ထတာမဟုတ်လား။

ဆိုင်ထဲမှာ လူတစ်ယောက်မှ မရှိတော့ဘဲ မောင်းထုတ်ခံရ
တဲ့အထိ ရှင်က ကျွန်မကို အနိုင်ယူဖို့ ကြိုးစားမှာပဲ။

လွှာ့စိတ်ထဲမှာ လေးလံနေသည်။

အရင်ကလို ...

ပေါ့ပါးသွက်လက်တဲ့ စိတ်တွေရှိမနေတော့ပေ။

မကျေနပ်မှုတွေနှင့် မွန်းကြပ်ကြပ်ကြီး ဖြစ်နေရသည်။

ကားပေါ် တက်လိုက်၏။

ရင်ထဲမှာ တနုံ့နုံ့ ဖြစ်နေသည်။

ရှင့်ကို ဘယ်လိုအနိုင်ရအောင် လုပ်ပစ်ရမလဲ။

လွှာ့ဘဝတစ်လျှောက်လုံး လိုအင်ဆန္ဒတွေပြည့်ဝပြီး မာ
မာနတွေနဲ့ ပျော်ရွှင်လွတ်လပ်စွာ နေထိုင်လာခဲ့တာပါ။

ဘာမှမဟုတ်ဘဲ ... ဒေါ်နန်းနန်းမြိုင်ရဲ့ ခြေတော်ရင်း
ဆင်းရပြီး အနှိပ်စက်ခံမှာလား။

ကြည့်လေ ...

ဘယ်လောက်တင်စီးလဲ။

ဒီလောက် ချမ်းသာကြွယ်ဝနေပြီး မင်္ဂလာဆောင်ကို မ
မနား တိုးတိုးတိတ်တိတ် ဟင်းရွက်ကန်စွန်းရွက်ဝယ်သလို
တော့မည်။





တမင် ...

နှိမ်တာပဲ။

ရှင့်သားကိုလည်း ကျွန်မ စိတ်သောကတွေရောက်စေ
အောင် ပြုမူနေထိုင်စေမှာပဲ မဟုတ်လား။

မတရားဘူး။

မတရားဘူး။

ကျွန်မမှာ ဘာအပြစ်ရှိလို့လဲ။

မတရားဘူး။

လုံးဝမတရားတာ။

ကျွန်မက ဘာဖြစ်လို့ ပေးဆပ်ရမှာလဲ။

လွှာ မာနပြဖို့ ဆုံးဖြတ်ထားသည်။

"သမီး ..."

အိမ်ပြန်ရောက်တော့ ဒက်ဒီက စိတ်ပူပြီးစောင့်နေသည်။

"ဒက်ဒီ ..."

"သမီး ဘယ်သွားနေတာလဲကွယ် ... ကြာလိုက်တာ ...
အထိ သမီးဘယ်သွားနေတာလဲ ..."

နှစ်သစ်ကိုရွဲ့ပြီး ထိုင်နေတာနှင့်ကြာသွားရသည်။

"သမီးသူငယ်ချင်း စေတောင်ဖုန်းဆက်တယ် ... လွှာ ပြန်
တ်သေးဘူးလားတဲ့ ..."

"သမီး အလုပ်ကိစ္စတစ်ခုနဲ့ ကြာနေတာပါ ဒက်ဒီ ..."

ဒက်ဒီသည် သူမအတွက် စိတ်သောကရောက်သွားပုံရသည်။

အိုစာသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နန်းနန်းမြိုင်ရဲ့ ထိုးနှက်မှုက ဒက်ဒီအပေါ် ထိရောက်နေပြီလား။

"သမီး ..."

"ရှင် ... ဒက်ဒီ"

"ထိုင်ပါဦး"

သူမ ဒက်ဒီ့အနားကနေ ရှောင်ထွက်သွားဖို့ ကြိုးစားမိသည်။ ဒက်ဒီက ပြန်ခေါ်၏။

"ထိုင်ပါဦး သမီးရယ် ..."

ဒက်ဒီ့ရှေ့ ဆိုဖာတစ်လုံးတွင် ဝင်ပြီးထိုင်လိုက်မိသည်။

"သမီး ..."

"ရှင် ..."

"နှစ်သစ်နဲ့လက်ထပ်ရမှာကို သမီးစိတ်အရမ်းညစ်နေလား"

"ဒက်ဒီ ..."

"ဟင်"

"ဒီနေ့ ညနေနှစ်သစ်ကို အတွဲနဲ့တွေ့ခဲ့တယ်"

"ဟင် ..."

"သမီးရှေ့မှာရှဲ့ပြီး အကြာကြီးထိုင်နေတယ် ... သမီးလည်း အမြင်ကတ်တာနဲ့ ပေပြီးထိုင်နေလိုက်တာပဲဒက်ဒီ ..."

"သမီးရယ် ..."

နန်းနန်းမြိုင်ရဲ့ ထိုးနှက်မှုတစ်ခုပဲဟု တွေးမိလိုက်သည်။ မိမိ အတွက်ကြီးနေပြီလား။

သမီးလေးမှာ လုံးဝအပြစ်မရှိဘူး မဟုတ်လား။

မိမိနှင့် မခင်သီတို့ရဲ့လုပ်ရပ်က အပြစ်မဲ့တဲ့ သမီးလေးအပေါ်





ကိုတစ်ခုလို လွှမ်းမိုးကျရောက်တော့မှာပဲ။

"သမီးလည်း ဘာမှမခံစားရပါဘူး ဒက်ဒီ ... အခုလောက်ဆို တော့ ဟိုသားအမိ သမီးခံစားရတယ်ဆိုပြီး အရမ်းပျော်နေမှာပဲ"

"သမီး"

"ရှင် ... ဒက်ဒီ"

"သမီးဘက်က အဲဒီလို တုန့်ပြန်တာမျိုး ဒက်ဒီလုံးဝလက်မခံ ဘူး ..."

"ဒက်ဒီ ..."

"သမီးဟာ လိမ်မာရေးခြားရှိမှုကိုပဲ ပြသပါ ... မေတ္တာ ကို ရှေ့ထားပါ ... တစ်နေ့ကျရင် အမုန်းတရားဆိုတာ ရှိ တယ်သမီး ..."

"သူတို့က အဓိပ္ပါယ်မရှိ လက်တုန့်ပြန်နေတာကို သမီးက ခံနေရမှာလား ဒက်ဒီ ..."

"လွှာ ..."

မဖြစ်ဘူး။

လွှာက မလေးမစားလုပ်မှာကို မိမိလက်မခံနိုင်ပေ။

သမီး မိန်းကလေးဆိုတာ ဒီလိုပဲ ငြိမ်ဝပ်ပိပြားနေရမယ်။

"သမီးကို လိမ်မာရေးခြားရှိစေချင်တယ် ... နန်းနန်းမြိုင်ကို ပြန်စေချင်ဘူး သမီးလေး ..."

ဒက်ဒီ့မျက်ဝန်းတွေက သူမကို တောင်းပန်တိုးလျှိုးနေတဲ့ ညွှတ်တွေ ဖြစ်သည်။

လွှာ စိတ်ထိခိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



နှစ်သစ်ဘက်က ချစ်ခြင်းမေတ္တာတွေက မရနိုင်တော့။

အိအိဆိုတဲ့ မိန်းကလေးနှင့်ပတ်သက်နေတာပဲ။

သူတို့ ချစ်သူတွေလား။

ဝေကတော့ အိက လ္လန္တြေသိက္ခာကြီးပြီး ချစ်သူတွေ ဝိုင်းဝိုင်းလည်နေတာတဲ့။

"သမီးကို ဒက်ဒီတောင်းပန်တာပါ၊ နန်းနန်းမြိုင်ကို မေတ္တာနဲ့ပဲ အနိုင်ယူပါ သမီးရယ် ... "

သူမ ... ဘာမှမပြောနိုင်တော့။

ဒက်ဒီကိုလည်း အသက်ကြီးမှ စိတ်သောကတွေ မရောက်စေလိုပေ။

သူမ ပေးဆပ်ရမှာလား။

"သမီး အနားယူတော့ ... "

"ဟုတ်ကဲ့ ... "

"သမီးလေးမှာ အပြစ်မရှိပါဘူး ... ဒက်ဒီ မတရားတာပါ၊ ရက်စက်တာပါ၊ ဒက်ဒီ မလွှဲမရှောင်သာတော့ဘူး ... "

ဒက်ဒီ ဒေါ်နန်းနန်းမြိုင်အတွက်ပဲ လူဖြစ်နေတာများလား။

ကံကြမ္မာအရ ဖြစ်ရတာပဲ။

"နန်းနန်းမြိုင်ရဲ့ အငြိုးအတေးတွေကို ပြေပျောက်စေချင်တယ်၊ ဒက်ဒီကလည်း နန်းနန်းမြိုင် အရက်သိက္ခာကျအောင် လုပ်ခဲ့မိတယ်"

ဒက်ဒီ့ကို ဘာမှမပြောချင်တော့ဘဲ ဖြစ်နေသည်။

"သမီးအမေ မခင်သီကလည်း နန်းနန်းမြိုင်အပေါ် မတရားလုပ်ခဲ့တာပဲ"





သမီးနဲ့ မဆိုင်ဘူးထင်တယ် ဒက်ဒီ။

ဒေါ်နန်းနန်းမြိုင်ရဲ့ အငြိုးအတေးတွေက ဘယ်တော့ကြေမှာလဲ။ သမီးဘဝနဲ့ရင်းပြီး ပေးဆပ်နေရမှာလား ဒက်ဒီရယ်။

"ဒက်ဒီကို ကူညီပါ ... သမီးလေးက ပေါင်းကူးတံတားအဖြစ် ကြားဝင်ဆောင်ရွက်ပေးစမ်းပါ"

ဒက်ဒီနှလုံးသားတွေထဲမှာ ဒေါ်နန်းနန်းမြိုင်က ရှိနေသေးတာပဲ။

မာမီအပေါ် အေးစက်တဲ့ ဒက်ဒီအပြုအမူတွေက သက်သေပြနေသည်။ ဒက်ဒီလည်း စိတ်သောကတွေ ခံစားနေရတာပဲ။

ဒေါ်နန်းနန်းမြိုင် ... ကျေနပ်ပါတော့။

"စိတ်ချနေပါ ဒက်ဒီ ... သမီး နားလည်ပါပြီ၊ ဒက်ဒီ့ကို စိတ်သောကရောက်အောင် မလုပ်တော့ပါဘူး ... "

"သမီးလေးရယ် ... ဒက်ဒီ စိတ်ချမ်းသာလိုက်တာ၊ လိမ်မာလိုက်တာ သမီးလေးရယ် ... မေတ္တာဆိုတာ ကိုယ့်အတွက် အကျိုးအမြတ်ဆုံးအရာပါ ... "

"သမီး အနားယူတော့မယ် ဒက်ဒီ ... "

"အေး ... အေး"

ဒက်ဒီ့အနားကနေ ထွက်လာခဲ့မိသည်။

အခန်းထဲ ဝင်လာခဲ့၏။

အိပ်ရာပေါ် ပစ်လှဲချလိုက်ပြီး မျက်နှာကျက်အမိုးအား မမိတ်မသုန်ကြည့်နေမိသည်။

နှစ်သစ် ... နင့်ကို ငါအရှုံးပေးရပြီလား။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတစ်ယောက်အနေနဲ့ ဒီလိုမလုပ်သင့်ပါဘူး။

နှစ်သစ်နှင့်သူမက ချစ်သူတွေ မဟုတ်ကြ။

လွှာကိုယ်တိုင်ပင် နှစ်သစ်အား မာနတကြီးနှင့်ဆက်ဆံခဲ့သည်။

နှစ်သစ်နဲ့အိ ...

မတွေးဘူး။

လွှာ ဘာဖြစ်လို့ စိတ်ညစ်နေရမှာလဲ။

မညစ်ဘူး။

ပျော်အောင်နေမယ်။

နင်နဲ့ပတ်သက်ပြီး ငါဘယ်တော့မှ စိတ်ညစ်မခံဘူး နှစ်သ

"သမီးရယ် ... ဒက်ဒီတောင်းပန်ပါတယ် ... ဒေါ်နန်းနန်းမြ ကို မေတ္တာနဲ့ အနိုင်ယူပါ ... "

ဒေါ်နန်းနန်းမြိုင်ရဲ့မျက်ဝန်းအကြည့်တွေက နာကြည်း သန်းတဲ့အကြည့်တွေ။

အငြိုးအတေးတွေပဲ ရှိနေသည်။ အဓိပ္ပာယ်မရှိတာဘဲ။

ကျွန်မကို စိတ်သောကရောက်အောင်လုပ်တော့လည်း မှာ ဘာအကျိုးရှိမှာလဲ။

"မေတ္တာနဲ့ပဲ အနိုင်ယူပါ သမီးလေးရယ် ... တုန့်ပြန်တာ တွေ ဒက်ဒီ လုံးဝ လက်မခံဘူးနော်"

ဒက်ဒီ့နှလုံးသားထဲမှာ ဒေါ်နန်းနန်းမြိုင်က ရှိနေဆဲပင်။

မာမီရော ...

"သမီးဒက်ဒီ့ကို မာမီက အရယူခဲ့တာပါ ... အချစ်မပါ အိမ်ထောင်ရေးက အရမ်းပူလောင်ပါတယ် ... "



မာမီ စိတ်သောကတွေရောက်ပြီး သေဆုံးရတာပါ။

ဒေါ်နန်းနန်းမြိုင်ကြောင့်ပဲ။

ကျွန်မအမေ ဘဝတစ်လျှောက်လုံး ပေးဆပ်သွားရတာပါ ဒေါ်နန်းနန်းမြိုင်။

အိပ်လို့မရ။ လွှာ့နှလုံးသားတွေ ပူလောင်နေသလိုပင်။

အရွဲ့တိုက်ပစ်ချင်တယ်။ ဒက်ဒီကြောင့် ...

နှစ်သစ်နဲ့ပတ်သက်ပြီး လွှာ စိတ်သောကတွေ ရောက်နေရတာလည်း မတရားဘူး။

မနက် နေမြင့်မှ နိုးသည်။

လွှာ့စိတ်ထဲမှာ မကြည်လင်ဘဲ နုံးချည့်ချည့်ကြီးဖြစ်နေရ၏။

မဖြစ်သေးပါဘူး။

လွှာ ဘာဖြစ်လို့ ဒီလောက်အထိ စိတ်တွေပျော့ညံ့နေရတာလဲ။ ခပ်ညံ့ညံ့ မိန်းမတစ်ယောက်မှ မဟုတ်တာဘဲ။

အလှအပ ပြင်နေမိသည်။

"သမီး ... "

"ရှင် ... "

"ညက အိပ်ပျော်ရဲ့လား ... "

"ဒက်ဒီရော ... "

"ဒက်ဒီ အိပ်လို့မပျော်ဘူး ... သမီးလေးအပေါ် ဒက်ဒီလုပ်ရပ်တွေ မတရားနေလားလို့ ... "

ဦးမောင်မောင်နိုင် သမီးအတွက် စဉ်းစားပြီးအိပ်လို့မပျော်အောင် ဖြစ်ရသည်။

"သမီးလေးက ဘာအပြစ်မှမရှိတဲ့ မိန်းကလေးပါ ... ဒက်ဒီရဲ့

www.burmeseclassic.com

www.burmeseclassic.com



လုပ်ရပ်တွေက သမီးလေးအပေါ် ရက်စက်ရာ ကျနေပြီလားလို့ ဒက်ဒီ တွေးနေမိတယ်ကွယ် ... ”

ဒက်ဒီ အိပ်ရေးပျက်နေတဲ့ပုံ မျက်ကွင်းတွေချောင်ကျနေ သည်။

လွှာ စိတ်မကောင်းဖြစ်ရ၏။ ဒက်ဒီ့ကိုလည်း စိတ်ချမ်းသာ စေချင်ပါတယ်။

“သမီးအတွက် ဒက်ဒီဘာမှ စိတ်သောကမရောက်ပါနဲ့ ... နှစ်သစ်နဲ့သမီးက ဖူးစာရှင်တွေ ဖြစ်မယ်ထင်တယ် ... ”

ဒက်ဒီ စိတ်ပေါ့သွားအောင် ရယ်သလို ပြောနေရသည်။

“သမီးမှာ ငြင်းပယ်နိုင်ခွင့်ရှိပါတယ် ... မောင်နှစ်သစ် သမီးလက်မထပ်လည်း နေပါတော့ ... ”

သမီးကို တစ်သက်လုံး စိတ်သောကရောက်အောင် ဖ တစ်ယောက်အနေနဲ့ မလုပ်သင့်ဟု ထင်မိလာရသည်။

မိမိ မတရားလုပ်နေပြီပဲ။

မဟုတ်သေးဘူး။

ညက ... တစ်ညလုံး အိပ်မရ။

သမီးဘဝရှေ့ရေးအတွက် ဖခင်တာဝန် ကျေသင့်တယ်။

“ဒက်ဒီ သမီးကို စိတ်သောကတွေရောက်အောင် လုပ် အဓိပ္ပါယ်မရှိပါဘူးကွယ် ... သမီးလေးလည်း အိပ်မပျော်ဘူး တယ်၊ စိတ်သောကတွေ ရောက်နေရပြီလား ... ”

“ဒက်ဒီ ... ”

“ဟင်”

“ဒက်ဒီရဲ့ ခံစားချက်တွေကို သမီးနားလည်ပါတယ်၊ အ



အားလုံးကို သမီးမေတ္တာနဲ့ပဲ အနိုင်ယူဖို့ ကြိုးစားမှာပါ ... ”

“သမီးလေး တော်တော်စိတ်သောက ရောက်နေပြီထင်တယ်၊ ဒက်ဒီ မတရားပါဘူး ... ဒက်ဒီ မခိုင်းစေချင်တော့ဘူး”

သမီးနှင့်ပတ်သက်ပြီး သူအများကြီး စဉ်းစားထားမိသည်။

သေသေချာချာ ပြန်စဉ်းစားတော့လည်း သမီးမှာ အပြစ်မှ မရှိတာ။

နန်းနန်းမြိုင်က သားကိုထိန်းချုပ်မှာမဟုတ်။ သမီးလေး အိမ်ထောင်ရေးသောကတွေကို ပြင်းပြစွာ ခံစားရတော့မည်။

“လက်ထပ်ဖို့ကိစ္စ သမီးလေးငြင်းလိုက်ပါ ... ဒက်ဒီအတင်းအကျပ် မခိုင်းစေတော့ပါဘူးကွယ် ... ”

ကိုယ်လည်း မခင်သီနဲ့လက်ထပ်ပြီးထဲက အိမ်ထောင်ရေးသောကတွေ ခံစားရပြီး စိတ်သောကတွေ ရောက်ခဲ့ရတာပါ။

မကြေသေးဘူးလား နန်းနန်းမြိုင်ရယ်။

“ဒက်ဒီ ... ”

“ဟင်”

“သမီး ... နှစ်သစ်ကို လက်ထပ်မယ် ... ဒက်ဒီမပူပါနဲ့၊ ဒေါ်နန်းနန်းမြိုင်ရဲ့ မှားယွင်းနေတဲ့ စိတ်ဓာတ်တွေကိုလည်း သမီးမေတ္တာနဲ့ပဲ အနိုင်ယူမှာပါ”

“သမီးရယ် ... ”

သမီးလေးကို မြတ်နိုးစွာ ပွေ့ဖက်ထားမိသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၈ )

"ကိုမောင်မောင်နိုင် ..."

"ပြောပါ ... နန်းနန်းမြိုင်"

"ရှင့်သမီးနဲ့ ကျွန်မသားရဲ့ လက်ထပ်ပွဲကို ကျွန်မအားလုံး အဆင်သင့် ပြင်ဆင်ထားပြီးပါပြီ ..."

"နန်းနန်းမြိုင် ဘယ်လိုစီစဉ်ချင်လဲ ... မင်းဆန္ဒတွေအတိုင်း စီစဉ်ပါ ..."

အရာအားလုံး နန်းနန်းမြိုင်သဘောတွေ ဖြစ်စေရမည်။

သမီးလေးက နားလည်သိတတ်သည်။ လိမ္မာလွန်း၏။

နန်းနန်းမြိုင်ကို မေတ္တာဖြင့် အနိုင်ယူနိုင်မယ့် မိန်းကလေးဟု ထင်မိသည်။

"မနက်ဖြန်ပဲ အိမ်မှာလက်မှတ်ထိုးပြီး မင်္ဂလာဆွမ်းကပ်ဖို့ စီစဉ်ထားတယ် ကိုမောင်မောင်နိုင် ..."

နန်းနန်းမြိုင်ရဲ့ အပြုံးအတေးတွေ ဘယ်လောက်ကြီးမားလဲ ဆိုရင် မျက်နှာပေါ်မှာ ထင်ဟပ်နေသည်။





တင်းမာခက်ထန်နေ၏။

ဖြစ်မှ ဖြစ်ရလေ။

ကိုယ် သစ္စာမဲ့တာ မှန်ပါတယ်။ မင်းအိမ်ထောင်ရေးလောက် တောင် စိတ်ချမ်းသာမှု မရခဲ့ပါဘူး။

အချစ်မရှိတဲ့ အိမ်ထောင်ရေးပဲ။ မခင်သီလည်း အသက်တို ရတဲ့အထိပါပဲ။ ကိုယ်ဟာ မခင်သီကို ချစ်ခင်နှစ်သက်ဟန် ဘယ် တော့မှ မပြခဲ့ဘူး။

မအေးချမ်းတဲ့ ဘဝပါ။

ကိုယ် ... မိသားစုအပေါ် မတရားခဲ့ဘူး။ တာဝန် မကျေခဲ့ ဘူး။ မခင်သီ ...

ပြီးတော့ သမီးပဲ။

နန်းနန်းမြိုင်ကြောင့် မိသားစုဝင်တွေကို စတေးနေမိတယ်။ အဲဒီလောက်အထိ ပေးဆပ်နေတာပါ။

သမီးကိုတော့ ငြင်းနိုင်တဲ့ အခွင့်အရေးပေးပေမယ့် ဖခင်ရဲ့ ဆန္ဒကို သမီးက ဖြည့်စွမ်းပေးခဲ့သည်။

စိတ်မောလိုက်တာ။ သမီးအနာဂတ်က မလွယ်ဘူး။

"ကိုမောင်မောင်နိုင် ..."

"ပြောပါ ..."

"သမီးနဲ့သားကို မနက်ဖြန်မှာ တရားရုံးမှာ လက်မှတ်ထိုးပြီး အိမ်မှာ ဘုန်းကြီးငါးပါးပင့်ပြီး မင်္ဂလာဆွမ်းကျွေးမယ်"

"ကောင်းပါတယ် နန်းနန်းမြိုင် ... မင်းရဲ့ဆန္ဒတွေအားလုံး ကိုယ်လက်ခံပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



နန်းနန်းမြိုင်က ကိုယ့်သမီးကို ဟင်းရွက်ကန်စွန်းဝယ်သလို တန်ဖိုးမဲ့စေခဲ့တာပါ။

တကယ်တော့ ...

သမီးလေးဘဝ တန်ဖိုးကြီးမားပြီး ဂုဏ်သိက္ခာမြင့်မား နေထိုင်ကြီးပြင်းစေခဲ့တဲ့ သမီးလေးပဲ။

ဘာမှ လိုလေသေးမရှိအောင် ပြည့်စုံနေသည်။ တန်ဖိုးကြီး စွာပေးပြီး လက်ထပ်လိုတဲ့ယောကျ်ားတွေ အများကြီးပဲ ရှိနေ

နန်းနန်းမြိုင် သိပါတယ်။ ဖခင်ရဲ့ အုပ်ထိန်းမှုအောက်မှာ စ်သူရည်းစား မထားရဘူးဆိုတဲ့ စကားကို တစ်သဝေမတိမ်း နာ ထောင်ခဲ့သည်။

ဖြူစင်တဲ့ အပျိုစင်မလေးတစ်ယောက်ပါ။

"ရှင့်သမီးရော ..."

"လုပ်ငန်းခွင်ကို သွားတယ် ..."

သမီးလေးက စီးပွားရေးလုပ်ငန်းတစ်ခုမှာ ဦးစီးနေသူဖြ သည်။

"တိမ်လွှာဖြူ ဘာအလုပ်မှ လုပ်စရာမလိုတော့ဘူး"

"ဟင်"

"ကျွန်မတို့က ချမ်းသာတာပဲ ... ချွေးမတစ်ယောက်ကို အိမ် မှာ တင်ကျွေးထားနိုင်ပါတယ်"

နန်းနန်းမြိုင်ရယ်။

ကိုယ့်အပေါ် ဒီလောက်အထိပဲ ရန်သူတစ်ယောက်လို သဘောထားနေတာလား။





"မနက်ဖြန်ပဲ ရှင့်သမီး ကျွန်မတို့အိမ်ကိုပြောင်းနေရမယ် ..."

ကိုမောင်မောင်နိုင့်ကို သူမ ဘယ်လိုထိုးနှက်မလဲဆိုတာပဲ နန်းမြိုင် စဉ်းစားနေမိသည်။

ကျွန်မ ဒီလိုအခွင့်အရေးမျိုးကို စောင့်နေရတာ ကြာပြီပဲ။

ရှင့်သမီးကို အပိုင်သိမ်းပိုက်ဖို့လေ။ ကျွန်မ ဘာမှမစဉ်းစား ရှင်နဲ့မခင်သီကြောင့် ကျွန်မဘဝ ဂုဏ်သိက္ခာမဲ့ခဲ့ရတာတွေ သောကတွေ ခံစားခဲ့ရတာတွေအတွက် ရှင်ပေးဆပ်ရမယ်။

တရားတာတွေ မတရားတာတွေ ကျွန်မ ဘာမှမသိဘူး။

လုပ်သင့်တယ်လို့ပဲ ထင်တယ်။ ကျွန်မသားရဲ့ဘဝကိုလည်း ဆပ်ရတာပဲ။ ဒါပေမဲ့ ...

ရှင့်သမီးကို ကျွန်မသား ဘယ်တော့မှ မချစ်မြတ်နိုးစေရဘူး။

တိမ်လွှာဖြူဆိုတာ မာန်မာနတွေထောင်လွှားပြီး အဘက် က ပြည့်စုံနေတဲ့ မိန်းကလေးတစ်ယောက်ပဲ။

အရမ်းကောင်းတယ်။

အဲဒီလို မိန်းကလေးမျိုးကိုမှ ဦးချိုးနှိမ်ထားပစ်လိုက်ချင် ယ်။

ဘဝတစ်လျှောက်လုံး သယ်ဆောင်လာရတဲ့ အငြိုးအတေး ပဲ။

ရှင့်သမီး ခံစားစေရမယ်။

ကိုယ်ချင်းစာစေရမယ်။

"ကျွန်မ သားနဲ့လက်ထပ်ပြီးပြီဆိုရင် ရှင့်သမီးနဲ့ရှင် လ ပြီး တ်သက်စေချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နန်းနန်းမြိုင် ..."

"ရှင့်သမီးကို ကျွန်မသားက ပိုင်သွားပြီပဲ ... အဖေတစ်ယောက်အနေနဲ့ ဝင်စွက်ဖက်စရာ မလိုတော့ဘူးလေ"

"ကိုယ်နဲ့သမီး တွေ့ဆုံစကားပြောခွင့်တောင် မရှိတော့ဘူးလား"

"မရှိဘူး"

"ကိုယ် ..."

"ရှင် ယောက်ျားပဲ ... ကျွန်မကို ပေးထားတဲ့ကတိ တည်ပါစေ ..."

"ကိုယ့်သမီးလေးနဲ့ စကားပြောဆိုခွင့်တော့ ပေးပါ၊ ပတ်သက်ဆက်ဆံခွင့်တော့ပေးပါ"

"ကောင်းပြီလေ ... အရမ်းကြီးတော့ ပတ်သက်ဆက်ဆံခွင့် မပေးနိုင်ဘူး ... ရှင့်သမီး အိမ်ရှင်မတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ပါစေ"

နန်းနန်းမြိုင် ဆန္ဒအတိုင်းပဲ ဖြစ်ပါစေလို့ ငြိမ်နေလိုက်သည်။

မတတ်နိုင်တော့ ... ကံကြမ္မာပဲလေ။

သူ ... နန်းနန်းမြိုင်ကို မေတ္တာနဲ့ပဲ အနိုင်ယူဖို့ ဆုံးဖြတ်ထားမိသည်။

"မင်းက ဒီလိုလုပ်ရမှ ကျေနပ်မယ်ဆိုရင်လည်း မင်းသဘောပါပဲ နန်းနန်းမြိုင် ... ကိုယ်လည်း မင်းလိုပဲ ဘဝတစ်လျှောက်လုံး ကြေကွဲမှုတွေ ခံစားရတာပါပဲ"

"ရှင့်ကိုမယုံဘူး ... အတိတ်ကအကြောင်းတွေကို ရှင်ဘာမှ မရှင်းပြနေပါနဲ့တော့ ... ဘယ်လိုချေဖျက်လို့မှမရတဲ့ ကိစ္စပဲ ... အဲဒီ





...နိုက မင်္ဂလာဆောင်ကာနီး သတို့သားမရှိတော့တဲ့ မိန်းမတစ်...ာတ်ရဲ့ဘဝတွေကို ရှင်မခံစားတတ်ပါဘူး"

"နန်းနန်းမြိုင်ရယ်"

"ရှင့်သမီးကိုတော့ ဒီလိုသတို့သားမဲ့ပြီး အရှက်ကွဲရမယ့်အဖြစ်...း မရောက်စေရပါဘူး"

နန်းနန်းမြိုင်သည် အချစ်ကြီးပြီး အမျက်ကြီးနေသူဖြစ်သည်။

မိမိနှင့်နန်းနန်းမြိုင်က အရမ်းချစ်ကြတဲ့ ငယ်ချစ်ဦးတွေ။

မထင်မှတ်တဲ့ အဖြစ်အပျက်လေးကြောင့် ကွဲကွာသွားခဲ့ကြ...ည်။

နန်းနန်းမြိုင် ခံစားနေရတာတွေကို မိမိကိုယ်ချင်းစာမိနေ...ည်။

မင်းဆန္ဒအတိုင်း ဖြစ်ပါစေ။

အမှန်တရားဆိုတာလည်း ရှိပါသေးတယ်လေ။

တစ်နေ့ကျရင် ... မင်းရဲ့ အငြိုးအတေးတွေ ပြေပျောက်သွား...ပါ။

ဘဝတစ်လျှောက်လုံး အမုန်းတွေ နာကြည်းမှုတွေနဲ့ တင်း...ာ်နေတဲ့ မင်းစိတ်နှလုံးတွေ ပျော့ရှင်အေးချမ်းစေချင်တာပါကွာ။

နန်းနန်းမြိုင် စီစဉ်ပြောဆိုနေသမျှကို မိမိ မကန့်ကွက်မိ။

မင်းဆန္ဒတွေအတိုင်းပဲ ဖြစ်ပါစေတော့။ ပြောချင်တာတွေ...ပြီး နန်းနန်းမြိုင် ဖုန်းချသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

“လွှာက နှစ်သစ်နဲ့မနက်ဖြန်ပဲ လက်ထပ်ရတော့မယ် ဟုတ်လား ဒက်ဒီ ...”

“ဟုတ်တယ် သမီး ... နန်းနန်းမြိုင် စီစဉ်တာပဲလေ မင်္ဂလာဆွမ်းကျွေးမယ်တဲ့ သမီး ... အဲဒီအိမ်မှာသွားနေရမယ်၊ စီးပွားရေးလုပ်ငန်းတွေလည်း သမီးလုပ်စရာမလိုတော့ဘူးတဲ့ ...”

“ဟင် ...”

ဒေါ်နန်းနန်းမြိုင်က လွှာ့ကို ဒီလောက်အထိပဲ နှိမ်ချလိုက်တာပဲလား။

“စီးပွားရေးလုပ်ငန်းလုပ်တာ ဘာဖြစ်လို့လဲဒက်ဒီ ... သမီးလုပ်နေကျပဲဟာ ... သမီးလုပ်ငန်းတွေလေ ...”

“မောင်နှစ်သစ်က ဦးစီးမယ်တဲ့”

“ဟာ ...”

လွှာ ... ဒေါသတွေကို ပေါက်ကွဲထွက်မသွားအောင်





တော်လေး ထိန်းထားရသည်။ တမင်လုပ်တာပဲ ...

“သမီး”

“ရှင် ...”

“ငြင်းလေ ... သမီးငြင်းလိုက်ပါ ... ဒက်ဒီဘဝတစ်လျှောက်လုံး နာကျင်ရတာ အကြောင်းမဟုတ်ပါဘူး၊ သမီးဘဝကိုတော့ မနှစ်ချင်တော့ဘူး ...”

သမီး ဆုံးဖြတ်ပါစေ၊ အခွင့်အရေးပေးလိုက်မိသည်။

မိမိကြောင့် သမီးလေးဘဝကို ဖျက်စီးပစ်ရမယ်ဆိုတာလည်း ဟုတ်သေးပါဘူး။

မတရားဘူးဟု ထင်လာမိ၏။

“သမီးကို အခွင့်အရေးပေးပါတယ် ... သမီးလေးဆုံးဖြတ်ပါ၊ ဒက်ဒီတို့လူကြီးတွေကိစ္စပဲ ... သမီးနဲ့မဆိုင်ပါဘူး၊ သမီးလေး ဆုံးဖြတ်ပိုင်ခွင့် ရှိရမှာပေါ့”

မိမိ အတ္တမကြီးတော့ဘူး။

နန်းနန်းမြိုင် ... မင်းကြိုက်သလို စွပ်စွဲပုတ်ခတ်ပြီး ရစရာရှိအောင် ထိုးနှက်ပါ။ ကိုယ်ခံယူမယ်။

သမီးလေးက အပြစ်မရှိပါဘူး။ ရင်ထဲသို့ နာကျင်စူးရှတဲ့ ဒနာက တိုးဝင်လာသည်။

“အား ...”

“ဒက်ဒီ ဘာဖြစ်တာလဲ၊ ဒက်ဒီ ဘာဖြစ်လို့လဲဟင်”

“ရင်ဝက အောင့်တယ် ... ဒက်ဒီ အသက်ရှူလို့တောင် မဝ ဘူး”

“ဒက်ဒီ ဆေးခန်းပြရအောင်နော်”



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီ ဘာမှမဖြစ်ဘူးသမီး ... ခဏနေရင် ကောင်းသွားမှာပါ"

"ဒါဆိုလည်း ဒေါက်တာဘုန်းမော်ကို အိမ်ပင့်လိုက်မယ်နော် ဒက်ဒီ"

"အင်း ..."

"ခဏ ..."

သူမ ... ဒေါက်တာဘုန်းမော်ထံ ဖုန်းဆက်လိုက်သည်။

ဒက်ဒီ့ကိုတော့ အသေမခံနိုင်ပါဘူး။ စိတ်တွေ ပူလာရသည်။

မာမီနှင့်လက်ထပ်ပြီးထဲက ဒက်ဒီစိတ်သောကတွေ ခံစားလာရတာပါ။

ဒက်ဒီ စိတ်သောကတွေကြီးစွာ ရောက်နေပြီဖြစ်သည်။

အဖြစ်မခံနိုင်ပါဘူး။ သမီး ပေးဆပ်ပါ့မယ်ဒက်ဒီ။

ဒေါ်နန်းနန်းမြိုင် ကျေနပ်တဲ့အထိ သမီးဘဝကိုရင်းပြီး ပေးဆပ်ပါ့မယ်။

ဒေါက်တာဘုန်းမော် ရောက်လာသည်။

"ကိုနိုင့်ကို ကျွန်တော်သတိပေးထားသားပဲ ... နှလုံးအား သိပ်မကောင်းဘူးလို့ ... စိတ်ဖိစီးမှု သိပ်မခံပါနဲ့ ..."

"ဒေါက်တာ ဒက်ဒီ့ကို ဘယ်လိုကုသဖို့ လိုအပ်သလဲဟင် ပြောပါ ..."

"နှလုံးအားနည်းတာပါ ... ကျန်းမာရေး စစ်ဆေးမှုတွေလုပ်ပြီး စနစ်တကျကုသရမယ် ... အရေးကြီးတာက အအိပ်အစားမှန်ဖို့ပဲ ... စိတ်ဖိစီးမှုမရှိအောင်နေရမယ် ..."

ဒေါက်တာ ပြန်သွားသည်။





"ဒက်ဒီ ..."

"ဟင်"

"ဒေါက်တာပြောတာ ကြားတယ်မဟုတ်လား၊ သမီး ဒက်ဒီ့ကို လုံးဝအဆုံးရှုံးမခံနိုင်ပါဘူး ... သမီးကိစ္စ ဒက်ဒီ ဘာမှစိတ်အနှောင့်အယှက်မဖြစ်ပါနဲ့ ... သမီးအနစ်နာခံပြီး မေတ္တာနဲ့အနိုင်ယူပြပါ့မယ် ဒက်ဒီ"

"နန်းနန်းမြိုင်က ဒက်ဒီကိုရော သမီးကိုရော နလံမထူအောင် ဖိနှိပ်နက်မှာ ..."

"ဒက်ဒီ ဘာမှစိတ်မပူပါနဲ့ ... ဒေါ်နန်းနန်းမြိုင် ထားရာနေရာကို သမီးသွားပါ့မယ်"

"သမီးရယ် ..."

"ဒက်ဒီ ဆေးသောက်နော် ... စိတ်ကိုအေးအေးထား ... ဒက်ဒီ့မှာ တရားရှိတာပဲ"

နန်းနန်းမြိုင် ... မင်းကို ငါ့သမီးက ပေးဆပ်မှာပါ။

အတိတ်က ကိုယ်ကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေအတွက်လေ။

မင်းကျေနပ်တဲ့အထိပေါ့။ သမီးလေး ဘဝပျက်အောင် စိတ်သောကတွေရောက်အောင် မင်းလုပ်ပစ်ချင်တာ မဟုတ်လား နန်းနန်းမြိုင်။

"ဒက်ဒီ ဘာမှစိတ်မပူပါနဲ့ ... ဒေါ်နန်းနန်းမြိုင်ရဲ့ အငြိုးအတေးတွေ ပြေပျောက်အောင် သမီးကြိုးစားပေးပါ့မယ်"

"ကောင်းပါပြီ သမီးရယ် ... ဒက်ဒီ့ရင်ထဲမှာလည်း အငြိုးအတေးတစ်ခုလို ဖြစ်နေတယ် ... အပြစ်ရှိနေသလိုပဲ၊ ဒါကြောင့် သမီး

www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ ဒက်ဒီ အသုံးမချချင်တော့ပါဘူး”

“သမီးက ဒက်ဒီ့ကို အားပေးကူညီတယ်လို့ပဲ သဘောထား ပါတယ် ... မိဘကျေးဇူး ဆပ်တာပဲလေ ...”

သူမ ... ပျော့ရွှင်ဟန်ပြလိုက်ရသည်။

ဒက်ဒီစိတ်တွေ ပင်ပန်းလေးလံနေမှာကို မလိုလားမိပေ

“အရာအားလုံးကတော့ ဒက်ဒီနဲ့မခင်သီတို့ မှားကြတာ သမီး ... မခင်သီက ဒက်ဒီ့ကို အရယူလိုက်တယ်၊ နန်းနန်းမြိုင်မှာ ချစ်သူဆုံးရှုံးရတာကတစ်မျိုး ... ပတ်ဝန်းကျင်မှာ အရှက်သိက္ခာ ခဲ့ရတာကတစ်မျိုးနဲ့ သောကတွေခံစားရတာပါ၊ ဒီလိုဖြစ်ရတာ နန်းနန်းမြိုင်မှာ လုံးဝအပြစ်မရှိပါဘူး”

ဒက်ဒီက ဒေါ်နန်းနန်းမြိုင်ကိုတော့ လုံးဝအပြစ်မတင်ပေ

“ဒက်ဒီဘက်လိုက်တာ မဟုတ်ပါဘူး ... နန်းနန်းမြိုင်မှာ တကယ့်ကို အပြစ်မရှိတာပါ ... ဒက်ဒီကတော့ သမီးလေးကို မေတ္တာနဲ့ပဲ အနိုင်ယူစေချင်တယ်ကွယ်”

“စိတ်ချပါဒက်ဒီ ... သမီးသိပါတယ် ... အရာအားလုံးကို သမီးနားလည်ပါတယ်၊ ဒက်ဒီ ဘာမှ စိတ်သောကမရောက်ပါနဲ့”

ဒက်ဒီ စိတ်ချမ်းသာဖို့ပဲ အဓိက ဖြစ်သည်။

“ဒေါ်နန်းနန်းမြိုင် စိတ်ချမ်းသာသလိုနေပါစေ ... သမီးပေး ဆပ်မယ်ဆိုလည်း သမီးကျေကျေနပ်နပ် ပေးဆပ်ပါတော့မယ်”

“သမီးရယ် ...”

“ဒက်ဒီ အနားယူပါ ... စိတ်အပင်ပန်းမခံပါနဲ့ ... သမီးအရာ အားလုံး ဖြေရှင်းအနိုင်ယူပါ့မယ်”





ဒက်ဒီ့ကို အားပေးပြီး သူမအဆင်သင့် ပြင်ထားလိုက်သည်။

ဒေါ်နန်းနန်းမြိုင် ဘာလုပ်မလဲ။ နှစ်သစ်ကရော လွှာစိတ် သောကရောက်အောင် ဘယ်လောက်လုပ်မလဲ။

လွှာကလည်း ခပ်တုံးတုံးအအ မိန်းကလေးမှ မဟုတ်တာ။ ရှင့်ကိုတော့ ချစ်ပြီးတစ်ဖက်သတ် ဘယ်တော့မှ မခံစားပါဘူး။

သူမ လက်ကိုင်ဖုန်းမှ တီးလုံးမြူးမြူးကြွကြွလေး ထွက်ပေါ်လာသည်။

ဖုန်းလာနေသည်။

နံပါတ်ကိုကြည့်လိုက်တော့ ဒေါ်နန်းနန်းမြိုင်ဆီက ဖြစ်နေ

ဒက်ဒီကြားမှာစိုး၍ ဒက်ဒီအိပ်ခန်းထဲက ပြေးထွက်လာခဲ့ရသည်။ သူမ အိပ်ခန်း ရောက်လာ၏။

“ဟဲလို”

“လွှာလား ...”

“ဟုတ်ပါတယ် ...”

“ညည်းအဖေက ညည်းကိုအစီအစဉ်တွေ ပြောပြထားလား”

“ဟုတ်ကဲ့ ... အဖေသိပ်နေမကောင်းလို့ ဆရာဝန်တောင် ခေါ်ရတယ်”

ဒေါ်နန်းနန်းမြိုင် အသံက ခေတ္တငြိမ်သက်သွားသည်။

ဒက်ဒီ့အတွက် လှုပ်ရှားဟန်မပြ။

“မင်းနဲ့ငါ့သား လက်ထပ်ဖို့ကိစ္စလေ ...”

ဟွန်း ...

ဒက်ဒီ နေမကောင်းဖြစ်တာကို စိတ်ဝင်စားဟန်မပြ။



www.burmeseclassic.com

www.burmeseclassic.com



တော်တော်အငြိုးအတေးကြီးမားတဲ့ မိန်းမကြီးပဲ။

"လွှာ ..."

"ပြောပါ"

"မင်း ဒီအိမ်ကိုလာနေရမယ်"

"ကျွန်မ သိပြီးပါပြီ ..."

"မနက်ဖြန် လက်မှတ်ထိုးမှာနော်"

"ဒက်ဒီ နေမကောင်းဘူးအန်တီ ... အစီအစဉ်ကို တစ်ပတ်လောက် နောက်ဆုတ်ပေးစေချင်ပါတယ်"

ဒက်ဒီက နေမကောင်းဘူးမဟုတ်လား။

"မင်းဒက်ဒီက သမီးကိုပေးဖို့ကျတော့ တွန့်ဆုတ်နေပြီလား တိမ်လွှာဖြူ ..."

"မဟုတ်ပါဘူးအန်တီ ... ဒက်ဒီမှာ နှလုံးအားနည်းတဲ့ရောဂါရှိနေတာပါ ... ဒက်ဒီတဝတစ်လျှောက်လုံး စိတ်သောကတွေ ခံစားခဲ့ရတာပါ"

"ငါ့ခံစားချက်လောက် မပြင်းထန်နိုင်ပါဘူး တိမ်လွှာဖြူ ... လောက်လည်း အဖြစ်သည်းမနေစမ်းပါနဲ့ ..."

ဒက်ဒီ့ကို အတော်အမုန်းကြီးမုန်းနေတာ သိသာနေသည်။ မလွယ်ဘူး။

"ကျုပ်တို့ဘက်ကတော့ ဘာမဟုတ်တဲ့အကြောင်းပြချက်လေးတစ်ခုနဲ့ နောက်မဆုတ်နိုင်ဘူးနော် ... တိမ်လွှာဖြူ"

"မဆုတ်ပါနဲ့အန်တီ ... ရပါတယ်၊ အန်တီတို့သဘောအတိုင်း သလိုသာ စီစဉ်ပါ ..."

"ညည်းက လက်ခံတယ်ပေါ့"

"ဟုတ်ကဲ့"





"တယ်ဟုတ်ပါလား တိမ်လွှာဖြူ ... ညည်းက သတ္တိရှိသား ..."

"ကျွန်မက ဒက်ဒီဆန္ဒတွေကို ဖြည့်စွမ်းပေးတာပါ၊ ဒက်ဒီကအန်တီ့စိတ်တွေကို အေးချမ်းစေချင်တယ် ... တည်ငြိမ်စေချင်တယ်၊ အန်တီ့ကို အခွင့်အရေးပေးတာပါ"

တိမ်လွှာဖြူ ...

ညည်းက ဘယ်ဆိုးလို့လဲ။

ထက်မြက်သားပဲ။

အင်းလေ ... အစွမ်းအစရှိတဲ့ မိန်းမပဲ။

ကောင်းပါတယ်။

ညည်းအစွမ်းအစတွေကို ရိုက်ချိုးပစ်ရတာ အရမ်းအရသာရှိတာပဲ။

"ဒါဆို အိုကေပဲ ... မနက်ဖြန်မနက် ညည်းကိုလာခေါ်မယ် တိမ်လွှာဖြူ ..."

"ဟုတ်ကဲ့ ... ကျွန်မ စောင့်နေပါ့မယ်"

"တိမ်လွှာဖြူ ..."

"ရှင် ..."

"ညည်းက ကျုပ်အိမ်မှာလာနေရမှာနော် တိမ်လွှာဖြူ ... ပစ္စည်းတွေ ပြောင်းရွှေ့ဖို့ စီစဉ်ပါ ..."

ဒက်ဒီ နေမကောင်းဘူး။ ဖြစ်ပါ့မလား။

ဒေါ်နန်းနန်းမြိုင်ကတော့ ဒက်ဒီ့ကို အသေသတ်တော့မည်ထင်သည်။

နည်းနည်းမှ ညှာတာထောက်ထားခြင်း မရှိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ကျူပ်သားနဲ့လက်ထပ်ရင် ကျူပ်သားက ညည်းကိုပိုင်ဆိုင်သွားပြီပဲ"

"ကျွန်မ သိပါတယ် ... အန်တီ့ဆန္ဒတွေအတိုင်းသာ လုပ်ပါ"

"အိုကေ ... မနက်ဖြန် လာခေါ်မယ်၊ ဒီညတော့ ကောင်းကောင်းအိပ်စက်ပြီး ညည်းအဖေနဲ့ အလွမ်းသယ်လိုက်တော့နော်"

ဖုန်းချသွားသည်။

ဒေါသ ဘယ်လောက်ဖြစ်ဖို့ကောင်းနေလဲ။

ဒက်ဒီကြောင့် တိမ်လွှာဖြူ သည်းခံနေခြင်း ဖြစ်သည်။

"သမီး ..."

"ဟင် ... ဒက်ဒီ"

သူမအခန်းဝတွင် ဒက်ဒီရပ်နေတာ တွေ့လိုက်ရသည်။

"ဒက်ဒီ ... ဘာလာလုပ်တာလဲ"

သူမ စိတ်ပူသွားရသည်။

ကျန်းမာရေးမကောင်းတဲ့ ဒက်ဒီသည် စိတ်ဖိစီးမှု ဒီလောက်များဖို့ မသင့်ဟု ထင်မိ၏။

"ဘယ်က ဖုန်းလဲသမီး ... နန်းနန်းမြိုင်ဆီကလား"

"ဟုတ်တယ် ဒက်ဒီ ... သမီးတို့လက်ထပ်ပွဲအတွက်ပါ ... မနက်ဖြန် စီစဉ်ထားတယ်တဲ့ ..."

"သမီး ဘာပြောလိုက်လဲ"

"အန်တီကြိုက်သလိုလုပ်ပါလို့ပဲ ပြောလိုက်တယ် ... ဒက်ဒီ နေမကောင်းဘူး မဟုတ်လား ... ဖြစ်ပါ့မလားဟင်"

"ဒက်ဒီ နေမကောင်းဘူးဆိုတော့ နန်းနန်းမြိုင်က ဘာပြောလဲ သမီး ..."





ဒက်ဒီ မျက်ဝန်းတွေထဲမှာ မျှော်လင့်ချက်ရောင်ခြည်တွေနှင့် လင်းလက်နေသည်။

"ဒက်ဒီ့အတွက် အတော်လေးစိတ်ပူသွားပုံပဲ ... ဟန်ဆောင်နေတာသိလား ဒက်ဒီ ... ဒေါ်နန်းနန်းမြိုင် စိတ်လှုပ်ရှားသွားတာ အရမ်းသိသာတယ်"

"ဟုတ်လား သမီး"

"ဟုတ်ပါတယ် ... လက်ထပ်မယ့်ရက်ကိုတောင် သမီးက မမေ့ပါနဲ့လို့ ပြောလိုက်ရတာပါ"

"ဘာပြောလဲ ..."

"မနက်ဖြန် သမီး အဲဒီကို ပြောင်းရမယ်"

ဒက်ဒီ့မျက်နှာပေါ်မှာ ကျေနပ်နှစ်သိမ့်မှုတွေ ပြည့်နေသည်။

ဒေါ်နန်းနန်းမြိုင်အပေါ် ဒက်ဒီ ခုထိသံယောဇဉ် တွယ်နေဆဲပဲ။

ဒက်ဒီ စိတ်ချမ်းသာရင် ပြီးတာပါပဲလေ။

"သမီး လက်ခံလိုက်တယ် ... ဒက်ဒီ နေမကောင်းတော့ ဖြစ်ပါ့မလားဟင်"

"ဖြစ်ပါတယ် ... ဒက်ဒီ ဘာမှမဖြစ်ပါဘူး၊ အရေးကြီးတာက နန်းနန်းမြိုင်ဆန္ဒအတိုင်းပဲ ဖြစ်စေချင်တာပါ ..."

"အခု ဒေါ်နန်းနန်းမြိုင် ဆန္ဒတွေအတိုင်းပါပဲ ဒက်ဒီရယ်"

သူမ ...

ဒက်ဒီ့မျက်ဝန်းတွေထဲက အပျော်တွေကို ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )

ခြောက်ကပ်လွန်းတဲ့ မင်္ဂလာဆွမ်းကျွေးပွဲ ဖြစ်သည်။

မျက်နှာတွေပေါ်မှာ အပြုံးဆိုတာတွေ ရှိမနေပေ။

ဘုန်းကြီးတွေကိုလည်း ချည့်မခံကြ။ ခြောက်ကပ်လိုက်တာ။

ကမ္ဘာပေါ်မှာ ပျင်းရိခြောက်သွေ့ဖွယ်အကောင်းဆုံး မင်္ဂလာပွဲတစ်ခုလို့ပဲ ပြောနိုင်သည်။

လှှာလည်း ဘာမှမပြောမိ။

ဒက်ဒီကတော့ ပြုံးနေသည်။

ဟန်ဆောင်နေတာလား။

ဒက်ဒီ့စိတ်ထဲမှာ သောကတွေရောက်နေမှာပဲဖြစ်သည်။

လှှာရော ...

သောကတွေကို မခံစားအောင် ကြိုးစားလေ့ကျင့်နေလိုက်သည်။ ဒက်ဒီ စိတ်ချမ်းသာဖို့ပဲ။

ဒေါ်နန်းနန်းမြိုင် ရှင်ကြီးကတော့ စိတ်တွေချမ်းသာနေပြီလား။





ပြုံးနေသည်။

ဟန်ဆောင်ပြုံးနေတာ သိသိသာသာကြီး ဖြစ်နေ၏။

မင်္ဂလာဆွမ်းကျွေးပွဲ ပြီးသွား၏။

"တရားရုံးမှာ သွားပြီး လက်မှတ်ထိုးကြမယ်"

အရာအားလုံးသည် ဒေါ်နန်းနန်းမြိုင်ရဲ့ စီစဉ်နေခြင်းသာ ဖြစ်သည်။ ဒက်ဒီက ဘာမှမတောင်းဆို။

ဒေါ်နန်းနန်းမြိုင် နှုတ်မှ ထွက်လာသမျှအားလုံး ခေါင်းညိတ်ပြီးသွားပဲ။

"သွားကြမယ် ..."

လှှာလည်း ဘာမှမပြော။

နှစ်သစ်ကလည်း အေးစက်နေသည်။

မလွဲသာမရှောင်သာလို့ လက်ထပ်လိုက်ရတဲ့သဘောဖြစ်နေသည်။

"ကိုမောင်မောင်နိုင် ..."

"ပြောပါ ... နန်းနန်းမြိုင်"

"လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးဖို့ ကျွန်မသားက စိတ်မပါဘဲ လက်မှတ်ထိုးရမှာဆိုတော့ ကျွန်မတို့အားလုံး မျက်နှာတွေ သောမယာ ဖြစ်နေလို့မကောင်းဘူး ... တိမ်လွှာဖြူ ညည်းကတော့ ညည်းညည်းပြုံးပါဦး ..."

မတရားလိုက်တာ။

သူ့သားကျတော့ စိတ်မပါဘဲ လက်မှတ်ထိုးရလို့တဲ့။

ကျွန်မကရော ...



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပါလို့ လက်မှတ်ထိုးနေတာ ကျနေတာပဲ။

ပြုံးနေပါတဲ့။

ဘယ်လို ပြုံးရမလဲ။

"ဟုတ်သားပဲ သမီးရယ် ... သတို့သမီးက အဓိကကျပါတယ် သမီးလေး ပြုံးလိုက်နော် ... "

အပေါ်စီးက ...

မိန်းကလေးကိုတော့ တမင်နှိမ်ချဆက်ဆံသလိုကြီး ဖြစ်နေသည်။

"သမီးလေး ပြုံးလေ ... "

နေဦးပေါ့။

ဒက်ဒီ့ရှေ့မှာဆိုတော့ အပီအပြင် သရုပ်ဆောင်ရမည်။ ပြုံးနေလိုက်သည်။

တရားရုံး ရောက်လာကြ၏။

မိမိသဘောဆန္ဒအရ လက်မှတ်ထိုးတာနော်ဟု မေးရိုးမေးစဉ်မေးတော့ သူမခေါင်းညိတ်ပြလိုက်ရသည်။

"နှုတ်ကဖြေပါ ... "

"ဟုတ်ကဲ့ပါ"

"ဒါဆိုလည်း ဒီစာချုပ်တွေပေါ်မှာ လက်မှတ်ထိုးကြတော့"

လွှာလက်လေးတွေ တုန်ရီနေသည်။

စိတ်တွေကို အတော်လေး ထိန်းချုပ်နေရ၏။

သူမ ...

နှစ်သစ်ရဲ့ ဇနီးမယားဖြစ်သွားပြီ။





မချစ်မနှစ်သက်တဲ့ လူတစ်ယောက်နဲ့ ဘဝတစ်လျှောက်လုံး အတူနေရမှာလား။

နင့်ကို ငါ အရှုံးမပေးဘူး နှစ်သစ်။

အနိုင်ကို ရစေရမယ်။

နင့်အမေရဲ့ ထိုးနှက်ချက်တွေက အရမ်းကိုပြင်းထန်လွန်းပါတယ်။

ငါ စိတ်သောကတွေရောက်တော့ရော ဘာအကျိုးရှိမှာလဲ။

လက်မှတ်ထိုးပြီး ပြန်လာကြသည်။

"ကိုမောင်မောင်နိုင် ... "

"ပြောပါ နန်းနန်းမြိုင်"

"ရှင် ပြန်လို့ရပြီ ... "

"ကောင်းပါပြီ ... ကိုယ်ပြန်မှာပါ။ မင်းအရာအားလုံး ကျေနပ်တယ် မဟုတ်လား နန်းနန်းမြိုင် ... "

"ကျွန်မ အဲဒီမေးခွန်းကို မဖြေနိုင်ဘူး ... "

"ထားပါတော့လေ ... သမီး မေတ္တာနဲ့ပဲအရာအားလုံးကို အနိုင်ယူဖို့ ဒက်ဒီပြောထားခဲ့မယ်နော် ... မနက်ဖြန် ဒက်ဒီရိပ်သာမှာ တစ်လသွားဝင်မယ် ... သမီးကို ဒက်ဒီ စိတ်ချပါတယ်"

"ဟို ... ဟို ... ဒက်ဒီ့ကျန်းမာရေးကရော ... "

"ရပါတယ် ... နှလုံးရောဂါသမားတွေက အဲဒီလိုအေးချမ်းတဲ့ ပတ်ဝန်းကျင်မှာနေရတာယ်လေ သမီး ... တရားရိပ်သာက အေးချမ်းပါတယ်"

လွှာ သိပါတယ် ဒက်ဒီ။

ဒေါ်နန်းနန်းမြိုင်က သမီးနဲ့အဆက်အသွယ် မလုပ်ရဘူးလို့



www.burmeseclassic.com

www.burmeseclassic.com



မှာထားတယ် မဟုတ်လား။

"ဒက်ဒီ ... "

"သမီး"

"သမီး ကန်တော့ပါတယ် ... ဒက်ဒီ့ကျန်းမာရေးတစ်ခုခုဖြစ်တာနဲ့ သမီးဆီအကြောင်းကြားပါနော် ... သမီးကို ဘာမဆိုအသိပေးပါဒက်ဒီရယ်"

"စိတ်ချပါသမီးရယ် ... ဒက်ဒီ ဘာမှမဖြစ်ပါဘူး၊ တရားရိပ်မှာ ဒက်ဒီအေးအေးချမ်းချမ်း နေမှာပါ ... "

ဒက်ဒီ ထွက်သွားသည်။

လွှာ တင်းကျပ်နေတဲ့စိတ်တွေကို ပြေပျောက်သွားအောင် သက်ပြင်းတွေကို ကြိတ်ပြီး ချနေရ၏။

ဘဝက စပြီ။

တကယ်ကို မရေရာ မသေချာတဲ့ ဘဝတစ်ခုကို စရတော့မည်။

အမုန်းတွေနဲ့ စတင်ရမယ့် အိမ်ထောင်ရေးပဲ။

နှစ်သစ်က လွှာ့ကိုမချစ်ဘူး။

အရင်ထဲက လွှာနဲ့နှစ်သစ်က ခင်မင်ရင်းနှီးသူတွေ မဟုတ်ကြ။

ရန်သူတွေ ...

နှစ်သစ်က နွတ်ဆက်တာကိုပင် လွှာက အဖက်မလုပ်ခဲ့။

အတိတ်က မိဘတွေရဲ့အကြောင်းကို သိထားလို့ပါ။

လွှာ မာနနဲ့နေတာ။

အခုတော့ ...





ဒီနှစ်ယောက်က လက်ထပ်လိုက်ရတယ်။

တကယ့်ကို ... အေးစက်တဲ့ လက်ထပ်ပွဲ။

အဆောင်အယောင် အခမ်းအနားမရှိ။ ညွှေသည်မရှိ။

ခမ်းနားမှု အကင်းမဲ့ဆုံးပါပဲ။

"ဒက်ဒီ ... "

"ဟင် ... "

"ဒက်ဒီ့အနေနဲ့ သမီးကို ဥပေက္ခာ မပြုထားပါနဲ့နော်"

"အင်းပါ သမီးရယ် ... ဒက်ဒီက အေးချမ်းတဲ့နေရာလေးမှာ နေချင်တာပါ ... သမီးက ဒက်ဒီ့ဆန္ဒကို ဖြည့်စွမ်းပေးတဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ် ... "

သမီးလေးကိုကြည့်ပြီး ဦးမောင်မောင်နိုင် စိတ်ထိခိုက်ကြေကွဲရသည်။

အရာအားလုံး ဖြည့်စုံခဲ့တဲ့သမီး။

မိမိကြောင့် ... မတတ်နိုင်ဘူးလေ။

မိမိရဲ့ ကတိပဲ။

နန်းနန်းမြိုင်ကိုလည်း စိတ်ဆန္ဒတွေ ပြည့်ဝအောင် ပေးဆပ်ချင်တယ်။

ဒက်ဒီ မတရားပါဘူး။

သမီးလေးအနေနဲ့ နန်းနန်းမြိုင်ရဲ့ အငြိုးအတေးတွေ ပြေပျောက်အောင် လုပ်ပေးနိုင်မယ်လို့ ထင်ပါတယ်။

"သမီး ... "

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"မေတ္တာနဲ့ပဲ အရာအားလုံးကို အနိုင်ယူပါ ... နန်းနန်းမြိုင် အငြိုးအတေးတွေ ပြေပျောက်အောင် ကြိုးစားပါ ... သမီးရဲ့ မကောင်းသတင်းတွေကို ဒက်ဒီမကြားပါရစေနဲ့နော် ... "

"ဟုတ်ကဲ့ စိတ်ချပါဒက်ဒီ ... သမီးအတွက် ဘာမှမပူပါနဲ့ သမီးအတွက်နဲ့ ဒက်ဒီ ဘယ်တော့မှ စိတ်သောကမရောက်စေရပါဘူး"

ဒက်ဒီ့ကို စိတ်ချမ်းသာစေချင်တယ်။

လွှာ့ဘဝမှာ ဖခင်ပဲရှိတာပဲ။

"ဒက်ဒီ သွားတော့မယ်"

"ဟုတ်ကဲ့"

ဒက်ဒီ ပြန်သွားသည်။

တကယ့်ကို ... စိမ်းနေတဲ့ အိမ်ကြီးပါပဲ။

သူမနှင့်ချစ်ခင်ကျွမ်းဝင်တဲ့သူ တစ်ယောက်မှမရှိ။ နှစ်သစ်က စိတ်မပါဘဲ ကျွန်မနဲ့လက်ထပ်ရတာပါ။ အေးစက်နေသည်။

"တိမ်လွှာဖြူ ... "

"ရှင်"

"ညည်း အိမ်ရှင်မဖြစ်သွားပြီဆိုတော့ ဒီအိမ်က ဝေယျာဝစ္စတွေကို ညည်းလုပ်ရမယ်"

ဒေါ်နန်းနန်းမြိုင်က သူမကို စတင်နှိပ်ကွပ်ပြီဖြစ်သည်။

လွှာ ဘယ်လိုရင်ဆိုင်ရမလဲ။

ကျွန်မကို စိတ်သောကရောက်စေချင်တာ မဟုတ်လား။

ဒက်ဒီက သမီးမကောင်းသတင်းကို မကြားပါစေနဲ့တဲ့။





"မနက်ဖြန် ကျူပ်နဲ့ဈေးခြင်းကိုင်ပြီး လိုက်ရမယ် ... "

"ဟုတ်ကဲ့ ... "

သူမ ဘာမှမဖြစ်သလိုနှင့် ဒေါ်နန်းနန်းမြိုင်ကို ရင်ဆိုင်လိုက်သည်။ အိမ်မှာ အစေအပါးတွေနဲ့ နေလာခဲ့ရတဲ့သူမက ဘာဖြစ်လို့ ...ကိစ္စတွေကို လုပ်ရမှာလဲ။

မဖြစ်သေးပါဘူး။ လွှာ အရမ်းကြီးဆန့်ကျင်လို့ မဖြစ်သေးပါ ... ပညာရှိနဲ့ ရင်ဆိုင်မှ။

"မာမီ ခိုင်းတာတွေကို ကျွန်မအားလုံး လုပ်ပေးပါ့မယ်"

သူမ ... ခံစားချက်မဲ့သလို ဖြစ်နေသည်။

ဒေါ်နန်းနန်းမြိုင် မျက်နှာပေါ်မှာ ကျေနပ်မှုမတွေ့ရ။ မဲ့သွားသည်။

ကျွန်မက အပြစ်မဲ့တဲ့သူပါ။

ဒက်ဒီရဲ့ ပေးဆပ်မှုက ကျွန်မအတွက် စိတ်သောကတွေ ...ကစေတယ်ဆိုတာလည်း ဒက်ဒီ တွေးမိမှာပါ။

"နန်းနန်းမြိုင်က နစ်နာနေတာပါသမီး ... ဒက်ဒီတို့က ...ရေးလုပ်မိတာပါ"

အဲဒါ ... လွှာနဲ့ ဘာဆိုင်လို့လဲ။

"ဒီအိမ်ရဲ့ကိစ္စတွေ ညည်းလုပ်ရမယ် လွှာ ... "

ဒေါ်နန်းနန်းမြိုင်က ပြောပြီး ထွက်သွားတော့သည်။

သူမ ...

အိပ်ခန်းထဲမှာ ထိုင်နေမိသည်။

နှစ်သစ်မရှိ။

မင်္ဂလာအိပ်ခန်းကလည်း ဘာမှထည်ဝါခမ်းနားခြင်းမရှိ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးစလွယ်ပဲ။

လွှာက တန်ဖိုးမဲ့တဲ့ မိန်းကလေးတစ်ယောက်ဖြစ်နေပြီ
လား။

တကယ့်ကို စိမ်းတဲ့လူနှစ်ယောက်။

အိမ်ထောင်ရေးတစ်ခုကို တည်ဆောက်လိုက်ကြတာပဲ ဖြစ်
သည်။

လွှာ မခံစားဘူး။

ဘာမှ မဖြစ်သလိုနေမယ်။

ကျွန်မ ခံစားနေရတယ်ဆိုရင် ဒေါ်နန်းနန်းမြိုင် ဝမ်းသာမှာ
မဟုတ်လား။

မခံစားဘူး။

ညအိပ်ရာဝင်တော့ သူမတစ်ယောက်တည်း ဖြစ်နေသည်။

ညဉ့်နက်မှ နှစ်သစ် ရောက်လာ၏။

အရက်တွေ သောက်လာသည်။

လွှာနဲ့လက်ထပ်လိုက်ရလို့ ရှင်အရမ်းစိတ်ညစ်နေရပြီလား
နှစ်သစ်။

အခန်းထဲမှာရှိတဲ့ ဒရင်းဘတ်ပေါ်မှာ နှစ်သစ်ထိုင်ပြီး စာဖတ်
နေသည်။

သူမကို ဘာမှမပြောပေ။

မှန်းလိုက်တာ ...

ကျွန်မက ရှင့်ရဲ့အဖက်မလုပ်မှုတွေကို ခံနေရတာပဲ။

အိပ်ပျော်အောင်ကြိုးစားပြီး အိပ်နေမိသည်။

နှစ်သစ်ကတော့ လွှာ့ကိုမချစ်ပေမယ့် ဖျက်စီးဖို့လည်း မကြံ





ချင်။

မင်းလို မိန်းမတစ်ယောက်ရဲ့ နှလုံးသားတွေထဲမှာ ဘယ်
လောက်နာကြည်းနေမလဲဆိုတာ ငါသိပါတယ်။

"နှစ်သစ် ... ရှင် မိန်းမတစ်ယောက်ကို မချစ်မနှစ်သက်ဘဲ
လက်ထပ်တော့မလား"

အိ ...

ကိုယ်နဲ့ စီးပွားဖက် ...

သူ ရည်မှန်းထားပေမဲ့ အကောင်အထည်မဖော်နိုင်တော့။

ကိုယ် ယောက်ျားပီသချင်တယ် အိ။

သစ္စာမဲ့ချင်ဘူး။

တာဝန်မဲ့တဲ့ ယောက်ျားတစ်ယောက်လည်း ဘယ်တော့မှ
မဖြစ်မခံနိုင်ဘူး။

လွှာ့ကို ဥပေက္ခာပြုထားမိတာ ရက်စက်ရာရောက်နေမလား
။

မဖြစ်သေးပါဘူး။

မင်းဘဝကို ငါမဖျက်ဆီးချင်ဘူး။

တို့နှစ်ယောက်ရဲ့ အိမ်ထောင်ရေးက ဘယ်တော့မှ မခိုင်မြဲ
နိုင်ပါဘူး။

အချစ်မှ မရှိတာ။

စိမ်းလွန်းတဲ့ လူနှစ်ယောက်။

လွှာသည် သူ့ကိုဘယ်တော့မှ အဖက်မလုပ်ခဲ့တဲ့ မိန်းမဖြစ်
နေသည်။

ကံကြမ္မာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဖူးစာများလား ...

"ကျွန်မတို့ ခင်မှုမှုဟာ နောက်ဆုံးဖြစ်သင့်နေပြီနော် နှစ်သ စီးပွားရေးတောင် တွဲလုပ်လို့မဖြစ်တော့ဘူးထင်တယ်"

"ဘာမှမဆိုင်ပါဘူးအိ ... ကိုယ်တို့က မိတ်ဆွေတွေပဲ၊ စီးပွား ဘက်တွေ ဂုဏ်သိက္ခာကြီးမားစွာ နေလာခဲ့တဲ့သူတွေပဲ ..."

အိနှင့်ပတ်သက် ဆက်ဆံနေတာ သူ့အတွက် စိတ်သက်သ ရာရသလိုပဲ။

အားပေးနှစ်သိမ့်ဖော် တစ်ယောက်ပဲဖြစ်နေသည်။

"သား မချစ်မနှစ်သက်တဲ့ မိန်းမတစ်ယောက်နဲ့ လက်ထ လိုက်ရပေမယ့် ... မင်းစိတ်ပင်ပန်းစရာမလိုပါဘူး ... ပျော်ပျော်ရွှ ရွှင် လွတ်လွတ်လပ်လပ်ပဲနေနော်"

မာမီ့စကားတွေကို သူကြားယောင်လာမိသည်။

လှာ အိပ်နေ၏။

ဘာခံစားမှုမှ မရှိသလို လှာက အေးချမ်းစွာအိပ်စက် သည်။

မင်း မခံစားရဘူးလားလှာ။

မာမီ့စိတ်တွေ အနှောင့်အယှက်ဖြစ်အောင် မင်းဟန်ဆော နေတာပါ။

တမင် ...

ဘာမှမခံစားရအောင် မင်းနေပြနေတာမဟုတ်လားလှာ

နှစ်သစ် စိတ်ထဲမှာ မကျေမနပ်ကြီး ဖြစ်နေရသည်။

( ၁၁ )

"အိ ..."

"ဟင် ... နှစ်သစ် ... ရှင် ... ရှင် လှာနဲ့လက်ထပ်လိုက်တာ ကို တိတ်ဆိတ်နေတာပါလား"

"အင်း ..."

"ဘာဖြစ်လို့လဲ ... ရှင်တို့ ဘာဖြစ်လို့ ဒီလိုလက်ထပ်ကြရတာ"

အိကို ကြည့်မိသည်။

ရင်ထဲမှာ မွန်းကျပ်နေသလိုကြီး ဖြစ်နေရ၏။

လှာက လျှော့တွက်လို့မရတဲ့ မိန်းမပဲ။

မာန်မာနတွေနဲ့ တင်းနေသောလှာသည် သူ့အနားမှာ ရှိ လာအိပ်တော့ သူ့အသိအမှတ် မပြုမိ။

စိတ်ထဲမှာ တစ်မျိုးပဲ။

ကိုယ်က ယောက်ျားလေးပဲ။

လှာ့ကို ဦးကျိုးသွားစေတာကို သူကျေနပ်မိနေတာ။



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးပဲ ...

ရင်ထဲမှာ တင်းကျပ်နေတယ်။

လွှာ့ကို စိတ်သောကရောက်အောင်လုပ်ဆောင်ဖို့ မာမီစိ ဆန္ဒတွေ ပြင်းပြနေတာ သူသိနေသည်။

"ငှါမှာ အပြစ်မရှိပါဘူးနှစ်သစ် ... ဒါပေမဲ့ ငါ့ဒက်ဒီအ အတွက် နင့်အမေကျေနပ်တဲ့အထိ ငါပေးဆပ်ချင်ပါတယ်"

သူမက ပြောခဲ့သည်။

အရာအားလုံး ပြည့်စုံချမ်းသာနေသော လွှာသည် တကြီး နေထိုင်တတ်တာ သူအသိဆုံးပင်။

"ငါ ဘယ်ယောကျ်ားကိုမှ အထင်မကြီးခဲ့ဘူးနှစ်သစ် ... စိ ဝင်စားဖို့လည်း မကြိုးစားခဲ့ဘူး ... ဒါပေမဲ့ ... နင် နှိပ်စက်သ ခံဖို့ဝင့်ကြွေး ပါလာပြီထင်တယ် ... "

လွှာ ...

နင် စိတ်မညစ်ပါဘူး။

နင့်ဒက်ဒီအတွက် မဟုတ်လား။

ငှါကို အသာလေး အနိုင်ယူလွှမ်းမိုးနိုင်ပေမယ့် နင့်အ စိတ်သောကရောက်မှာစိုးလို့ အရှုံးပေးသယောင်ဆောင်တာ

"နှစ်သစ် ... "

"ဟင်"

"ရှင် စိတ်ညစ်နေလား"

"အင်း ... "

"ကျွန်မကို ရင်ဖွင့်လေ ... ကျွန်မက ရှင့်အတွက် အကော ဆုံးမိတ်ဆွေတစ်ယောက်အဖြစ် ရှိနေမှာပါ"



ဟုတ်တယ် အိ။

ကိုယ့်စိတ်ထဲမှာလည်း မင်းကိုခင်မင်တဲ့စိတ်ပဲရှိတော့တယ်။

အရင်က ... ရည်မှန်းထားချက်တွေ ဘာမှ မရှိတော့သလိုပဲ။

ငါ ယောကျ်ားကောင်း ပီသချင်တယ်။ တာဝန်ယူချင်တယ်။

ဒါပေမဲ့ ...

လွှာ ... နင်က ငှါအမေရဲ့ ရန်သူပဲလေ။

တို့နှစ်ယောက်မှာ တကယ့်ကိုစိမ်းနေပြီ။ အချစ်ဆိုတာ မရှိ

"နှစ်သစ် ... "

"ဟင်"

"လွှာနဲ့ရှင် အိမ်ချင်းကပ်နေပေမယ့် တကယ့်ကိုစိမ်းကြတာ

အိ အံ့သြနေသည်။

လွှာနဲ့တရားဝင် လက်ထပ်လိုက်ပြီ ပြောတော့ မယုံမိ။

ဘယ်လိုဖြစ်ရတာလဲ။

အိ မျှော်လင့်ထားတာက တစ်မျိုး။

နှစ်သစ်ရဲ့အချစ်တွေကို သူမပဲ ရလိမ့်မည်ဟုပင်။

"နှစ်သစ်က မာမီရွေးချယ်ပေးတဲ့ သတို့သမီးကို လက်ထပ်ရ သအိ ... မင်းကို ကိုယ့်အမေနဲ့တွေ့ပေးရမယ် ... သတို့သမီး ရွေးခံဖို့လေ ... "

နှစ်သစ် နောက်သလို ပြောင်သလိုနှင့် အမြဲပြောပြတတ်

www.burmeseclassic.com

www.burmeseclassic.com



"*မာမီက သားနဲ့ပတ်သက်တဲ့ မိန်းကလေးတွေကို မိတ်ဆက်*ပေးဖို့ စိတ်ကူးထဲတောင် မထည့်နဲ့ဦးနော် ... စိတ်ထဲမှာပဲ မှတ်ထားပါ"

နှစ်သစ်မာမီက ချွေးမအဖြစ် အစောကြီးထဲက ရွေးချ ထားတာကို။

ဘာကြောင့်လဲ ...

ကိုယ့်မာမီက ချွေးမလောင်းတွေ ခေါ်မလာနဲ့ဦးလို့ပြော တယ်ဟု နှစ်သစ်က ပြောပြထားသည်။

နှစ်သစ်ကို ဒေါ်နန်းနန်းမြိုင် ချစ်မြတ်နိုးလွန်းတာ အိသိထား ၏။

ဘာကြောင့် ဒီလိုလုပ်ရတာလဲ။

သား မချစ်မြတ်နိုးတဲ့ မိန်းကလေးတစ်ယောက်ကို ရွေးရ ရတာလဲ။ ထူးဆန်းနေသည်။

"ရှင့်အမေမှာ လွှာနဲ့ပတ်သက်ခဲ့တဲ့ အတိတ်အကြောင်း ရှိနေပြီထင်တယ်"

"အင်း ... ဦးမောင်မောင်နိုင်ကို အမေအရမ်းမုန်းနေတ ကိုယ်ထင်တာ အမေလက်စားချေတာပဲဖြစ်မယ်"

"နှစ်သစ်"

"ဟင်"

"လွှာ့မှာ အပြစ်မရှိပါဘူး"

အိ မိန်းကလေးချင်း ကိုယ်ချင်းစာစွာပြောမိသည်။

"ကိုယ် ... "



"ရှင်က ယောက်ျားပဲ ... ဘာပဲဖြစ်ဖြစ် ယောက်ျားပီသစွာ တော့ နေပြသင့်တယ်"

"အိရယ် ... မင်းက အရမ်းလေးစားစရာကောင်းတဲ့ မိန်း ကလေးတစ်ယောက်ပဲ ... "

"ကျွန်မ ရှင့်ရဲ့ မိတ်ဆွေကောင်းပဲ ဖြစ်ချင်ပါတယ်"

"အိ ... "

"ဟင် ... "

"ကိုယ်တို့နှစ်ယောက်က ဖြူစင်သန့်ရှင်းတဲ့ ထာဝရမိတ်ဆွေ တွေပဲနော် ... "

"အင်း ... "

"ကိုယ့်အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး ကိုယ့်ရင်ထဲမှာ အရမ်း မွန်းကြပ်နေတာပဲ ... အိ အားပေးစမ်းပါ၊ ကိုယ် ဘာဆက်လုပ်သင့် လဲ ပြောစမ်းပါ ... "

"ဘာပဲဖြစ်ဖြစ် လွှာက ရှင့်မိန်းမပဲ ... လွှာ့နှလုံးသားတွေ ထိခိုက်ဒဏ်ရာရအောင် မလုပ်ပါနဲ့ ... "

အိကို ကြည့်မိသည်။

အရင်က ... ကိုယ့်ကို မင်းမျှော်လင့်ထားတာ ကိုယ်သိနေပါ တယ်။

အိအပေါ် သူကိုယ်တိုင်လည်း ဘဝလက်တွဲဖော်အဖြစ် ရည် မှန်းထားပြီးသား ဖြစ်သည်။

ဒါပေမဲ့ ...

ဖူးစာ မပါခဲ့ပေ။

မာမီရဲ့ တားဆီးပိတ်ပင်တဲ့စကားတွေကြောင့် သူ အိကို

www.burmeseclassic.com

www.burmeseclassic.com



ရင်ဖွင့်မပြမိ။

အချိန်တွေကို စောင့်နေခဲ့မိသည်။

တကယ့်ကို မထင်မှတ်ဘဲ မာမီက တိမ်လွှာဖြူကို လက်ထပ်ရမည်ဟု ပြောခဲ့၏။

ငြင်းပိုင်ခွင့် မရှိ။

မာမီ အလုပ်ချင်ဆုံးအလုပ်တစ်ခုအဖြစ် နာခံလိုက်ရသည်။

"သားမှာ ငြင်းပိုင်ခွင့်မရှိဘူး ... လက်ခံရမယ်၊ မာမီ့ဆန္ဒတွေကို သားဖြည့်ဆည်းပေးရမယ် ..."

မာမီလည်း အမှတ်ကြီးပြီး လုပ်ချင်တာကို ဇွတ်လုပ်တတ်သည်။

အတ္တကြီးတာ မဟုတ်ပေမယ့် ဦးမောင်မောင်နိုင်အပေါ်တော့ အခဲမကျေနိုင်ဘဲ လက်စားချေလိုနေ၏။

မဖြစ်သင့်ပါဘူး။

လုံးဝ မဖြစ်သင့်တာ။

သူ့ဘဝကို စတေးခဲ့ရသည်။

"သားက ယောက်ျားလေးပဲ ... မနစ်နာပါဘူး၊ လေ့ကားသုံးထစ်ဆင်းရင် လွှပျံ့ပဲ ..."

မာမီ ... ဘယ်လိုပြောင်းလဲသွားရတာလဲ။

ဘယ်အချိန်က ဒီလိုအငြိုးအတေးတွေရှိနေလဲ မသိပေ။

မထင်မှတ်မိ။

ကံကြမ္မာတွေက မထင်မှတ်ဘဲ အံ့သြစရာကောင်းလောက်အောင် ပြောင်းလဲသွားရသည်။

"တိမ်လွှာ နှစ်သစ်အိမ်မှာ အခွင့်အရေးတွေအားလုံး တား





အီးစိတ်ပင်ခြင်း ခံလိုက်ရတယ်ဆို ..."

"အင်း"

"လွှာဟာ မာနကြီးလွန်းတဲ့မိန်းမနော် ..."

လွှာ့အကြောင်းတွေကို အိလည်း သိသင့်သလောက် သိနေသည်။ နာမည်ကြီးပဲ။

စီးပွားရေးလုပ်ငန်းတွေကို ဦးဆောင်လုပ်နေသူ။

"ရှင်တို့သတင်းက ပတ်ဝန်းကျင်မှာ အံ့သြစရာပြောမဆုံးအောင် ဖြစ်နေရတယ်နော်"

"အိ ..."

"ပြော ..."

"ဘာပဲဖြစ်ဖြစ်ကွာ ကိုယ်နဲ့အိကတော့ မိတ်ဆွေမပျက်ကြေးနော် ..."

"လွှာက ..."

"ကိုယ်က မှန်တာလုပ်တာပဲ ... အိနဲ့ကိုယ် အရင်ကလည်း မိတ်ဆွေသူငယ်ချင်းတွေပဲ ... အခုလည်း မိတ်ဆွေသူငယ်ချင်းတွေပဲလေ"

သူ ... အိကို ရင်ဖွင့်ချင်သည်။

အားပေးနှစ်သိမ့်ပေးတတ်တဲ့ အိနှင့်မိတ်ဆွေသူငယ်ချင်းအဖြစ် ဆက်ပြီး ပတ်သက်တာ အပြစ်မရှိဟု ထင်မှတ်ထားနေမိ၏။

ရင်ထဲမှာ ပြည့်ကြပ်နေတယ်။ စူးနင့်နေသလိုပဲ။

ဘယ်လိုဖြစ်ရတာလဲ။ လွှာ့ကို မချစ်ဘူး။

မချစ်မနှစ်သက်တဲ့ မိန်းမတစ်ယောက်နဲ့ အတူရှိနေရတာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆင်းရဲခြင်းပဲ။

"နှစ်သစ် ... "

"ဟင် ... "

"ရှင် ... ကော်ဖီသောက်မလား၊ ကျွန်မ ဖျော်ပေးမယ်"

"အင်း"

"စိတ်မညစ်ပါနဲ့ ... ရှင်ယောက်ျားပဲ၊ ဘာလုပ်သင့်လဲဆိုတာ ပဲ စဉ်းစားဆုံးဖြတ်ပါ"

"အိ ... "

"ပြော ... "

"မင်းဖျော်ပေးတဲ့ကော်ဖီကို ကိုယ်ကနေ့စဉ်သောက်ခွင့် ချင်တယ်"

"ဖြစ်ပါတယ် ... ကျွန်မနဲ့ရှင်က မိတ်ဆွေတွေပဲ ... "

အိနှင့်သူသည် လုပ်ငန်းမှာ ရှယ်ယာတစ်ယောက်တစ်ဝက် လုပ်ကိုင်နေကြသူတွေပင် ဖြစ်နေသည်။

မပတ်သက်လို့မရ။

မနက်မိုးလင်းတာနှင့် လုပ်ငန်းခွင်ရောက်ပြီး တွေ့ဆုံကြ သည်။ ညှိနှိုင်းဆွေးနွေးကြရ၏။

"လွှာက သူဌေးသမီးဆိုတော့ အိမ်မှုကိစ္စတွေတော့ လုပ်မှာ မဟုတ်ဘူးနော် နှစ်သစ် ... "

"မလုပ်ဘူးလို့ထင်တာပဲ ... လွှာကလည်း စီးပွားရေးလုပ် ငန်းတွေ ဦးစီးလုပ်နေတာပဲလေ ... "

လွှာ့ကို သူခုထိကောင်းကောင်း မျက်နှာချင်းမဆိုင်မိပေ



အစောကြီးထပြီး အလုပ်ကိုထွက်လာခဲ့သည်။

လက်ထပ်ထားတဲ့ ဇနီးမောင်နှံဖြစ်ပေမယ့် အိလောက်ပင် ...နီးပေ။ စိမ်းလွန်းနေသည်။

ပြီးတော့ ... အရင်က ...

မာနတကြီးနေတတ်တဲ့ လွှာ့ကို အမြင်ကတ်နေမိသည်။

"ကိုယ့်အိမ်ထောင်ရေးက တကယ့်ကို အူတူတူနဲ့ကွာ အိ ...ပျက်စရာကြီးပဲ ... "

"နှစ်သစ် ... "

"ဟင် ... "

"ကိုယ့်အိမ်ထောင်ရေးကို တည်တံ့ခိုင်မြဲအောင် အေးချမ်း ...သာအောင် ကြိုးစားတည်ဆောက်ဖို့ လိုအပ်တယ်နော် ... ရှင် ...ယောက်ျား မဟုတ်လား ... "

"တိမ်လွှာဖြူကိုတော့ ကိုယ်ချစ်လို့ရမှာမဟုတ်ဘူး၊ အရင်ထဲ ... အစေးမကပ်တာဘဲ"

"ရှင့်ဘက်က အဲဒီလိုစိတ်မျိုးတွေ မမွေးသင့်ပါဘူး ... "

အိက ကော်ဖီဖျော်ပြီး လာချပေးသည်။

သူတို့နှစ်ယောက်က ဒီလိုပဲ။ လုပ်ငန်းတူ စီးပွားဖက်တွေ။ အရှက်အကြောက်ကြီးပြီး နူးညံ့သိမ်မွေ့တဲ့အိရဲ့ အပြုအမူ ...ကို သူနှစ်သက်မိသည်။

လွှာနဲ့တခြားစီပဲ။

မျက်နှာကျောတင်းတဲ့လွှာသည် စီးပွားရေးလုပ်ငန်းတွေမှာ ...ည်း ခပ်သွက်သွက် လှုပ်ရှားနေတတ်သည်။

အခုတော့ ... မာမီက ချုပ်ကိုင်ထားလိုက်သည်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အံ့သြစရာကောင်းတာက လွှာနာခံတာပဲ။

ဦးမောင်မောင်နိုင်ကြောင့်လား။

ဖခင်ကျန်းမာရေးမကောင်း၍ လွှာစိတ်တွေ လျှော့ပစ်လိုက်တာပဲ ဖြစ်နိုင်သည်။

"လွှာက အရမ်းတော့ပြောင်းလဲသွားတယ် အိ ... မာမီ့အမိန့်ကိုနာခံတယ် ... ကိုယ့်ကို အလျှော့ပေးတယ်"

"သနားပါတယ် ... နှစ်သစ် ဒီလောက်မာန်မာနကြီးတဲ့ မိန်းမတစ်ယောက်ရဲ့ မာနကို ရိုက်ချိုးပစ်ခြင်းခံရတာပဲ ... အိ ကိုယ်ချင်းစာတယ် ..."

"သူ့အဖေကြောင့် ဖြစ်မှာပါ ... အဘိုးကြီးက နေမကောင်းဘူးထင်တယ်"

"ဦးမောင်မောင်နိုင်ကလည်း တကယ့်ကိုပေးဆပ်တာပဲနော်"

"မာမီ့ဘက်က ထိခိုက်နစ်နာမှုတွေ အများကြီးပါလို့ မာမီက ပြောတာပဲအိ ..."

"ကဲ ... ဘာမှမတွေးမနေနဲ့တော့ ... ရှင်တို့မွေးလာတဲ့ ကလေးတွေရဲ့ အနာဂတ်က ရှိသေးတယ်လေ"

မွေးလာမယ့် ကလေးတွေရဲ့ အနာဂတ်တဲ့လားအိရယ်။

မဖြစ်နိုင်ဘူး။

ကိုယ် လူပျိုပဲရှိသေးတယ်။

အိကို ပြောပြလို့ မဖြစ်လို့သာ။

လွှာနဲ့ကိုယ် ခုထိ ဘာမှငြိစွန်းကြခြင်း မရှိသေးဘူး။

တစ်နေ့နေ့ကျရင်တော့ ကိုယ်တို့ကွာရှင်းပြတ်စဲကြမှာပါ။





ကွဲကွာကြရမှာပါ။

အဲဒီလိုပြောပြရင် အိအပြင်းအထန် ဆန့်ကျင်မှာပဲ မဟုတ်ဘူး။

"ကျွန်မကတော့ ရှင်တို့အိမ်ထောင်ရေးကို အေးချမ်းနေစေချင်ပါတယ်"

"ကိုယ်တို့အလုပ်ကိစ္စတွေပဲ ဆက်ပြီးဆွေးနွေးကြရအောင်နော်"

"နှစ်သစ် ..."

"ပြော ..."

"ရှင့်အမေက ဘာပဲပြောပြော ရှင်က အမှန်တရားကို ဆုံးဖြတ်နိုင်စွမ်းရှိတဲ့ ယောကျ်ားပဲ ... လွှာ့မှာ အပြစ်မရှိပါဘူး"

အိကို ခေါင်းညိတ်ပြဖို့ပင် သူ ဝန်လေးနေမိသည်။

ဘာကြောင့်လဲ ...

လွှာ့ကို မုန်းနေမိလို့လား။

မာမီ့ကြောင့်တော့ မဟုတ်ပါဘူး။

မင်းကိုယ်တိုင်က အမြင်ကတ်စရာကောင်းနေတာပဲ။

လမ်းမှာတွေ့လို့ သူပြုံးပြနှုတ်ဆက်တာကို ခပ်တည်တည်နှင့် ...န်ပြန်လိုက်ထဲက လွှာ့ကို အမြင်ကတ်နေတာပါ။

လွှာ့ကို မေ့ပျောက်ထားဖို့ပဲ နှစ်သစ် ကြိုးစားနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၂ )

"တိမ်လွှာဖြူ"

"ရှင် ... "

"ညည်း အိမ်ရှင်မ ဖြစ်သွားပြီနော်"

"ဟုတ်ကဲ့ပါ မာမီ ... "

"အရင်က ညည်းဘာမှမလုပ်တတ်ရင်လည်း အခုအိမ်မှုကိစ္စတွေကို ညည်းလုပ်ရမယ်"

"ဟုတ်ကဲ့ပါ မာမီ ... "

ဒေါ်နန်းနန်းမြိုင် စိတ်ထဲမှာတော့ နည်းနည်းတော့ အံ့ဩတုန်လှုပ်သွားရသည်။

တိမ်လွှာဖြူ ...

ညည်း ရှိုက်ကြီးနေတာပါလား။

ဘာကြောင့်လဲ ...

မာန်မာနတွေ အရမ်းတက်တဲ့ မိန်းကလေးတစ်ယောက်ရဲ့ ဘဝကို ရိုက်ချိုးပစ်ဖို့ မိမိရဲ့ ထိုးနှက်ချက်က မအောင်မြင်ချင်တာမျိုး





သား။

လွှာမျက်နှာပေါ်မှာ ထိခိုက်ကြေကွဲစိတ်တော့ မရှိပေ။ ပေါ့ပါးနေသည်။

ကိုမောင်မောင်နိုင်ကတော့ သမီးကို မိမိလက်ထဲထိုးအပ်ပြီး အရေးရိပ်သာသို့ ထွက်သွားပြီဖြစ်၏။

မိမိကို ပေးဆပ်တာလား။

အတိတ်ကဖြစ်ရပ်တွေအတွက် မိမိနှလုံးသားတွေထဲမှာ နာကြည်းရှနေဆဲပင် ဖြစ်သည်။

မေ့ပျောက်ဖြစ်လို့မရ။

မလုပ်သင့်ဘူးလား။

လုပ်သင့်တယ်။

တရားမျှတတာတွေ မမျှတတာတွေ မိမိ ဘာမှမစဉ်းစားလိုတော့။

စိတ်ထဲမှာ အမြဲတမ်းမကျေနပ်မှုတွေ အခဲမကျေမှုတွေပဲ ရှိနေသည်။

"လွှာ ... "

"ရှင် ... မာမီ ... "

"ကျုပ်ဆွဲခြင်းကိုကိုင်ပြီး ညည်းလိုက်ခဲ့ပါ"

"ဟုတ်ကဲ့ မာမီ ... "

လွှာ ...

အပိုးကျိုးပြလိုက်သည်။

ဒေါ်နန်းနန်းမြိုင်ကို အနိုင်ယူဖို့ ပထမဆုံးခြေလှမ်းပင် ဒက်ဒီကြောင့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



နှလုံးရောဂါဝေဒနာ ခံစားနေရတဲ့ ဒက်ဒီ့ကို စိတ်ဝေဒနာတွေ မခံစားစေလိုတော့။

စိတ်ဖိစီးမှု မဖြစ်ချင်ပေ။

လွှာ ရှုံ့ပစ်ချင်သည်။

မာန်မာနတွေ ပြချင်၏။

ဒါပေမဲ့ ... ဒက်ဒီ့ကိုတော့ သူမ ပေးဆပ်ချင်တဲ့ဆန္ဒတွေ[illegible] သည်။ မာန်တွေကို လျှော့ပစ်လိုက်၏။

ဒေါ်နန်းနန်းမြိုင်ရဲ့ ဆွဲခြင်းကို ကိုင်ပြီး အိမ်ဖော်အဖြစ် လိုက် နေရသည်။

ကိစ္စမရှိပါဘူး။

ကျွန်မ လိုက်ပါ့မယ်။

ရှင် ဘယ်လောက်အထိ နှိမ်ချဆက်ဆံမလဲ။

ဒေါ်နန်းနန်းမြိုင် ... လွှာ ပေးဆပ်ပါ့မယ်။

အိမ်ထောင်ရှင်မတစ်ယောက်ရဲ့ တာဝန်ဝတ္တရားတွေကို လုပ်ဖို့ ကျွန်မဘယ်တော့မှ စဉ်းစားခဲ့တာ မဟုတ်ပါဘူး။

အရာအားလုံး ပြည့်စုံခဲ့တာပဲ။

စီးပွားရေးကလွဲပြီး သူမဘာအကြောင်းမှ ခေါင်းထဲထည့် စရာမလိုတာပါ။

"တိမ်လွှာဖြူ ... "

"ရှင် ... "

"ငါ့သားက ပုဇွန်တုပ်ဆီပြန်နဲ့ မုန်လာဥချဉ်ရည်ဟင်းကို ကြိုက်တယ်"

"ဟုတ်ကဲ့ ... "





"ညည်း ချက်တတ်အောင် ကြိုးစားထားပါ"

ဟွန်း ...

ကျွန်မက နှစ်သစ်ရဲ့ အစေအပါးလုပ်ရမှာလား။

ဒေါသက ဖြစ်ချင်လာရသည်။

မဖြစ်သေးဘူး။

လွှာ ... ညည်းဒက်ဒီက နေမကောင်းဘူးလေ။

စိတ်ကို လျှော့ပစ်လိုက်ရသည်။

ဒေါ်နန်းနန်းမြိုင်ကတော့ စိတ်ဝေဒနာရှင်တစ်ယောက်လို [illegible]သက်မဲ့စွာ ကြောင်စီစီနှင့် လှုပ်ရှားနေ၏။

အမိပွားယ် မရှိတာဘဲ။

ဒက်ဒီနဲ့မာမီကြောင့် လွှာ့ကိုနှိပ်စက်တာ ဘာအကျိုးရှိမှာ [illegible]

မာမီ ...

သမီးအဖြစ်ကို လာကြည့်ပါဦး။

"ဟဲ့ ... တိမ်လွှာဖြူ"

"ရှင် ... "

"ငါ့သားမှာ မိန်းကလေးသူငယ်ချင်း အိအိဆိုတာရှိတာ [illegible]ည်းသိလား ... "

"သိပါတယ် ... "

"အိနဲ့သားက လုပ်ငန်းတူစီးပွားဖက်တွေလေ ... ဆောက် [illegible]ရေးလုပ်ငန်းတစ်ခုမှာ ရှယ်ယာပိုင်ဆိုင်ကြတယ် ... "

"ဟုတ်ကဲ့ ... "



www.burmeseclassic.com

www.burmeseclassic.com



လွှာ့ကို ကြည့်သည်။

အေးစက်စက်ပြောနေတဲ့လွှာ့ကို အံ့ဩနေပုံပင်။

နှစ်သစ်မှာ အိမ်ဆိုတဲ့ မိန်းကလေးနှင့် ပတ်သက်ဆက်ဆံနေတာကို လွှာသိသွားပဲ။

စားသောက်ဆိုင်မှာ တွေ့ပြီးသွားပဲ။

လွှာ မခံစားပါဘူး။

ဘာလို့ ခံစားရမှာလဲ။

နှစ်သစ်နှင့် လွှာက တစ်နေ့ကျရင် ကွာရှင်းပြတ်စဲကြရမှာလေ။

အချစ်မရှိတဲ့ အိမ်ထောင်ရေး။

ဘာလုပ်ရမှာလဲ။

"သားနဲ့အိ တွဲသွားတွဲလာလုပ်တာကို ညည်းကန့်ကွက်ဖို့မလိုဘူးနော် ..."

"မကန့်ကွက်ပါဘူး ..."

"ဟင် ..."

ဒေါ်နန်းနန်းမြိုင် အကြည့်တွေက ဆတ်ခနဲ ရောက်သွားသည်။

လွှာ ...

ညည်း ရူးနေတာလား။

ဘာမှ မဖြစ်သလိုဘဲ။

ဒေါ်နန်းနန်းမြိုင်က ခံစားနေစေချင်တာပါ။

မိမိ ဘယ်လိုပဲထိုးနှက်ပါစေ။





လွှာကတော့ အေးစက်စွာဖြင့် ခံစားမှုမဲ့စွာ တုန့်ပြန်နေသည်။

"ကျွန်မ လူတစ်ယောက်ရဲ့အခွင့်အရေးကို နားလည်ပါတယ်နော် ... နှစ်သစ်က လုပ်ငန်းလုပ်တာပဲ ... ဒီလောက်တော့ ရှိမှာပေါ့လေ ..."

ဘုရားရေ ...

လွှာ့ကို စိတ်သောကရောက်အောင် လုပ်ဖို့က လွယ်ပါ့မလား။

"နှစ်သစ်နဲ့ လက်ထပ်ခွင့်ရတာကိုက လွှာ့အတွက် အကြီးဆုံး ဆုလာဒ်ကြီးတစ်ခုပါပဲ မာမီမြိုင် ..."

"ဘာဖြစ်လို့လဲ ..."

"နှစ်သစ်က ယောကျ်ားပီသတယ် ... ပညာတတ်တယ်၊ ...ကြွယ်ဝတယ် ... ဖျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်တစ်ယောက်ပဲ ..."

"တော်စမ်းပါ"

မှတ်ထား။

တိမ်လွှာဖြူပဲဟာ။

သူမက အေးအေးဆေးဆေး တုန့်ပြန်တော့ ဒေါ်နန်းနန်းမြိုင် ...နေသည်။

ဒက်ဒီကို ပြန်တိုင်လို့လည်း မရတော့။

လွှာ ဘာအပြစ်မှ မကျူးလွန်ပေ။

"နှစ်သစ်လို ယောကျ်ားတစ်ယောက်ကို ကျွန်မပိုင်ဆိုင်ရတာ ... ကြီးကျယ်ခမ်းနားတဲ့ စိတ်ကျေနပ်မှုကို ရစေနိုင်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



မာမီမြိုင်"

ရှုံ့ပစ်တာပါ။

ပညာသားပါပါနဲ့ ရှုံ့ပြလိုက်တာလေ။

"နှစ်သစ်ကို ကျွန်မ မောင်လို့ခေါ်ရင်ကောင်းမယ်ေ
မာမီမြိုင် ..."

"ဘာ ..."

"မောင်လို့လေ ..."

"မခေါ်ပါနဲ့ ..."

"ဟင် ... ဘာဖြစ်လို့လဲ မာမီမြိုင် ... လွှဲဘက်က ထ
ကျေးပြတာပါ။ မောင့်အပေါ် လွှာ ... မာန်မာန မထားကြော
သက်သေပြတာပါ"

ဒုက္ခပါပဲ။

ဒီဟာမလေး ရှုံ့နေတာ။

ညည်းလောက် မာန်မာနကြီးမားတဲ့ မိန်းကလေးက ကျ
သားကို အောက်ကျို့ပြတာ မရိုးသားဘူး။

တိမ်လွှာဖြူ့ကို ခံစားစေချင်ကာမှ ဘာမှမဖြစ်သလို ဖြစ်ေ
သည်။ နည်းနည်းတော့ မကျေနပ်မိ၏။

"မောင်က ယောကျ်ားပဲ ... လွှာက သူများအခွင့်အရေးေ
ကို ဝိတ်ပင်တားဆီးတာတွေ လုံးဝမကြိုက်တာဘဲ မာမီမြိုင်"

မပြောချင်တော့ ...

အိမ်ပြန်ရောက်လာပြီး ထမင်းဟင်းတွေ ချက်နိုင်းတော
လည်း သီချင်းတအေးအေးနှင့် ချက်ပြုတ်နေသည်။

တိမ်လွှာဖြူက လုပ်တတ်သားပဲ။



"ကျွန်မက ထမင်းဟင်း ချက်တာဝါသနာပါတယ် မာမီမြိုင်
အိမ်မှာ ကျွန်မပဲ စီမံခန့်ခွဲတာလေ ..."

သွားပြီ။

တိမ်လွှာဖြူကို ခေါ်ပြီး နှိပ်စက်သလိုမဖြစ်ဘဲ မိမိအနှိပ်စက်
ခံနေရသလို ဖြစ်နေသည်။

ကိုမောင်မောင်နိုင်ကို တိုင်ဖို့ကလည်း ဒီဟာမလေးမှာ
အပြစ်ပြစရာမရှိ။

မိမိနိုင်းစေသမျှ လုပ်ဆောင်ပေးနေသည်။

ဒေါ်နန်းနန်းမြိုင် စိတ်မောလှုမောကြီး ဖြစ်နေရ၏။

တိမ်လွှာဖြူကတော့ သီချင်းလေးတအေးအေးနှင့် အလုပ်
တွေ လုပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၃ )

"ဟူး … မလွယ်ဘူး၊ တကယ့်ကို ပညာရှိနှိပ်စက်တဲ့ ယောက္ခမကြီးပဲ … "

လွှာ …

ဟန်ဆောင်လုပ်နေရပေမယ့် စိတ်ထဲမှာပင်ပန်းနွမ်းနယ်နေရသည်။

မလွယ်ဘူး ဒက်ဒီရေ။

သမီးကို ပညာရှိ ညှဉ်းပမ်းနှိပ်စက်နေတာပါ။

အခန်းထဲရောက်မှ စိတ်မောလူမောနှင့် မကျေမနပ်ဖြစ်မိသည်။

ပင်ပန်းလိုက်တာ။

လွှာ အမြဲတမ်း ပျော်ရွှင်လွတ်လပ်စွာ နေလာခဲ့တဲ့ မိန်းကလေးပါ။

အိမ်မှုကိစ္စတွေလည်း အစေအပါးတွေနဲ့ပဲ လုပ်ခဲ့တာပဲ။

ဒါပေမဲ့ …





စားသောက်ဖွယ်ရာတွေ ကိုယ်တိုင်ချက်ပြုတ်တာကို ဝါသနာပါ၍ သင်ထားသည်။

ဘာမှမခက် …

ဒေါ်နန်းနန်းမြိုင်တော့ စိတ်ထဲကလိ ကလိနေမှာပဲ။

"သမီး … နန်းနန်းမြိုင်က သမီးအမေဖြစ်နေပြီ … ကိုယ့်မာမီလိုပဲသဘောထားပြီး ပြုမူဆက်ဆံပါ … "

ဒက်ဒီ …

ဒေါ်နန်းနန်းမြိုင်က သမီးအပေါ် မိခင်တစ်ယောက်လို မဆက်ဆံဘူး။

သမီးအကျိုးပျက်စီးအောင် ကြံစည်နေတာပဲ။

စိတ်မညစ်အောင်နေပေမယ့်လည်း လွှာစိတ်ညစ်မိသည်။

ဒေါ်နန်းနန်းမြိုင်ရှေ့မှာပဲ ဟန်ဆောင်နေပြတာပါ။

ပညာချင်း ပြိုင်တာလေ။

လွှာ စိတ်မညစ်လေ ဒေါ်နန်းနန်းမြိုင် နေမထိထိုင်မသာ ဖြစ်နေ၏။

"ဟူး … "

သက်ပြင်းမောကြီးကို မှုတ်ထုတ်ပစ်ရသည်။

နှစ်သစ် ပြန်မလာသေးဘူး။

ဟိုအမျိုးသမီးနဲ့များ …

အို … မတွေးပါဘူး။

လွှာ … ဘာတွေ စဉ်းစားနေတာလဲ။

နှစ်သစ်နဲ့လွှာက တရားဝင်လက်ထပ်တာဆိုပေမယ့် ချစ်သူတွေမှ မဟုတ်တာ။



www.burmeseclassic.com

www.burmeseclassic.com



အိအိနဲ့များ … ရှင် … မတွေးတော့ပါဘူး။

ရှင်က ကျွန်မကို စိတ်သောကရောက်အောင် လုပ်မှာပဲ မဟုတ်လား။

လုပ်ပါ။ ရှင်တို့ ဘယ်လောက်အထိ လုပ်နေနိုင်မလဲ။

ကျွန်မ ဘယ်တော့မှ အရှုံးမပေးဘူး။

အနိုင်ယူပြမယ်။

အဲဒါ … ကျွန်မရဲ့ စိန်ခေါ်မှုပဲ။

ဒက်ဒီ့ဆီလည်း သူမရဲ့ မကောင်းသတင်း မရောက်ဖို့ အရေးကြီးသည်။

ဒေါ်နန်းနန်းမြိုင် ဘာပြောလို့ရမလဲ။

လျှာက သူပြောတဲ့အတိုင်း နေတာလေ။ အိပ်လို့မရ။

ဘယ်ညာလူးလှိမ့်ရင်း ယောကျ်ားဖြစ်သူကို စောင့်နေမိသည်။

အဲဒါ … မိန်းမတွေရဲ့ သဘာဝလား။

နှစ်သစ် …

ရှင်က အပြစ်မရှိတဲ့ ကျွန်မအပေါ် ရက်စက်နိုင်တယ်။

သူမအပေါ် နှစ်သစ်အမြင်ကတ်နေတာ သူမသိနေသည်။

မထင်မှတ်မိ။

အိမ်နီးနားချင်းဖြစ်ပေမယ့် နှစ်သစ်ကို သူမပြုံးပြနှုတ်ဆက်တာမျိုးတွေ မလုပ်ခဲ့။

မာနတကြီး နေခဲ့မိသည်။

နှစ်သစ်က အိမ်နီးနားချင်းဖြစ်၍ ပြုံးပြနှုတ်ဆက်တာပင် သူမ က ခပ်တည်တည်နှင့် လှည့်ပစ်တတ်နေ၏။





မိသားစုချင်းလည်း မပတ်သက်ကြ။

အတိတ်ကအကြောင်းတွေရှိနေကြတာ မာမီပြောပြထား၍ လျှာကသိနေသည်။

ဒါကြောင့် …

မပတ်သက်တာပါ။

နှစ်သစ်ကတော့ ဘာမှသိပ်ပြီး သိပုံမရပေ။

အခုတော့ သိပြီပေါ့။

နင် ငါ့ကိုပိုပြီး နှိပ်စက်တော့မယ်။

ကြည့်စမ်း …

ခုထိ … ပြန်မလာသေးဘူး။

အိအိနဲ့ လျှောက်သွားနေလားပဲ။

သွားပါစေ … နင်နဲ့ဘာဆိုင်လို့လဲလျှာ။

ခံစားမနေပါနဲ့။

ဘာခံစားမှုမှမရှိတာက နင့်ရဲ့အောင်မြင်မှုပဲ။

ဟုတ်တယ် … အိပ်တော့မယ်။

မဖြစ်သေးပါဘူး။

နှစ်သစ် ကော်ဖီများသောက်တတ်မလားဘဲ။

ဒေါ်နန်းနန်းမြိုင် ဘာမှမပြောပေမယ့် သူမက ကော်ဖီကို ဓာတ်ဘူးလေးနှင့် ဖျော်ပေးထားရင် ကောင်းမလား။

နှစ်သစ်က ညဥ့်နက်တဲ့အထိ ထိုင်ပြီးအလုပ်တွေ လုပ်တတ်သည်။ လျှာ လက်ဖက်သုပ်လေး ကောင်းကောင်း သုပ်ထွေးချင်လိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှုကိစ္စတွေ လွှာကိုယ်တိုင် မလုပ်ရပေမယ့် စားသောက်ဖွယ်ရာတွေ ပြင်ဆင်ပြုလုပ်တာတော့ တတ်ကျွမ်းသည်။

မာမီက အိမ်ရှင်မပီသတယ်။

အချက်အပြုတ် စားသောက်ဖွယ်ရာတွေကို အရသာရှိအောင် ပြင်ဆင်ချက်ပြုတ်တတ်တယ်။

လွှာလည်း ဝါသနာပါသည်။

မာမီက အဘက်ဘက်ကနေ ပြည့်စုံနေအောင် သင်ကြားပေးထား၏။

"သမီးလေးကို မချစ်မနှစ်သက်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ရင်ခွင်မှာ ဘဝတစ်သက်တာ မြှုပ်နှံလိုက်ရမှာကို စိုးရိမ်တယ်"

ဒေါ်နန်းနန်းမြိုင်နဲ့ မာမီတို့ရဲ့ အတိတ်အကြောင်းကို သိပေမဲ့ ဒီလိုလက်ထပ်ရလိမ့်မည်ဟု မထင်မှတ်မိ။

မာမီက ထိုကိစ္စ ပြောမပြခဲ့။

ဒက်ဒီပဲ သိတာဖြစ်နိုင်သည်။

ဘာတွေလဲ ... ရှုပ်ထွေးလိုက်တာ။

မာမီ ... သမီးလေ ...

အချစ်မရှိတဲ့ ယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်ထဲမှာ သမီးဘဝကို မြှုပ်နှံလိုက်ရပြီ။

သူ့ကိုလည်း မချစ်မိဖို့ သမီးကြိုးစားနေရတယ်။

ဒါပေမဲ့ ... မာမီရယ် ...

မိန်းကလေးတစ်ယောက်ရဲ့ နှလုံးသားက ပျော့ညံ့နေလားပဲ။



သမီးက မာကျောပြီး ဘဝကိုပြည့်စုံမှုတွေနဲ့အတူ မာန်မာနတွေ ထောင်လွှားနေခဲ့တယ်။

တကယ်တမ်းကျတော့ ...

သမီးစိတ်တွေ ပျော့ညံ့နေသလိုပဲ။

နှစ်သစ်ကို အရှုံးမပေးချင်ဘူး။

သံယောဇဉ်လည်း တွယ်ငြိမနေချင်ဘူး။

သူ ... ဘာဖြစ်လို့ မလာသေးတာလဲ။

ကျွန်မက ရှင့်မိန်းမလေ။

အဲဒါ ...

သတိရသေးရဲ့လား။

ရှင့်အသိတွေထဲမှာ လွှာဆိုတဲ့ မိန်းမရှိနေမှာ မဟုတ်ပါဘူး။

"တီ ... တီ"

"တီ ..."

သူ ...

လာပြီပဲ။

ကျွန်မ တံခါးထဖွင့်ပေးချင်လာသည်။

မာနနဲ့ နေစမ်းပါလွှာ။

နေလို့မရ။

စိတ်ထဲမှာ တင်းကျပ်နေပြီး အောက်ထပ်သို့ဆင်းလာခဲ့သည်။

"တီ ... တီ"

"တီ ..."

ခြံစောင့်ကြီးက တံခါးဖွင့်ပေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်သစ် ကားလေး ဝင်လာ၏။

ဘယ်အချိန် ရှိနေပြီလဲ။

ဒေါသတကြီး ရန်တွေ့ပစ်လိုက်ချင်တဲ့ဆန္ဒတွေကို ချိုးနှိမ်ထားလိုက်ရသည်။

နှစ်သစ် ကားပေါ်မှ ဆင်းလာ၏။

“မောင် … အိတ်ပေးလေ … နောက်ကျလိုက်တာမောင်ရယ် … လွှာ မျှော်နေတာပါ … ”

သူ … အံ့သြသွားရသည်။

လွှာ ဘာလာကြောင်တာလဲ။

မင်းက ဒီလောက်အထိ မာန်မာနတွေကို ချိုးနှိမ်မယ့်မိန်းမတစ်ယောက်မဟုတ်ဘူး။

ဒီမိန်းမ ဟန်ဆောင်နေတာ။

သူ့လက်ထဲက အိတ်ကိုလှမ်းယူနေသည်။

မာမီ သင်ထားတာလား။

မင်းက တော်တော်အပိုးကျိုးပြနေတာပဲကွာ။

“သား … ”

“ဟင် … မာမီ”

“အပေါ်ထပ် တက်မသွားနဲ့ဦး … ”

“ဟုတ်ကဲ့ မာမီ”

“တိမ်လွှာဖြူ ညည်းအပေါ်ကပဲ စောင့်နေပါ … ”

“ဟုတ်ကဲ့ … ”

တိမ်လွှာဖြူက အိတ်ဆွဲပြီး အပေါ်ထပ်ကိုတက်သွားသည်။

“သား … ”





“ဗျာ … မာမီ”

“တိမ်လွှာဖြူက မင်းကိုမောင်လို့ခေါ်တာနဲ့ မင်းပစ်ကျသွားနဲ့နော်သား … ”

“မကျပါဘူးမာမီ … လွှာ ဟန်ဆောင်နေတာဆိုတာ သားသိပါတယ်”

“တကယ့်ကို ဟန်ဆောင်ကောင်းတဲ့မိန်းမပဲသား … မာမီလောက်နှိမ်ချဆက်ဆံတာကို အပြုံးမပျက် လုပ်ပေးနေတယ်သား”

“ဟင် … ”

“မာမီ့ကို ပညာရှိနည်းနဲ့ တုန့်ပြန်နေတယ်ထင်တယ်သား။ မာမီစိတ်တွေ ပိုပြီး တင်းကျပ်လာရတာယ်”

“သားတို့ ကွာရှင်းလိုက်ရမလား မာမီ … ”

“မလိုသေးပါဘူး … ဒီဟာမလေးကို လျှော့တွက်ထားလို့ရဘူး … ကိုမောင်မောင်နိုင်ကိုလည်း တိုင်လို့မရဘူး … သူကတကယ့်ကို နှိမ်ချနေတာ”

“အလကားပါ မာမီ … ဟန်ဆောင်နေတာပါ … ဒီမိန်းမအကြောင်း သားသိတယ်”

“သား ထမင်းစားပြီးပြီလား”

“စားပြီးပြီ မာမီ”

“အိန့်လား”

“ဟုတ်တယ် … ”

“တကယ်တော့ သားကို အိန့်ပဲ လက်ထပ်ပေးရမှာ … အခုတော့ သားစိတ်သောကတွေ ရောက်နေရပြီလားကွယ် … မာမီ



www.burmeseclassic.com

www.burmeseclassic.com



အတွေကြီးသွားတယ် ...”

မိမိ ... နောင်တတွေ ရမိလာရသည်။

ကိုမောင်မောင်နိုင်ကို စိတ်ဒုက္ခရောက်အောင် လုပ်ချင်တာနဲ့ မဆီမဆိုင် သားက စိတ်သောကတွေရောက်နေရ၏။

ဒီမိန်းကလေးက ရွဲ့နေတာလား။

ဖြစ်နိုင်တယ်။

ဘာမှ မဖြစ်သလိုဘဲ။

“မခင်သီ သမီးပဲ ... အိမ်မှုကိစ္စတွေတော့ ကျွမ်းကျင်တယ်”

ထက်မြက်တဲ့ မိန်းကလေးတစ်ယောက်ပဲဆိုတာ ဒေါ်နန်းနန်းမြိုင် သတိထားမိသည်။

စီးပွားရေးလုပ်ငန်းကိုလည်း သားလက်ထဲအပ်ထားခဲ့၏။

ဒါတောင် ... လွှာက ဟန်မပျက်။

စိတ်သောကရောက်နေပုံလည်း မရှိပေ။

“မင်းလို ယောကျ်ားတစ်ယောက်နဲ့ လက်ထပ်ခွင့်ရတာ အရမ်းကို ဂုဏ်ယူဝမ်းမြောက်နေတာတဲ့ ... အဲဒါ ရွဲ့ပြီးပြောတာ မဟုတ်လား သား ...”

လွှာ ...

မင်းမာမီ့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်တာ မဟုတ်လား။

“မာမီ ...”

“ဟင်”

“လွှာ စိတ်သောကမရောက်ဘဲ မာမီစိတ်သောကရောက်





နေပြီလား”

“တိမ်လွှာဖြူ မာမီ့ကို လာယှဉ်ပြိုင်လို့ မရပါဘူး၊ အမိက သားပဲ ...”

“ဗျာ”

“မိန်းမဆိုတာ သဘာဝကိုက ယောကျ်ားအပေါ် သံယောဇဉ်တွယ်တာတတ်လေ့ရှိတယ် ...”

“ဗျာ ...”

“မင်းအပေါ် တိမ်လွှာဖြူ မဖြစ်မနေ ချစ်ခင်နှစ်သက်စိတ်တွေ ဝင်လာမယ်လို့ ထင်တယ်”

သူ ... စိတ်မောမိသည်။

ဒီမိန်းမက ဘယ်တော့မှ သူ့အပေါ် ချစ်ခင်နှစ်သက်ပုံပေါ်စရာမဟုတ်။ မာကျောကျော မိန်းမပဲ။

“မာမီ”

“ဟင် ...”

“မာမီ ဘာလို့စိတ်ပင်ပန်းခံနေရတာလဲ ... အသက်ကြီးပါပြီ ကိုယ့်စိတ်တွေ ပင်ပန်းအောင် မညှဉ်းပမ်း မနှိပ်စက်ပါနဲ့တော့”

“မာမီ မကျေနပ်ဘူး ... ဘဝတစ်သက်တာလုံး ခံစားလာခဲ့ရတဲ့ နာကြည်းမှုတွေကို ဒင်းတို့မလွှဲမသွေ ပေးဆပ်ရမှာပဲသား”

“မာမီရယ် ...”

အခု ... မာမီရော သားပါ ပေးဆပ်နေကြရပြီပဲ။

လွှာက မာမီ့လက်အောက်ကို ရောက်လာပေမယ့် မာမီ စိတ်ချမ်းသာလို့လား။

“မာမီ မကျေနပ်သေးဘူး ... မောင်မောင်နိုင်ကတော့ သမီး



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အတွက် အရမ်းခံစားနေရမှာ သေချာတယ်သား ... ”

“ဦးမောင်မောင်နိုင်မှာ နှလုံးရောဂါဝေဒနာတောင် ခံစားနေရပြီတဲ့ ... ဘဝတစ်လျှောက်လုံး သူလည်းကြေကွဲမှုတွေ ခံစားနေရမှာပဲ”

ဒေါ်နန်းနန်းမြိုင်ကတော့ ကိုမောင်မောင်နိုင်ဆိုတဲ့လူကို နာကြည်းနေဆဲပင် ဖြစ်သည်။

မကျေဘူး။

ဘယ်တော့မှ မကျေဘူး။

မေ့ပစ်လို့လည်း မရ။

ဒေါသတွေပဲ ဖြစ်နေရသည်။

တိမ်လွှာဖြူကို စိတ်သောကရောက်အောင် လုပ်ပေမဲ့ ... မိမိ အမိန့်ကို နာခံနေသည်။

“မာမီ အနားယူပါတော့ ... စိတ်ထဲမှာ ရှိနေတဲ့ အငြိုးအတေးတွေကို တရားနှလုံးသွင်းပြီး ဖြေဖျောက်လိုက်တာ အကောင်းဆုံးပါပဲ မာမီရယ် ... ”

“မာမီ့ကို တရားမချပါနဲ့သား ... တိမ်လွှာဖြူကိုတော့ မာမီ အနိုင်မပေးနိုင်ဘူး ... ရှုံးစေရမယ် ... ”

တိမ်လွှာဖြူကလည်း မာမီ့ကို စိန်ခေါ်မှုအနေနဲ့ ယှဉ်ပြိုင်တော့မှာပဲ။

နှစ်သစ်စိတ်တွေ ရှုပ်ထွေးလာမိသည်။

တိမ်လွှာဖြူနဲ့ လက်ထပ်လိုက်တာ မှားသွားပြီလား။

မတတ်နိုင်ဘူး။

မာမီ စီစဉ်တာပဲ။





“မင်းလုပ်ငန်းတွေရော အဆင်ပြေရဲ့လား သား ... ”

“အဆင်ပြေပါတယ်”

“အိမ်နဲ့ရော အဆင်ပြေရဲ့လားကွယ် ... တကယ်ဆို သားနဲ့ အလိုက်ဖက်ဆုံးက အိမ်ပါပဲ ... ”

သူ ...

ဘာမှ မကြားလိုတော့။

အပေါ်ထပ်သို့ တက်လာခဲ့သည်။

အိပ်ခန်းထဲ ဝင်လာခဲ့၏။

လွှာ အိပ်နေပြီ။

သူ့ကို ရှိတယ်လို့ပင် မထင်တော့ဘဲ အိပ်နေသည်။

ကော်ဖီဗန်းလေးတော့ ပြင်ထား၏။

ရွဲ့ပြီး လုပ်ပေးထားတာလား။

စားပွဲမှာ ထိုင်မိသည်။

မောင်တဲ့ ...

မာမီကြားအောင် ရွဲ့ခေါ်တာပဲ။

မင်းလို မိန်းမက ဘယ်တော့မှ အရှုံးပေးမယ့်မိန်းမမှ မဟုတ်ဘာ။

သူ ... စိတ်မောလူမောနှင့် ထိုင်ခုံမှာ ထိုင်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၄ )

ဒက်ဒီ ...

သမီး ဘယ်လောက်ပဲ စိတ်ဓာတ်တွေ မာကျောပါစေ ခံစား နေရတာပါပဲ။

သူ ... နှစ်သစ်လေ ...

သမီးအပေါ် ဥပေက္ခာပြုနေနိုင်တယ်။

စကားတစ်ခွန်းတစ်လေတောင် ... ဟက်ဟက်ပက်ပက် မပြောဘူး ဒက်ဒီရယ်။

ဒက်ဒီကတော့ တရားရိပ်သာမှာပဲ။

ဒေါ်နန်းနန်းမြိုင်ကို လိုချင်တဲ့ရမ္မက်တွေ ဒက်ဒီ့မှာမ ကြောင်း သိသာသည်။

ပေးဆပ်ခြင်းတစ်ခုပါပဲ။

သမီး နားလည်ပါတယ်။

မာမီ့အပေါ် ဒက်ဒီချစ်ခင်ကြင်နာခြင်း မရှိခဲ့တာတော့ ဧ ချာသည်။





အေးစက်နေတဲ့ ဒက်ဒီအမူအယာတွေက သိသာနေ၏။

အိမ်ထောင်ရှင် ယောကျ်ားတစ်ယောက်ရဲ့ ဥပေက္ခာပြုခြင်း ခံရတဲ့ မိန်းမတစ်ယောက်ရဲ့ ခံစားမှုတွေကို လွှာခံစားနေရသည်။

မာမီ့ကို သနားလာမိ၏။

လွှာက အပြစ်မရှိဘဲ ခံရတာပါ။

မာနတကြီးနှင့် တုန့်ပြန်တတ်သော သူမအကျင့်စရိုက်တွေ အတိုင်း နှစ်သစ်ကို အောက်ကျမခံဘဲ မာနနှင့်တင်းနေမိသည်။

ဒေါ်နန်းနန်းမြိုင်ရှေ့မှာသာ နှစ်သစ်ကို အရောတဝင်လုပ် တာပါ။

ကျွန်မမှာ ဘာအပြစ်ရှိလို့လဲ။

လုံးဝအပြစ်မဲ့တဲ့ မိန်းကလေးတစ်ယောက်ကိုမှ ဒေါ်နန်းနန်း မြိုင်က နှိပ်စက်ချင်နေတာ အဓိပ္ပါယ်မှ မရှိတာဘဲ။

အိပ်လို့မရ။

သူ ... စာရင်းတွေ လုပ်နေဆဲပင်။

တကယ်ဆို ... ကျွန်မ ကူညီနိုင်တာပဲ။

စီးပွားရေးလုပ်ငန်းကြီးတွေကို လုပ်လာတဲ့မိန်းကလေး တစ်ယောက် ...

နှစ်သစ် ...

နင်ကလည်း သိပ်ကြီးကျယ်မနေနဲ့။

လွှာဆိုတဲ့မိန်းမက ဟင်းရွက်ကန်စွန်းရွက် မဟုတ်ဘူးနော်။

ချမ်းသာကြွယ်ဝပြီး ပညာတတ်မိန်းကလေးတစ်ယောက်ပဲ။

အိအိနဲ့သာတဲ့ မိန်းမ ...

လွှာ ... ရုပ်ရည်လည်း ချောမောလှပသည်။ ပညာတတ်။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းကြီးတစ်ခုလုံးကို ဦးစီးနေသောသူ ဖြစ်သည်။

ရှင်က အဖက်မတန်သလိုနဲ့။

ဟွန်း … မုန်းလိုက်တာ။

အရင်ထဲက ရှင့်ကို အထင်မကြီးလို့ လှာက အဖက်မတန်သလို နေတာပါနော်။

လှာတစ်ယောက်တည်း အိပ်လို့မရဘဲ ပူလောင်နေမိသည်။

နင် ဘာဖြစ်နေတာလဲလှာ … မာနနဲ့ နေစမ်းပါ။

နင် စိတ်သောကတွေ မရောက်တဲ့ပုံစံနေပြမှ နင်နိုင်မှာ။

"သမီး … နန်းနန်းမြိုင်ကို မေတ္တာနဲ့အနိုင်ယူပေးပါ သမီး မာန်မာနတွေ ခဏချထားပါ … ဒက်ဒီ မတရားဘူးဆိုတာမှန်ပေမဲ့ ကံကြမ္မာက ဖြစ်လာပြီပဲ … "

ဒက်ဒီကြောင့် …

ကျန်းမာရေးချို့တဲ့လာနေတဲ့ ဖခင်ကြီး စိတ်သောက မရောက်စေချင်လို့ပါ။

သည်းခံစမ်း လှာ …

မာနနဲ့နေ။

နှစ်သစ်ကို လုံးဝအောက်မကျနဲ့ အိပ်ဆေးသောက်အိပ်တာ အကောင်းဆုံးပဲ။

သူမ … ထပြီး ဆေးသောက်သည်။

နှစ်သစ် အရေးပင် မစိုက်။ သူ့အလုပ်သူ လုပ်နေသည်။

ဘယ်လောက်အထိ ခံပြင်းစရာကောင်းလဲ။

အိပ်မယ်။

လှာ … နင် နှစ်သစ်အပေါ် သံယောဇဉ်မတွယ်နဲ့။





သူ့ကို နင့်ယောက်ျားလို့လည်း သတ်မှတ်ထားဖို့ လုံးဝမကြိုးစားပါနဲ့။

ယောက်ျားမပီသတဲ့ ယောက်ျား။

မိန်းမတစ်ယောက်နဲ့ ယှဉ်ပြိုင်အနိုင်ယူချင်နေတဲ့ ယောက်ျားပဲ။ အထင်မကြီးဘူး။

သူ့လက်ကိုင်ဖုန်းမှ တီးလုံးလေးက ထွက်ပေါ်လာသည်။

ဖုန်းလာတာပဲ။

ဒီအချိန်ကြီးကျမှ ဘယ်သူက ဘာအကြောင်းနဲ့ဖုန်းဆက်ရတာလဲ။

"ဟဲလို … နှစ်သစ်ပါ"

သူက ဖုန်းကိုဖွင့်ပြီး နားထောင်လိုက်သည်။

ဘယ်သူလဲဆိုတာ သိချင်လို့ လှာ နားစွင့်နေမိ၏။

"ပြော … အိ၊ ဘာကိစ္စလဲ … အရမ်းညဉ့်နက်နေပြီ၊ မင်း အိပ်သေးဘူးလား … "

အိတဲ့ …

ဒီမိန်းမ အချိန်မတော် ယောက်ျားတစ်ယောက်ဆီ ဘာဖြစ်လို့ ဖုန်းဆက်ရတာလဲ။

သူတို့နှစ်ယောက် …

ဘုရားရေ …

လှာ့စိတ်ထဲမှာ ပူသွားရသည်။

"ပြောလေ အိ … အလုပ်ကိစ္စလား၊ အိပ်တော့ကွာ … မနက်ဖြန်မှ တွေ့မှာပဲ … အခု အေးအေးဆေးဆေးအိပ်ရေးဝအောင် အိပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက် ... အနားယူတော့နော်အိ ... ”

ကြင်နာနေလိုက်တာ။

လွှာ အိပ်မပျော်သေးတာတော့ သူကအရေးပင်မစိုက်ပေ

“အင်းပါ အိရာ ... မနက်မှပြောလည်းရတာပဲ ... မင်း အရမ်းစိတ်လောကြီးနေတယ်၊ အဲဒါ မကောင်းဘူးနော်အိ ... မင်း အနားယူပါ”

မကြားချင်ဘူး။

ဒုက္ခပါပဲ။

အိပ်ဆေးကလည်း မအိပ်ဘူး။

မျက်လုံးတွေ ကြောင်နေသည်။

မဖြစ်သေးပါဘူး။

လွှာပဲ စိတ်သောကတွေ ဖိစီးပြီး ဒုက္ခရောက်ရမှာပဲ။

“သမီးရဲ့မာနတွေကို ခဏလောက်ချထားပေးပါ ... မေတ္တာ ဆိုတာ အသွားအပြန်တော့ရှိပါတယ် သမီးရယ် ... ”

မေတ္တာ ...

ဘာမေတ္တာလဲ ဒက်ဒီ။ ဒေါ်နန်းနန်းမြိုင်ရော နှစ်သစ်ရော မေတ္တာဆိုတာ လုံးဝအပြန်မရှိဘူး ဒက်ဒီ။

မုန်းတီးနာကြည်းမှုတွေနဲ့ပဲ သမီးကို တုန့်ပြန်နေတယ်။

ရှင် ... သစ္စာမရှိဘူး။ ဖောက်ပြန်နေတယ်။

အဲဒါ ... ကျွန်မ အမုန်းဆုံးပဲ။

လွှာ အိပ်ပျော်အောင် ကြိုးစားနေမိသည်။

ညဥ့်နက်မှ အိပ်ပျော်သွား၏။





“တိမ်လွှာဖြူ ... တိမ်လွှာဖြူ”

“တိမ်လွှာဖြူ ... ”

“ဟင် ... ”

သူမ ... လန့်နိုးသွားသည်။

မျက်လုံးတွေကို ဖွင့်ကြည့်လိုက်တော့ သူမဘေးနားမှာ ယောက္ခမကြီး ရပ်နေ၏။

“ညည်း ဘာဖြစ်လို့ ဒီလောက်အထိ နေမြင့်အောင် အိပ်နေရတာလဲ ... ဘယ်အချိန်ရှိနေပြီလဲ တိမ်လွှာဖြူ ... ”

“ဟင် ... ”

အတော်လေး နေမြင့်နေပြီပဲ။

ညက ...

အိပ်ဆေးတွေ သောက်ပြီးအိပ်တာပါ။

“ကျွန်မ အိပ်ပျော်သွားတယ် ... အိပ်လို့အရမ်းကောင်းတာပဲ အမိရယ် ... ခေါင်းချလိုက်တာနဲ့ တုန်းခနဲပဲ ... ”

သူမတွင် အပူအပင်သောကမရှိသယောင် ယောက္ခမကြီးရှေ့မှာ တမင်ပြောလိုက်ခြင်း ဖြစ်သည်။

ဒေါ်နန်းနန်းမြိုင်ရဲ့ မျက်နှာက ရှုပ်သိုးနေ၏။

“ထစမ်း ... ညည်း ဘာဖြစ်လို့ အပျင်းထူနေရတာလဲ ... ယောကျ်ားအလုပ်ထွက်သွားတာတောင် ညည်းသိလား”

“ဟင် ... မောင်အလုပ်သွားပြီလား ... ကျွန်မက အစောကြီးထင်တာ”

“တော်စမ်း ... ညည်း တော်တော်တာဝန်မဲ့တဲ့မိန်းမတစ်ယောက်ပဲ ... သူဌေးသမီးဆိုပြီး ညည်းကဇိမ်ကျချင်တာလား”



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး မာမီ … လွှာ့ကိုယ်လွှာ အိမ်ရှင်မဆိုပြီး နိမ့်ခဲ့ထားပါတယ် … မာမီကျေနပ်အောင်နေဖို့ လွှာကြိုးစားနေတာပါ"

ယောက္ခမကြီးရှေ့ရောက်လျှင် ဘာမှမဖြစ်သလို လွှာနေရသည်။

တစ်ခုက္ခပါပဲ။

အိပ်ရာမှ ထလိုက်သည်။

"ကျွန်မ မျက်နှာသစ်အဝတ်အစားလဲပြီး … အခုပဲရောက်လာပါ့မယ်မာမီ"

"ပြီးရော … "

သူမ …

ရေချိုးခန်းထဲ ဝင်လာခဲ့မိသည်။

နှစ်သစ် …

အစောကြီး ထွက်သွားတယ်။ အိမ်နဲ့ ချိန်းထားလို့လား။

သစ္စာမဲ့လိုက်တာ။

ဒက်ဒီက မာမီ့ကို မချစ်ပေမယ့် သစ္စာတော့ မမဲ့ပေ။

ခုထိပင် … ဒေါ်နန်းနန်းမြိုင်နှင့်ကင်းအောင် ရိုးသာမှာသွားနေသည်။

စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေ၏။

မနာလိုဝန်တို ဖြစ်နေတာလား။ နေမထိ ထိုင်မသာနှင့် ပူလောင်လောင်ကြီး ဖြစ်နေရသည်။

မဖြစ်ဘူး။ မခံစားဘူး။ နှင်နဲ့ငါနဲ့ ဘာဆိုင်လို့လဲ နှစ်သစ်လက်ထပ်ထားတယ်ဆိုတာလည်း တရားဝင်ဖြစ်ပေမဲ့ နှင်က အသိအမှတ်မပြုချင်ဘူး မဟုတ်လား။





ဌာဘဝကို ချိုးနှိမ်ပစ်ချင်တဲ့သူ။

အရမ်းမုန်းတာပဲ။

လွှာ ဘယ်လောက်ပဲ တင်းထားပါစေ မျက်ရည်တွေက ပြည့်လာရသည်။ ငိုချင်လာရ၏။

မာမီရယ် … အတိတ်က ဘာဖြစ်လို့များ ဒေါ်နန်းနန်းမြိုင်အပေါ် အပြစ်တွေ ကျူးလွန်ခဲ့ကြတာလဲ။ သမီး ပေးဆပ်နေရပြီ။

"သမီး ငြင်းပါ … ဒက်ဒီ သမီးလေးဘဝနဲ့ရင်းပြီး မပေးဆပ်နိုင်တော့ဘူး။ သမီးကို ငြင်းဆန်ခွင့်ပေးပါတယ်"

ဒက်ဒီက ပြောခဲ့သည်။

"သမီး လက်ခံပါတယ်ဒက်ဒီ … သမီး နားလည်ပါတယ်"

သူမကိုယ်တိုင်က ဒက်ဒီ့ခံစားချက်တွေကို နားလည်ပေးချင်လာရသည်။

ဒက်ဒီ ခံစားနေရပြီ။

ရောဂါဝေဒနာတွေပင် ခံစားနေရ၍ သူမငြင်းဆန်ခြင်းမပြုနိုင်တော့။

"ဒက်ဒီရယ် … သမီး အရမ်းခံစားနေရတယ်၊ ဘယ်လောက်အထိ တင်းထားနိုင်မှာလဲဟင် … "

သမီးဖြစ်ချင်တိုင်း ဖြစ်နေတယ်ဆိုတဲ့ သတင်းလည်း ဒက်ဒီဆီ မရောက်လိုပေ။

စိတ်ချမ်းသာ ကိုယ်ချမ်းသာနှင့် ရိုးသာမှာနေစေချင်မိသည်။

"မမလေး … "



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

"မာမီကြီးက ကြာလို့တဲ့ ..."

"အင်း ... လာပြီလို့ ပြောလိုက်ပါ ..."

အိမ်ဖော်ကောင်မလေးက လာခေါ်၍ လွှာအပြေးအလွှား ထွက်လာရသည်။

"ညည်း ... တမင်ရွဲ့ပြီးနေတာမဟုတ်လား တိမ်လွှာဖြူ"

"မဟုတ်ပါဘူး မာမီ ... မျက်နှာသစ်နေတာပါ ... မာမို့ ချွေးမဆိုတော့ အပြင်ထွက်ရင် စုတ်စုတ်ပြတ်ပြတ် မကောင်းလို့ ဝတ်စားပြင်ဆင်နေတာပါ ..."

လွှာ သားသားနားနားပြင်ဆင်ပြီး ထွက်လာတော့ မာမို့ မျက်နှာက မကောင်းပေ။

"မာမီ ... ကျွန်မက မာမို့ချွေးမလေ ... ပတ်ဝန်းကျင်က ကဲ့ရဲ့စကားတွေ ပြောစရာမဖြစ်အောင်ပါ မာမီ ..."

လွှာ ...

မိန်းမချောလေးပဲ။ ညည်းကိုတော့ သနားပါတယ်။

ဒါပေမဲ့ ...

ညည်းမိဘတွေရဲ့ ယုတ်မာမှုက ကျုပ်နှလုံးသားတွေထဲမှာ ရှိနေဆဲလေ။

ဘယ်လိုဖြေရမလဲ။ မဖြေနိုင်ဘူး။

ကျုပ် အတ္တကြီးတာ မဟုတ်ဘူး။

ညည်းအဖေက ကျုပ်ကိုအတ္တတွေပေးခဲ့တာလေ။

ကိုမောင်မောင်နိုင် ... ဘာပဲဖြစ်ဖြစ် ရှင်လည်း စိတ်သောက





တွေ ခံစားနေရတာပဲ မဟုတ်လား။

ကိုယ်ချင်းစာစိတ်ရှိအောင်ပါ။

ဒါပေမဲ့ ...

လွှာက မခံစားရ။

မိမိကိုပဲရွဲ့ပြီး မခံစားသလို ညည်းနေတာပဲ မဟုတ်လား။

"သွားမယ် ..."

"ဟုတ် ..."

ချွေးမကို ဈေးဆွဲခြင်းကိုင်ခိုင်းထားပြီး ဈေးဝယ်ရတာ အရသာပဲ။

မခင်သီ ... ညည်းသမီးက ကျုပ်ရဲ့အစေအပါး ဖြစ်နေပြီပဲ။

ကျုပ်ဘဝကြီးတစ်ခုလုံးကို ညည်းက ဗုန်းဗုန်းပြိုလဲသွားအောင် လုပ်ပစ်ခဲ့ကြတာလေ။

အခု ...

ညည်းသမီး ပေးဆပ်နေရပြီ။

ဈေးထဲမှာ ဈေးဝယ်သည်။

ပြီးတော့ ... လွှာ ချက်ရသည်။

"ညည်း အားလုံးအဆင်ပြေအောင် လုပ်ပါလွှာ ... အိမ်ရှင်မ တစ်ယောက်အနေနဲ့ ဒီလောက်တော့ လုပ်ရမှာပဲ ..."

"ဟုတ်ကဲ့ပါ မာမီ ... လွှာ လုပ်ပါ့မယ်"

လွှာ ...

ဘာမှမဖြစ်သလို ခပ်ပေါ့ပေါ့လေးပင် ပြောပစ်လိုက်မိသည်။

ဒေါ်နန်းနန်းမြိုင်ကိုတော့ လွှာစိတ်အနှောင့်အယှက်ပေးရတာ အားနာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းပါဘူး။

ကျွန်မမှာ အပြစ်မရှိဘူးလေ။

မိဘတွေအတွက် ပေးဆပ်နေရတာ ဘာအမိပ္ပာယ်မှမရှိပါဘူး။

"မမလေး ..."

"ဟင် ..."

"စိတ်မညစ်ဘူးလား ..."

"ဘာကိုလဲ မိကြွေ ..."

"မာမီကြီးက မမလေးကို တမင်နှိပ်စက်နေတာလေ"

"အဟက် ..."

"မမလေးရင်ထဲမှာ ဘာမှမခံစားရဘူးလား"

"ဟင့်အင်း ..."

"အံ့ရောပဲ ..."

"ဒေါ်နန်းနန်းမြိုင် ကျေနပ်တဲ့အထိ ပေးဆပ်မှာပါ"

"မမလေးရယ် ..."

ကျွန်မ ဟန်ဆောင်နေတာပါ။

အရမ်းခံစားနေရပါတယ်။

ရင်ထဲမှာ ဘယ်လောက်အထိ နာကျင်နေရလဲဆိုတာ ဘယ်သူမှ မသိကြဘူး။

"မမလေးကို အံ့သြတယ် ... ဒီလောက်အထိ စည်းစိမ်ဥစ္စာတွေ ပြည့်ဝနေတဲ့ မမလေးက ..."

"ဝဋ်ကြွေးပဲပေါ့ ... မမလေး ခံစားပါ့မယ်"

သူမ ... အိမ်မှုကိစ္စတွေ လုပ်နေရသည်။





အလုပ်သမားတွေနှင့် ချက်ပြုတ်စီမံနေရ၏။

"မမလေးကို သနားလိုက်တာ ..."

ငါက သနားစရာအဆင့်အထိတောင် ရောက်နေရပြီနှစ်သစ်။

အိမ်ဖော်ကောင်မလေးကတောင် ငါ့အပေါ် သနားနေရသည်။

လှာဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ မာန်မာနတွေ ဘယ်ရောက်ကုန်ပြီလဲ။

နာကြည်းစရာပင်။

အစေအပါးဘဝ ရောက်နေရပြီ။

လှာ့ထံတွင် ပိုင်ဆိုင်ခွင့်ရှိသမျှ စည်းစိမ်ဥစ္စာတွေကို ခံစားခွင့်ရှိစေရန် ဒေါ်နန်းနန်းမြိုင်က ပိတ်ပင်ထားသည်။

"မေတ္တာနဲ့ပဲ အနိုင်ယူပါသမီးရယ် ... မေတ္တာနဲ့ပဲ အနိုင်ယူပါကွယ်"

ဒက်ဒီရဲ့သမီး အလိမ်မာတစ်ယောက်အနေနဲ့ပဲ ပေးဆပ်နေရတာပါ။

လှာ အံ့သွားလေးတွေကို တင်းကျပ်စွာ ဖိကိုက်ထားမိသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၅ )

"နှစ်သစ် ..."

"ဟင် ..."

"အလုပ်ကိစ္စတွေအတွက် အိဖုန်းဆက်တာ ရှင့်မိန်းမအထင်များလွဲမလား"

"ရပါတယ် အိ ..."

ရပါတယ် အိဟုသာ ပြောလိုက်ရတာ လွှာတစ်မျိုးထင်မလားလို့ နှစ်သစ် စိတ်မဖြောင့်ဖြစ်နေရတာ အမှန်ပဲဖြစ်သည်။

လွှာ ... မင်းက မာနပြနေတာပဲ။

မာမို့ရှေ့မှာသာ သူ့ကိုအရောတဝင်လုပ်ပြီးနေတာပါ။

ညက ... လွှာ အိပ်လိုက်တာ ...

သူ အိပ်ရာကထပြီး အလုပ်သွားတဲ့အထိ လွှာမထသေး။

မိန်းမတစ်ယောက်ရဲ့ ဝတ္တရား ဘာမှမလုပ်။ မင်း ... မာနပြနေတာပဲ။

"နှစ်သစ် မာမီက လွှာ့ကိုနိမ့်ချဆက်ဆံတယ်ဆို ..."





"အိ ..."

"ဟင် ..."

"ကိုယ်တို့အိမ်တွင်းရေးကိစ္စတွေ ကိုယ်ရေးကိုယ်တာကိစ္စတွေ မပြောကြပါနဲ့စို့လား"

"ဆောရီးပဲ နှစ်သစ် ... အိက မိတ်ဆွေကောင်းပီသချင်တာပါ"

"ကိုယ့်အိမ်ထောင်ရေးကိစ္စ အိစိတ်မဝင်စားပါနဲ့ ... မာမီနဲ့လွှာ့မိဘတွေ တစ်ချိန်က ပတ်သက်ခဲ့ကြတဲ့အကြောင်းအရာတွေပါ"

"လွှာ့မှာ အပြစ်မရှိဘူးလို့ ထင်တာပဲ ..."

ဟုတ်တယ်။

လွှာ့မှာတော့ အပြစ်မရှိပါဘူး။

မင်းကို ငါအမြင်ကတ်တာက မာန်မာနတက်လို့ပဲ။

ကောင်းတယ် ...

မင်းကို မာမီက ပညာပေးထားတာ။

သူ ... လူတောထဲမှာ လွှာ့ကိုနှုတ်ဆက်ဖူးသည်။

မျက်နှာတည်တည်နှင့် တစ်ဖက်သို့ လှည့်ထွက်သွားခဲ့၏။

အဲဒီထဲက ...

လွှာ့ကို အမြင်ကတ်နေတာပါ။

လက်ထပ်ရမယ်လို့ သူဘယ်တော့မှ မထင်မှတ်ထားခဲ့ပေ။

"လွှာ့အကြောင်းတွေ မပြောတာ အကောင်းဆုံးပဲအိ"

"အိကို အထင်လွဲနေမှာ စိုးလို့ပါ ..."

"ကိုယ်တို့က စီးပွားရေးအရ ပတ်သက်နေတာပဲအိ ... ကိုယ်ရင်ဖွင့်စရာ ကိုယ့်ကိုအားပေးနှစ်သိမ့်မှုတွေပဲ ပေးစမ်းပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ နှစ်သစ် ... ကျွန်မက ရှင့်ကိုမိတ်ဆွေကောင်းတစ်ယောက်အနေနဲ့ ကူညီပါ့မယ်နော်"

အိက ရိုးသားဖြူစင်တဲ့ မိန်းကလေးတစ်ယောက် ဖြစ်သည်။

သူကလည်း အိအပေါ် အရင်ကလို ချစ်ခင်နှစ်သက်တာမျိုးတွေ မရှိတော့။

အံ့သြစရာ ကောင်းနေသည်။

လွှာ့ကြောင့်လား။ ဘာပဲဖြစ်ဖြစ် ... မိန်းမတစ်ယောက်နှင့်တရားဝင် လက်ထပ်ထားပြီးမှတော့ သူ့ကိုယ်သူ အိမ်ထောင်ရှင်အဖြစ် သဘောထားမိသည်။

"လွှာ တစ်မျိုးမထင်အောင်တော့ နှစ်သစ်အနေနဲ့ ရှင်းပြပေးစေချင်တယ်"

"အိ ..."

"ဟင် ..."

"လွှာ ဘယ်လိုပဲထင်ပါစေ ... အရေးကြီးတာက ကိုယ်တို့နှစ်ယောက်ကြားမှာ ဖြူစင်နေဖို့ပဲလေ ..."

"လွှာ့ကို စိတ်ညစ်နေစေချင်တာလား နှစ်သစ် ..."

အဲဒါ မာမီ့ဆန္ဒပါ။

ကိုယ်ကတော့ မင်းကိုအရေးမစိုက်ချင်ဘဲ ထားပစ်ချင်တယ် လွှာ။

အရှုံးမပေးချင်တာ။

မိန်းမတစ်ယောက်နဲ့ယှဉ်ပြိုင်ပြီး အနိုင်မယူချင်ပေမယ့် မင်းကိုတော့ မရှုံးချင်ဘူး။

ကြည့်လေ ...





ကိုယ် မိန်းမတစ်ယောက်နဲ့ပတ်သက်ဆက်ဆံနေတာကို လွှာက အရေးပင်မစိုက်။

မာမီ့ဆန္ဒတွေအတိုင်း မင်းနေတာမဟုတ်ဘူးဆိုတာ ငါသိတယ်။

မင်း ...

ရွဲ့နေတာ မဟုတ်လား။

မာမီ့စိတ်တွေကို အနှောင့်အယှက်ဖြစ်အောင် လုပ်နေတာ။

"ကျွန်မတောင် ရှင်နဲ့လုပ်ငန်းခွဲလိုက်ရင် ကောင်းမလားလို့"

"ဘာပြောတယ်အိ ... လွှာ့ကြောင့်လား ..."

"အင်း ... ရှင်က အိမ်ထောင်ရှင် ယောကျာ်းလေးတစ်ယောက် ဖြစ်သွားပြီပဲ ..."

"အိ ..."

"ဟင် ..."

"ကိုယ်တို့က ထာဝရမိတ်ဆွေတွေပဲ ... အဲ လုပ်ငန်းခွဲစရာ မလိုပါဘူး ... လွှာကလည်း ကိုယ်နဲ့ပတ်သက်ပြီး ဘာမှလည်း ခံစားမှာမဟုတ်ဘူး"

"ကျွန်မ ပတ်ဝန်းကျင်ကို အရမ်းဂုရုစိုက်တဲ့ မိန်းကလေး နှစ်သစ် ..."

"အိရာ ... ဘာဆိုင်လဲ ကိုယ်တို့က ငယ်သူငယ်ချင်းတွေ ဒီးပွားဖက်တွေ ..."

"ရှင့်မှာ အခု ဇနီးရှိလာပြီ ..."



www.burmeseclassic.com

www.burmeseclassic.com



အိ ...

ဆင်ခြင်ရမယ်။

မနေ့ညက ဖုန်းဆက်တာပင် အိလွန်သွားပြီဟု ထင်မိသည်။

မလုပ်သင့်ပါဘူး။

နှစ်သစ်ရယ် ...

ရှင် ဘာလို့ လက်ထပ်လိုက်ရတာလဲ။

ပြောစမ်းပါ။ အိနဲ့ရှင် ဘာလို့ ဝေးကွာသွားရတာလဲ။

ပတ်ဝန်းကျင်ကို အိအရမ်းဂရုစိုက်နေရတာပဲ။ အိရှက်တယ်။

အိမ်ထောင်ရှင် ယောက်ျားတစ်ယောက်အနားမှာ ရှိနေတဲ့ မိန်းမတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကျဆုံးမှု ...

"အိ ..."

"ဟင် .."

"ဘာတွေ တွေးနေတာလဲ"

"အိက ..."

"ကိုယ်တို့က မိတ်ဆွေတွေ လုပ်ငန်းတွေလည်း အတူတူ လုပ်နေတာပဲဟာ ..."

အိနဲ့တော့ အခင်မင် မပျက်စေချင်ပါဘူး။

ကိုယ့်ကို အားပေးနှစ်သိမ့်ပေးမယ့်သူ အိပဲရှိတာပါ။

လွှာ ...

ငါလည်း ခံစားနေရတာပဲ။

ဘဝမှာ ကျဆုံးနေပြီ။

အိမ်ထောင့်ရှင်ယောက်ျားတစ်ယောက်အနေနဲ့ ဘာအဓိ





ပ္ပာယ်မှ မရှိတော့ဘူး။

"ကဲ ... စိတ်ရှုပ်စရာတွေ မပြောနဲ့တော့နော် နှစ်သစ် ... အလုပ်တွေပဲ ကြိုးစားပြီး လုပ်ကြရအောင်"

"ကောင်းတယ်အိ ... ကောင်းတယ်၊ ကိုယ်တို့က မိတ်ဆွေတွေပဲ ... ဘာမှ အားနာစရာမရှိပါဘူး"

လွှာ ...

ညကတော့ သူ့ကိုတစ်မျိုးထင်မှာပဲ။

အိနဲ့လေ ...

ကောင်းတယ်။

မင်းက ငါ့ကိုယောက်ျားတစ်ယောက်လို့ မသတ်မှတ်ထားဘူးမဟုတ်လား။

အရွဲ့တိုက်နေတာပဲ။

ငါသိတယ်လွှာ။

မင်း ...

အရွဲ့တိုက်နေတာပဲ။

အိနှင့်အလုပ်တွဲလုပ်တာ မင်းဘာပြောမလဲ။ မပြောဘူးမဟုတ်လား။ တမင် မခံစားသလို နေပြမယ် မဟုတ်လား။

သူ ...

နာကျင်နေသည်။

လွှာဆိုတဲ့ မိန်းကလေးကိုမှ ဘာလို့လက်ထပ်မိတာလဲ။

အိမ်ပြန်လာခဲ့သည်။

စိတ်ညစ်သည်နှင့်အချိန်တွေဖြုန်းပြီးမှ အိမ်ပြန်လာ၏။

လွှာ စောင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မာမှီရှေ့မှာမို့ မင်းတမင်စောင့်နေတာ မဟုတ်လား။

"မောင် ... အရမ်းနောက်ကျတာပဲ ဘာလို့နောက်ကျနေ တာလဲဟင်"

"လွှာ ..."

"ဟင် ..."

"မင်း ဟန်ဆောင်ပြောနေတာ မပင်ပန်းဘူးလား"

ပင်ပန်းတယ်။

ကျွန်မ အရမ်းပင်ပန်းတာပေါ့။

သေတောင်ပစ်ချင်တယ်။

ဒေါ်နန်းနန်းမြိုင်ရှေ့မှာ ကျွန်မ ဘာမှမဖြစ်သလို ဟန်ဆောင် နေရတာ ပိုပြီးတောင် စိတ်ပင်ပန်းသေးတယ်။

"အိတ်ပေးပါမောင် ... ကိုယ့်ယောက်ျားကို ကြိုဆိုရတာ ဘာမှပင်ပန်းစရာမှ မရှိတာဘဲမောင် ..."

အိတ်ကိုယူပြီး အပေါ်ထပ်အခန်းဆီသို့ တက်လာခဲ့မိသည်။

အခန်းထဲရောက်မှ ပစ်ချလိုက်၏။

ဟွန်း ...

ရှင့်ကို ပြုစုချင်လို့ ပြုစုနေတာလို့ ထင်လား။

ဝေးသေးတယ်။

သူ လိုက်လာသည်။

"မင်းက မာမှီကိုရွဲ့နေတာ မဟုတ်လား ..."

"ဟုတ်တယ် ..."

"ဘာ ..."

"ကျွန်မ အရမ်းခံစားနေရတာကို ရှင့်အမေက လိုလားနေ



တာမဟုတ်လား"

"ဘာလဲ မင်းက ငါ့အမေကို ပညာပေးချင်လို့ ငါနဲ့လက်ထပ် ဖို့ သဘောတူတာ မဟုတ်လား ..."

"ကျွန်မ ဒက်ဒီကြောင့်ပါ ... ဒက်ဒီမှာ နှလုံးရောဂါရှိနေတယ် ကျွန်မ အဖေစိတ်နှလုံးတွေ ချုတ်ခြိမကျအောင်လို့ပါ ..."

လွှာ ... ရင်ထဲမှာရှိနေတာတွေကို ပွင့်ထွက်ပစ်လိုက်ချင်မိ သည်။

"ကျွန်မအဖေလည်း ဘဝတစ်လျှောက်လုံး ခံစားရတာပါ၊ စိတ်သောကဝေဒနာတွေ အရမ်းခံစားရတာလေ ... ကျွန်မ အမေ ရော အသက်တိုရတဲ့အထိ စိတ်သောကတွေ ခံစားရတာပါ"

နှစ်သစ် ... နင်တို့လုပ်တာ တရားတယ်လို့ထင်လား။

ငါ့မှာ ဘာအပြစ်ရှိလို့လဲ။

"သမီးတစ်ယောက်ရဲ့ ဘဝနဲ့ရင်းပြီး ရှင့်အမေကို ပေးဆပ်ပြီး ပြီလေ ... အဲဒါ မကြေသေးဘူးလား နှစ်သစ် ..."

"မင်း ဘာလို့လက်ထပ်ဖို့ သဘောတူလိုက်ရတာလဲ လွှာ၊ မင်းမှာ ငြင်းဆန်နိုင်တဲ့အင်အားတွေ ရှိတာပဲ ..."

"ကျွန်မ ဒက်ဒီ့ဆန္ဒကို ဖြည့်ဆည်းပေးတာလေ ..."

"အဲဒါဆိုရင်လည်း မင်းတစ်သက်လုံး ခံစားတော့ပေါ့"

"ကိုယ်ချင်းစာတရား မရှိတဲ့လူ ... အလကားလူပဲ ..."

သူမ ...

ပြောလိုက်သည်။

"မင်း ... မင်း"



www.burmeseclassic.com

www.burmeseclassic.com



သူ ဒေါသတွေဖြစ်သွားပေမယ့် စိတ်တွေကို ထိန်းချုပ်လိုက်သည်။ လွှာ့ဘက်က ကြည့်တော့လည်း ဟုတ်နေတာပဲ မဟုတ်လား။

“တော်ပြီလွှာ ... ငါမင်းနဲ့ စကားမပြောချင်တော့ဘူး၊ မပြောကြတာ အကောင်းဆုံးပဲ ... ”

“ရှင် မပြောချင်လည်းနေလေ ... ကျွန်မကတော့ ကျွန်မအဖေဆီ ကျွန်မသတင်းဆိုးတွေ ရောက်မသွားအောင် ဟန်ဆောင်ရမှာပဲ”

“ဘာကွ”

“ကျွန်မ အဖေဆီ ရှင့်အမေတိုင်းတန်းမယ့် ကျွန်မ ရိုင်းစိုင်းကြောင်း အရာရာဆန့်ကျင်ဘက်တွေ လုပ်နေကြောင်း စတဲ့သတင်းတွေ မရောက်အောင်လေ ... ”

နှစ်သစ် အကြည့်တွေက လွှာ့ဆီရောက်သွားရတော့သည်။

ဒီမိန်းမ ...

ဘဝကို ပေးဆပ်နေရတာပဲ။

မှန်တယ် ... မင်းမှာ အပြစ်မရှိဘူး။ ငါ့မာမီ လွန်တာပါ။

“ကျွန်မ ဘယ်လောက်အထိ ပေးဆပ်ရမှာလဲ ... မသေမချင်း မဟုတ်လား နှစ်သစ် ... ”

“တော်ပြီလွှာ ... မင်းနဲ့ငါ ပြောစရာမရှိဘူး”

“ပြောရမယ် ... ရှင်နဲ့ကျွန်မက လင်မယားဘဲ ... ဘဝတစ်လျှောက်လုံး လက်တွဲရတော့မှာလေ ... ကျွန်မအမေလို စိတ်သောကတွေ ခံစားပြီး အသက်အဆုံးရှုံး မခံနိုင်တော့ဘူး”



လွှာ ပြောမယ်။

ကျွန်မ မာနကို ရှင်ရိုက်ချိုးပစ်ချင်တာ မဟုတ်လား။

“ကျွန်မ ဒက်ဒီဆုံးပါးသွားရင်တော့ ရှင့်အနားမှာ ကျွန်မ တစ်နာရီတောင် မနေတော့ဘူးသိလား ... အခုတော့ ... ကျွန်မ ရှင့်ကို ပေးဆပ်ပါ့မယ်၊ ကျွန်မ စိတ်သောကရောက်အောင် ရှင်နှိပ်စက်ပါ၊ အိဆိုတဲ့ မိန်းမနဲ့တွဲပါ ... ”

“ဘာ ... ”

“အိလေ ... ရှင့်အမေကပြောတော့ ရှင့်ငယ်ချစ်ဟောင်းတဲ့လေ”

ငါနဲ့အိက စီးပွားရေးလုပ်ဖော်ကိုင်ဖက်တွေပါ ပြောချင်မိသည်။ မပြောတော့။

လွှာ့ကို ဘာမှမပြောချင်ပေ။ ခပ်မြန်မြန် ထွက်လာခဲ့မိသည်။

“သား ... ”

“ဗျာ ... မာမီ”

“လွှာနဲ့ ဘာဖြစ်လဲ ... ”

“ဘာမှ မဖြစ်ပါဘူး မာမီ ... သားအပြင်ပြန်ထွက်ချင်လို့ပါ”

ဒေါ်နန်းနန်းမြိုင်ကတော့ မိမိလုပ်ရပ်တွေများနေပြီလားလို့ ထင်မိသည်။ သား စိတ်သောက ရောက်နေရှာပြီ။

အိဆိုတဲ့ မိန်းကလေးက သားရဲ့ချစ်သူများလား။

“သား ... ”

“ဗျာ ... ”

“မင်း စိတ်သောကရောက်နေရှာပြီလား”

“မာမီ ... ”



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

"လွှာ့ကြောင့် မာမီရော စိတ်အနှောင့်အယှက် ဖြစ်ရတာပဲ မဟုတ်လား ..."

"မာမီ မှားသွားပြီ ..."

"မာမီ ..."

"တကယ်ဆို မာမီတို့ကိစ္စက သားနဲ့မဆိုင်ပါဘူးကွယ်၊ အခု သား ... စိတ်တွေရော လုပ်ငန်းတွေရော ပျက်ပြားရပြီ"

သား မျက်နှာလေး မသာမယာနှင့် ပြန်ထွက်လာတာပဲ ဖြစ်သည်။

ဒေါ်နန်းနန်းမြိုင် စိတ်မကောင်း ဖြစ်ရ၏။

မိမိ အမှားလား။

အတွက်ကြီးသွားပြီလား။

လွှာက ဘာမှမဖြစ်သလိုနေတော့ မိမိလည်း ခံစားရသည်။

"သားကို မာမီပြောမယ် ... လွှာနဲ့ကွာရှင်းလိုက်တော့"

"ဗျာ ..."

"လွှာနဲ့ ကွာရှင်းလိုက်တော့ ..."

"မာမီ ..."

"သားဘဝကို မာမီမနှစ်သက်နိုင်တော့ဘူးလေ ... သား ဒီလောက် မာမီဆန္ဒတွေကို လိုက်လျောရင် တော်ပါပြီ၊ လွှာလည်း မာန်မာနတွေ ကျိုးသွားလောက်ပြီလေ ..."

"မာမီ ဘာတွေပြောနေတာလဲ"

မိန်းကလေးတစ်ယောက်ရဲ့ဘဝကို မင်းဒီလောက်အထိ ရိုက်ချိုးမဖြစ်သင့်ဘူးဟု ထင်မိသည်။



"မာမီ ..."

"သား ... မာမီ ခွင့်ပြုတယ် ... လွှာနဲ့ကွာလိုက်ပါတော့"

မာမီ ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၆ )

လွှာ အိပ်နေသည်။

သူ ... အပြင်မှာ အကြာကြီး ထိုင်နေပြီးမှ အခန်းထဲပြန်ဝင်လာခဲ့သည်။

မာမီက ပြောနေ၏။

လွှာနဲ့ကွာလိုက်တော့တဲ့။

ဖြစ်ပါ့မလား။

ဒီမိန်းကလေး အရမ်းထိခိုက်နစ်နာရတော့မည်။

မင်းကရော ငါနဲ့ကွာရှင်းပြတ်စဲမယ်ဆိုရင် ဝမ်းသာသွားမလား။

နှစ်သစ်အနေနှင့် လွှာနဲ့ကွာမယ်ဆိုတော့လည်း မလိုလားနိုင်အောင် ဖြစ်ရသည်။

ဘယ်လိုဖြစ်တာလဲ။

ဒီမိန်းကလေးအပေါ် သူသံယောဇဉ် မတွယ်အောင် ကြိုးစားနေမိသည်။





တိမ်လွှာ ...

မင်းက ငှါရန်သူပဲ။

ငါ အမြင်အကတ်ဆုံး မိန်းကလေး။

မာမီ အမုန်းဆုံး ယောက်ျားတစ်ယောက်ရဲ့ သမီးပဲ။

ဒါပေမဲ့ ...

မင်း ပေးဆပ်နေရတယ်။

ဘဝမှာ ပြည့်စုံနေရပေမယ့် မာမီက အစေအပါးလို ခိုင်းစေနေရတယ်။

"ကျွန်မ ဒက်ဒီကြောင့်ပါ ... ကျွန်မ ဒက်ဒီသာ လူ့လောကကြီးထဲမှာ မရှိတော့ရင် ရှင့်အနားမှာ တစ်နာရီ တစ်စက္ကန့်တောင် မနေဘူး"

လွှာ ...

မင်းကို ငါသံယောဇဉ်တွယ်ငြိနေပြီလား။

အပြစ်မရှိတဲ့ မင်းဘဝကို ငါရိုက်ချိုးမပစ်ချင်ပါဘူး။

မာမီပြောသလို လွှာ့ကို ကွာရှင်းလိုက်ရင် ကောင်းမလား။

မဖြစ်သေးပါဘူး။

လွှာ နစ်နာသွားမယ်။

မင်းနစ်နာသွားအောင်လည်း ငါမလုပ်လိုပါဘူးကွာ။

သူစိတ်တွေ ပျော့နေပြီ။

ဘာဖြစ်ရတာလဲ။

လွှာဆိုတဲ့ မိန်းကလေးအပေါ် သံယောဇဉ်တွယ်နေပြီလား။

သူ ...

လွှာနှင့်အတူ မအိပ်ပေ။

ခပ်စိမ်းစိမ်းနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



လွှာ ...

မင်းကို ကွာရှင်းရမလား။

လွှာနှင့်သူက ချစ်သူတွေ ဘယ်တော့မှ ဖြစ်လာမှာမဟုတ်။

အိမ်ထောင်ရေး ရှေ့ဆက်ပြီးသွားလို့ မဖြစ်ပါဘူး။ ကွာရှင်းလိုက်တာ အကောင်းဆုံးပဲ မဟုတ်လား။

အိပ်ပျော်အောင် ကြိုးစားနေရသည်။

လွှာက အိပ်နေသူကို အထင်လွဲနေ၏။

ခပ်ဝေးဝေးနေလိုက်ရင် ကောင်းမလားဟု တွေးမိနေသည်။

လွှာ မကြိုက်တဲ့အလုပ်ကို မလုပ်ဖို့ဘဲ သူစဉ်းစားနေမိ၏။

ညဉ့်နက်မှ အိပ်ပျော်သွားသည်။ ဒရင်းဘတ်ပေါ်မှာပဲ အိပ်မိ၏။

လွှာ နိုးလာသည်။

"ဟင် ..."

နှစ်သစ် အပြင်ထွက်သွားပြီထင်တာ ဒီမှာလာအိပ်နေတာပဲ။ ငါ့ကို မုန်းတီးနေတဲ့ နှစ်သစ်။ နင်နဲ့ငါ ဘာလို့လက်ထပ်ဖို့ အကြောင်းဖန်လာရတာလဲ။ မဖြစ်သင့်ပါဘူး။

နှစ်ယောက်လုံးအတွက် အနာဂတ်က မလှပနိုင်တော့ပါဘူး။

နှစ်သစ်အနား ကပ်သွားမိသည်။ စောင်ခြုံပေးရင် ကောင်းမလား။ မကောင်းဘူး။ မလုပ်ပေးဘူး။ သူက ဘဝင်မြင့်ဦးမယ်။

လွှာ့ကို စိတ်ဒုက္ခရောက်အောင် လုပ်နေတဲ့လူပဲ။ မခြုံပေးဘူး။

နေပါစေ ... ကော်ဖီဓာတ်ဘူးကိုကြည့်လိုက်တော့ ကော်ဖီတွေ သောက်ထားသည်။

သူမဖျော်ထားတဲ့ ကော်ဖီသောက်သွားပဲ။





နှစ်သစ် ...

နင်နဲ့ငါ ... ချစ်သူတွေအဖြစ်နဲ့ လက်ထပ်ရရင် ဘယ်လောက်ပျော်စရာ ကောင်းမလဲ။ အခုတော့ ...

"အဟမ်း ..."

"ဟင် ..."

နှစ်သစ် နိုးလာပြီထင်ပြီး သူမခုတင်ဆီ ပြေးလာခဲ့သည်။

လန့်သွားရ၏။ နင့်ရှေ့မှာတော့ နင့်ကိုဂရုစိုက်တဲ့ ပုံစံပြမနေပါဘူး။ မိုးမလင်းသေးပါလား။ ညက ရှည်လိုက်တာ။

လွှာ့အတွက် ရှေ့ဆက်ရမယ့်ခရီးတွေအတွက် ရင်လေးနေမိသည်။ ဒက်ဒီရော ...

အိမ်ပြန်ရောက်နေပြီလား။

ဒက်ဒီနှင့်တွေ့ချင်တဲ့ဆန္ဒတွေ ပြင်းပြလာမိသည်။ မဖြစ်သေးပါဘူး။ ပြန်အိပ်မှပဲ ... မာမီ့လို စိတ်သောကတွေ ခံစားပြီး လူ့လောကကြီးထဲကနေ ထွက်မသွားနိုင်ပါဘူး။

နေမယ် ...

လွှာ နေတတ်အောင်နေမယ်။

ကျွန်မ ပေးဆပ်မှာပါ။ ဒေါ်နန်းနန်းမြိုင် ကျေနပ်တဲ့အထိ ပေးဆပ်သွားမှာပါ။ နှစ်သစ် နင်ရော ကျေနပ်ပါ။ မတွေးတော့ဘူး။

အိပ်မယ် ... လွှာ အိပ်ပျော်အောင် အတော်လေး ကြိုးစားနေရသည်။ အစောကြီး နိုးအောင်တော့ ကြိုးစားထရ၏။

နှစ်သစ် နိုးနေပြီ။ မျက်နှာသစ်ဖို့အတွက် ပစ္စည်းကိရိယာတွေ အဆင်သင့် လုပ်ပေးလိုက်သည်။ ဒေါ်နန်းမြိုင်က လုပ်ခိုင်းထားတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"နှစ်သစ် ..."

"ပြော ..."

"နင် မနက်စာကို အောက်မှာစားမှာလား ..."

"မစားဘူး ..."

"ပြီးရော ..."

ဝတ္တရားအတိုင်းမေးပြီး လှ္သာ ဆင်းလာခဲ့သည်။ နှစ်သစ် ... နင်က သိပ်မာကျောနေတယ်။ လှ္သာ့ရင်ထဲမှာတော့ နင့်ကိုနေရာ နည်းနည်းပေးချင်လာမိသလိုပဲ။ အဲဒါ ...

မဖြစ်သင့်ပါဘူး။ ဟုတ်တယ်နော် ... ငါတို့က ရန်သူတွေပဲ ဘယ်တော့မှ ပေါင်းစပ်လို့ မရနိုင်တဲ့ ...ကွေပါ။

"လှ္သာ ..."

"ရှင် ..."

"စောလှချည်လား ..."

"ကျွန်မနောက်ကျနေရင် မာမီ ...တာ ...လို့ပါ"

"ဒီလိုမှပေါ့ ..."

လှ္သာက စားသောက်စရာတွေကို ပြင်... နေသည်။ အစွမ်း အစထက်မြက်တဲ့ မိန်းကလေးတစ်ယောက်ကို မမိက မီးဖိုချောင်ထဲမှာ အသုံးချထားလိုက်၏။

ညည်း စိတ်နေမှာပဲ ... ပျော်နေသယောင် ညည်း ... ဟန်ဆောင်နေတာ မဟုတ်လား။

"လှ္သာ ..."

"ရှင် ..."

"တကယ်လို့ ငါက ကျူပ်သားနဲ့ကွာရှင်းပေးတော့မယ်ဆိုရင်





ရော ..."

ဒေါ်နန်းနန်းမြိုင်ကို မော့ကြည့်လိုက်မိသည်။

"ဘယ်လိုလဲ လှ္သာ"

ကျွန်မဘဝကို အဖက်ဆယ်လို့ မရအောင်ထ... လို့ မဟုတ်လား။ ရှင့်အိမ်မှာ နှိမ်ချဆက်ဆံနေတာ ဘာမှမဖြစ်လို့ တစ်ခုလပ်တစ်လင်ကွာအဖြစ် ကျွန်မကို အမည်းစက်တွေထင်အောင် လုပ်မလို့ပေါ့လေ။

"အန်တီ ကျေနပ်မယ်ဆိုရင် ... ကျွန်မ ဘယ်လိုဘဝမျိုးမှာပဲ ဖြစ်ဖြစ် ရင်ဆိုင်ပါ့မယ် ..."

ဒေါ်နန်းနန်းမြိုင်ပင် ...အံ့တသြနှင့် လှ္သာ့ကိုစူးစိုက်ကြည့်နေသည်။

ညည်းက ဘာ... ...လို့လဲ။ စေတနာနဲ့ပြောတာလား။

"... ...ဘာပါ ... နှစ်သစ်ကိုလည်း သူချစ်တဲ့ ...မိန်းမနဲ့ ..."

"လှ္သာ ..."

"ရှင် ..."

"ညည်း တစ်ခုလပ်ဘဝရောက်သွားမှာရော ထည့်တွက်မိ ...လား"

"ကျွန်မ မာမီ့ကိုပေးဆပ်ချင်ပါတယ် ... မာမီကျေနပ်တဲ့ ...ဆိုပေါ့ ... ကျွန်မ ဒက်ဒီကိုလည်းစိတ်ချမ်းသာစေချင်လို့ပါ ..."

ထိုစကားတွေကိုတော့ ... သူမရင်ထဲမှာ ရှိနေတဲ့အတိုင်း ပြောလိုက်မိခြင်းသာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၇ )

သူ ...

လွှာ့ကို ကွာရှင်းသင့်လား။

မိန်းကလေးတစ်ယောက်ကို ဒီလောက်အထိ နစ်နာသွားအောင် မလုပ်သင့်ဟု ထင်မိသည်။ မာမီပြောတဲ့အတိုင်း လုပ်ဖို့ဆိုတာ မဖြစ်သင့်ပါဘူး။ လွှာ့ကို လက်ထပ်နိုင်းပြီး မာမီက ကွာရှင်းနိုင်းနေပြန်သည်။

နှစ်သစ်လက်မခံနိုင်။ အချစ်ဆိုတာရော ...

လွှာ ...

ငါ့ရင်ထဲမှာ တကယ်ပဲ ဒွိဟဖြစ်နေရတယ်။ လွှာ အိပ်နေသည်။

သူ ...

သီးသန့်အိပ်နေခဲ့သည်။ အနားကပ်ဖို့အတွက် မာနတွေက တင်းခံနေ၏။ မင်းဟာ ချစ်စရာကောင်းတဲ့ မိန်းကလေးတစ်ယောက်ပါပဲ။





ငွေကြေးမနေ ဥစ္စာတွေ ပြည့်ဝနေတဲ့ မိန်းကလေး တစ်ယောက်အနေနဲ့ မာနရှိတာ အပြစ်မဟုတ်ပါဘူး။ လွှာ့ကို ခွင့်လွှတ်နေမိသည်။ အမုန်းတွေ မရှိတော့။ လူကြီးတွေကြောင့် လွှာအရှက်သိက္ခာမဲ့ရတယ်ဆိုတာလည်း မဖြစ်သင့်ဘူးဟု ထင်မိနေသည်။

"အခင်း ..."

လွှာလှုပ်လာသဖြင့် သူ့ဒရင်းဘတ်ရှိရာသို့ ပြန်လာခဲ့သည်။

နှစ်သစ် ...

မင်းက ယောက်ျားပဲ။

မိန်းကလေးတစ်ယောက်နဲ့ပြိုင်ဆိုင် မနေသင့်ဘူး။ မာနတွေ လျှော့သင့်တယ်။

မဟုတ်သေးပါဘူး။ လွှာ က ကွာရှင်းချင် ကွာရှင်းမှာပါ။

မာနနဲ့ နေသင့်တယ်။ ဒီမိန်းမအပေါ် မာနတွေထားရမယ်။

မင်းရင်ထဲမှာ အချစ်ဆိုတာတွေ ရှိမှာမဟုတ်ဘူး။

ငါ သိတယ်။

မာနတွေပဲရှိမှာပါ။

မင်းလည်း ငါ့ကိုမုန်းနေတာ မဟုတ်လားလွှာ။

သူ ...

အိပ်ပျော်ဖို့ပဲ ကြိုးစားနေရသည်။

ညဉ့်နက်မှ အိပ်ပျော်သွား၏။

လွှာလည်း နှစ်သစ် အနားကပ်လာတာကို သိနေသည်။

မအိပ်သေးတာဘဲ။

နင် ...



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့ ပြန်ထွက်သွားရတာလဲ။

မာနကြောင့် မဟုတ်လား။

ယောကျာ်းတစ်ယောက်ဖြစ်ပြီး မိန်းကလေးနဲ့ပြိုင်ပြီး မာန ပြနေတာ ယောကျာ်းမပီသဘူးလို့ ငါထင်တယ်။

ငါ့ရင်ထဲမှာ အမုန်းဆိုတာ မရှိတော့ပါဘူး။ နှစ်သစ်ရယ်။

ဒါပေမဲ့ ...

မာနတော့ရှိတယ်။

နှင့်လိုယောကျာ်းတစ်ယောက်ကို ငါဘယ်တော့မှ အောင် မကျိုးဘူး။

အိဆိုတဲ့ မိန်းမကိုပဲ နှင်ချစ်တာ။

ငါ့နောက်ကွယ်မှာ အိနဲ့ဖောက်ပြန်နေတာမဟုတ်လား။

မုန်းတယ် ...

ငါ ...

နှင့်ကို ကွာရှင်းပစ်မယ်။

ဒက်ဒီ ဘာပြောမလဲ။

ငါ ...

ဘယ်လောက်ပဲ နစ်နာပါစေ။

နှင့်အမေကျေနပ်သွားပြီ မဟုတ်လား။

သူမ မျက်ဝန်းလေးတွေ ပွင့်ဟလာပြီး နှစ်သစ်ကိုကြည့် သည်။

ဒရင်းဘက်မှာ ကွေးကွေးလေးနှစ်သစ် အိပ်နေတာတွေ့ သည်။ စောင်သွားခြုံပေးလိုက်ရင် ကောင်းမလား။ မခြုံပေးပါဘူး





ငါက နှင့်အပေါ် အောက်ကျို့လိုက်တာနဲ့ နှင်က အပေါ်စီး ကနေ ဖိနှိပ်တော့မှာပဲ မဟုတ်လား။

လွှာ ...

မာနနဲ့ နေစမ်းပါ။

နှင် ဘာဖြစ်နေတာလဲ။

ဒေါ်နန်းနန်းမြိုင်က သူ့သားနဲ့ ကွာဖို့ပြောနေပြန်ပါပြီ။

ကျွန်မဘက်ကနေ ဘယ်တော့မှ မစဉ်းစားဘဲ ကျွန်မဂုဏ် သိက္ခာတွေမှဲ့ဖို့ပဲ ကြံစည်နေတာပါပဲလား။

နာကြည်းနေမိသည်။

“သမီးရယ် ... မေတ္တာနဲ့ပဲ အနိုင်ယူပါ ... ဒက်ဒီနဲ့ သမီးအမေ ခေင်သီတို့မှာပဲ အပြစ်တွေရှိနေတာပါ ... ”

ဒက်ဒီရော ...

ရိပ်သာကနေ ပြန်ထွက်လာပြီး အိမ်မှာပြန်ရောက်နေပြီ။

ဒက်ဒီနှင့်တွေ့ချင်လာရသည်။

ဒေါ်နန်းနန်းမြိုင်က တွေ့ခွင့်မပေးဘဲဖြစ်နေ၏။

“ညည်း အဖေနဲ့တွေ့စရာ မလိုတော့ဘူး ... ကျုပ်အိမ်မှာ ခိုင်းကောင်းကျောက်ပီနေပါ ... ”

ဘာဆိုင်လဲ ...

ဒေါ်နန်းနန်းမြိုင်က အခွင့်ပေးတုန်း ကွာရှင်းလိုက်တာပဲ ကောင်းပါတယ်လေ။

လွှာ ဆုံးဖြတ်လိုက်ပြီ။

နှင့်ကို ကွာမယ်။

အကြွင်းနာတရား မရှိတဲ့လူ။

“အင်း ... ”



www.burmeseclassic.com

www.burmeseclassic.com



သူ ...

လှုပ်လာသည်။

သူမ လန့်သွားရ၏။

အိပ်နေရသည်။

ညဥ့်နက်မှ အိပ်ပျော်သွား၏။

မိုးလင်းမှ နိုးလာတော့ ဒေါ်နန်းနန်းမြိုင်က မကျေနပ်သေး

မျက်နှာထားက တင်းနေသည်။

"လွှာ ..."

"ရှင် ..."

"ညည်း တမင်းရွဲ့ပြီး အိပ်နေတာလား"

"မဟုတ်ပါဘူး မာမီ ... ကျွန်မလေ ညဆိုအိပ်လို့ မပျော်ဘူး ပါ"

"တော်စမ်း ..."

"မာမီ ..."

"ပြော ..."

"နှစ်သစ်ကို ကျွန်မကြွာရှင်းပါရစေ ..."

ဒေါ်နန်းနန်းမြိုင်ရဲ့ အကြည့်တွေက လွှာ့ဆီဆတ်ခနဲရောက် သွားသည်။

ဒီမိန်းကလေး အရမ်းထိခိုက်နစ်နာနေပြီလား။

မဖြစ်သင့်ဘူး။

လွှာ့ကို သားနှင့်လက်ထပ်ပေးပြီး နှိပ်စက်နေတော့လည်း မိမိစိတ်ထဲမှာ ပျော်ရွှင်ကျေနပ်မှု ရှိမလာပေ။

ငါ့မှာ ကိုယ်ချင်းစာစိတ်တော့ ရှိပါသေးတယ်လွှာ။

ဒီလောက်အထိ ယုတ်မာပက်စက်တဲ့ မိန်းမတစ်ယောက်



တော့ မဟုတ်ပါဘူး။

"လွှာ ..."

"ရှင် ..."

"ညည်း စဉ်းစားနော် ... နစ်နာမှာက ညည်းပဲ"

"ကျွန်မ နစ်နာသွားရင် မာမီကျေနပ်တယ် မဟုတ်လား"

"ဘာအေ့ ..."

"ဒက်ဒီက ပေးဆပ်ချင်တယ်လေ၊ မာမီကျေနပ်စေချင်တာ ပါ ... ဒက်ဒီနဲ့ မာမီတို့ရဲ့ အပြစ်တွေကို မာမီကျေနပ်တဲ့အထိ ပေးဆပ်ချင်တာပါ"

"ငါကတော့ ... ဘယ်တော့မှ ကျေနပ်မှာ မဟုတ်ဘူး ... ညည်းအဖေအပေါ် ငါဘယ်တော့မှ မကျေနပ်ဘူး ..."

"ကျွန်မ ဘာဆက်လုပ်ပေးရမလဲ မာမီ"

"ညည်းကိုတော့ ကျူပ်ကဆက်ပြီး မနစ်နာစေချင်တော့ ဘူး"

"ရှင် ..."

"ငါ့သားကိုလည်း မချစ်မနှစ်သက်တဲ့ မိန်းမတစ်ယောက်နဲ့ အတူ မနေစေချင်တော့ပါဘူး လွှာ ... သူ ချစ်တဲ့အိအိနဲ့ပဲ လက်ထပ် ပါစေတော့"

သူ ချစ်တဲ့ အိအိနဲ့တဲ့။

လွှာ့ရင်ထဲမှာ နာကျင်တဲ့ဝေဒနာတွေ ပြင်းပြစွာ ခံစားလိုက် ရသည်။

နှစ်သစ်ကြောင့် ဘာလို့ခံစားနေရတာလဲ။

မခံစားပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ ... ညည်းဘက် ဆန္ဒရှိရင်တော့ ကျုပ် ကွာရှင်းပေးဖို့ စီစဉ်မယ်"

ညည်းကိုထပ်ပြီး စိတ်ဒုက္ခတွေ မခံစားစေချင်တော့လို့ပါ လွှာ။

ကျုပ်သားကိုလည်း ဘဝမနစ်မွမ်းစေချင်တော့ဘူး။

"ကျုပ်မှားသွားတယ် ... တကယ်တော့ ညည်းတို့မှာ အပြစ် မရှိပါဘူး ... တကယ်တမ်းကျတော့ ... ကျုပ်စိတ်ထဲမှာ ကျေနပ် အားရမှုဆိုတာ မရှိနိုင်ပါဘူး ..."

ဒေါ်နန်းနန်းမြိုင် စိတ်ထဲမှာ အမှန်အတိုင်းပဲ ပြောလိုက်ပါ သည်။

"လွှာ ..."

"ရှင် ..."

"ညည်းအဖေကို သွားတွေ့ပါ တိုင်ပင်ပါ ... ကျုပ်ကတော့ ညည်းဆန္ဒအတိုင်းပဲ ..."

"ကျွန်မ ဒက်ဒီကိုသွားတွေ့မယ် မာမီ ... အကောင်းဆုံး ဖြစ်အောင် စီစဉ်မယ် ..."

"သွားတွေ့လေ ..."

မာမီ ခွင့်ပေးလိုက်၍ သူမ အပြေးအလွှား ဒက်ဒီဆီရောက် လာသည်။

"ဒက်ဒီ ..."

ဒက်ဒီကို မတွေ့ရပေ။

"မဆွေ ဒက်ဒီရော ..."

အိမ်ဖော်မလေး မဆွေကို မေးရသည်။

"မမလေးကလည်း နေနိုင်လိုက်တာ ... ဘာဖြစ်လို့ ဖေဖေ



ကြီးဆီ လာမတွေ့တာလဲ"

"ဒက်ဒီ ဘာဖြစ်လို့လဲ ..."

"နေမကောင်းဘူး ..."

"ဟင် ..."

"နှလုံးရောဂါတဲ့ ..."

"ဟင် ..."

သူမ ...

ကွာရှင်းမဲ့အကြောင်း ဒက်ဒီကို ဘယ်လိုဖွင့်ပြောရမလဲ။

"ဒက်ဒီရေ ..."

"အခန်းထဲမှာ ..."

"ဆေးခန်းပြလားဟင် ... မမလေးက ဒက်ဒီ့ကို ရိပ်သာမှာ ပဲ ထင်တာ"

"ပြန်ရောက်နေပြီ ... နှလုံးရောဂါထလို့ ဆေးခန်းတော့ပြ တယ် ... မမလေး မသိစေနဲ့တဲ့"

"ဒက်ဒီရယ် ..."

ဒေါ်နန်းနန်းမြိုင်အပေါ် ဒက်ဒီရဲ့ စေတနာမေတ္တာက ကြီးမားနေသည်။

ပေးဆပ်မှုပဲရှိနေ၏။

"မမလေး ဒက်ဒီနဲ့သွားတွေ့လိုက်ဦးမယ် ..."

"ဟုတ်ကဲ့ ..."

ဒက်ဒီရှိနေတဲ့ အခန်းထဲသို့ တက်လာခဲ့သည်။

"ဒက်ဒီ ..."

"သမီး ဘာလာလုပ်တာလဲ ... နန်းနန်းမြိုင်ကို စိတ် အနှောင့်အယှက်ဖြစ်အောင် သမီးမလုပ်သင့်ဘူးနော် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီရယ် ..."

ဒက်ဒီကို ကြည့်ရတာ ပိန်ချုံးနေသည်။ ဝေဒနာကို ပြင်းပြစွာ ခံစားနေရတဲ့ပုံပင်။

"မာမီက သမီးကိုလာခွင့်ပြုတာပါ ..."

"ဟင် ..."

ဦးမောင်မောင်နိုင်ကတော့ မယုံနိုင်အောင်ဖြစ်နေသည်။ နန်းနန်းမြိုင်က သမီးနဲ့တွေ့ခွင့်မရှိဘူးဟု အပြတ်ပြောထားသည်။

"မာမီက ပြောတယ် ... သမီးကို နှိပ်စက်နေရတာလည်း သူ ဝမ်းမသာပါဘူးတဲ့ ... ညည်းမှာ အပြစ်မရှိတာ ကျူပ်သိတယ်တဲ့"

"ဟင် ... နန်းနန်းမြိုင် စိတ်တွေပြောင်းသွားပြီလား ... ဒီအတိုင်းပဲပြောလား"

"ဟုတ်တယ် ဒက်ဒီ ... အခုလည်း ညည်းအဖေနဲ့သွားတွေ့တဲ့ ..."

"ဟုတ်ပါတယ် သမီးရယ် ... နန်းနန်းမြိုင်က စိတ်သဘောထားဆိုးတဲ့ မိန်းမတစ်ယောက်တော့ မဟုတ်ပါဘူး ... သူ့ဘဝမှာ အရမ်းထိခိုက်နစ်နာသွားရလို့ပါ ..."

ဒက်ဒီကို သူမတို့ အိမ်ထောင်ရေး ကွာရှင်း ပြတ်ဆဲရဲ့ အကြောင်း မပြောပြချင်တော့ပေ။

ကျန်းမာရေး ချို့တဲ့နေတဲ့ ဒက်ဒီကို ဝေဒနာတွေ မခံစားစေလိုတော့။

"ဒက်ဒီ ..."

"ဟင် ..."

"ဆေးခန်းပြလား ..."





"အင်း ..."

"နောက်နေ့ သမီးဆေးခန်းလိုက်ပြပေးမယ်လေ"

"နေပါစေသမီးရယ် ... ဒက်ဒီကြောင့် သမီးအိမ်ထောင်ရေးကို မထိခိုက်စေချင်ပါဘူး ... သမီးတို့ အိမ်ထောင်ရေးက အချစ်မရှိဘူးလေ ..."

"သမီးတို့ အိမ်ထောင်ရေးက သာယာပါတယ် ဒက်ဒီ ... နှစ်သစ်နဲ့ သမီးက လက်ထပ်ပြီးတော့ သံယောဇဉ်တွေ တွယ်နေကြပါတယ် ..."

"ဟင် ... ဟုတ်လား"

"ဟုတ်ပါတယ် ဒက်ဒီရယ် ... နောက်နေ့ မောင့်ကိုသမီးခေါ်လာပြမယ် ... မာမီကလည်း အရင်လို မဟုတ်တော့ပါဘူး၊ စိတ်တွေပြောင်းသွားပါပြီ ..."

"သမီးရယ် ... ဒက်ဒီ ဝမ်းသာလိုက်တာ ... ဒက်ဒီဖြစ်စေချင်တဲ့အခြေအနေပဲ ... ဒက်ဒီနေကောင်းပါတယ် ... သမီးလေး စိတ်မပူနဲ့ ... ပြန်တော့လေ"

"ဖြည်းဖြည်းပေါ့ ဒက်ဒီရယ် ... သမီးနေဦးမယ် ... ညနေမှ ပြန်မယ်နော်"

"သမီး ..."

"ရှင် ..."

"ဒက်ဒီက အရေးမကြီးပါဘူး ... နန်းနန်းမြိုင်ကျေနပ်အောင်ပဲနေပါ ... သမီးရှေ့ရေးအတွက် ဒက်ဒီအရမ်းစိတ်ပူတယ်လေ ... သမီးက အိမ်ရှင်မ ပီသပြရမယ် ... မောင်နှစ်သစ် ချစ်ခင်နှစ်သက်လာအောင် နေထိုင်ပြမူပြရမယ် ..."



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီရယ် ...

သမီး အနေအထိုင်တွေ ပြုပြင်ပါတော့မယ်။

စိတ်သောကတွေ မခံစားချင်တော့ပါဘူး။

"သမီး ..."

"ရှင် ..."

"ပြန်တော့လေ ..."

"ရပါတယ် ဒက်ဒီရဲ့ ... မာမီက နေခိုင်းပါတယ် ... ညနေတောင် မောင့်ကိုအိမ်လာခိုင်းလိုက်မယ်"

"ဒက်ဒီ့အတွက် ဘာမှမလုပ်ပါနဲ့ ... မောင်နှစ်သစ်ကို စိတ်အနှောင့်အယှက် မဖြစ်ပါစေနဲ့တော့ ..."

"မောင်နဲ့ သမီးက သံယောဇဉ်တွယ်နေကြပါပြီ ... ပျော်ရွှင်ချမ်းမြေ့စရာကောင်းတဲ့ အိမ်ရှင်မဘဝကို သမီးခံယူနေရပြီ"

ဒက်ဒီ မျက်နှာပေါ် အပြုံးတွေနှင့် ရွှင်လန်းတက်ကြွနေသည်။

လွှာ သမီးအလိမ္မာပဲ ဖြစ်ချင်တယ်။

ဒက်ဒီ လူ့လောကကြီးထဲက ထွက်ခွာသွားရမှာ သမီးအကြောက်ဆုံးပဲ။

တစ်ဖက်ခြံကြီးထဲကို မပြန်တော့ဘဲ ဒက်ဒီအနားမှာပဲနေမိသည်။

၀၀၀

အခန်း ( ၁၈ )

နှစ်သစ်ဆီကို ဒက်ဒီမသိအောင် ခိုးပြီးဖုန်းဆက်လိုက်မိသည်။

"နှစ်သစ်"

"ပြော ..."

"ကျွန်မ တစ်ခုလောက်တောင်းဆိုချင်လို့ပါ နှစ်သစ်"

"တောင်းဆိုပါ ..."

"ဟိုလေ ... ကျွန်မ ဒက်ဒီ့အိမ်ရောက်နေတယ် ... ကျွန်မဒက်ဒီ နေမကောင်းဘူး ... အဲဒါ ညနေ ရှင်ကျွန်မဒက်ဒီဆီလာခဲ့ပါလားဟင်"

"ဘာဖြစ်လို့လဲ ..."

"ကျွန်မ အိမ်ထောင်ရေးအဆင်ပြေတဲ့အကြောင်း ဒက်ဒီ့ကိုပြချင်လို့ပါ ... ကျွန်မ ဒက်ဒီစိတ်ချမ်းသာအောင်ပါ ... ရှင် ကူညီမယ်လို့ထင်ပါတယ်"

သူမ ...

စိတ်ပူနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်သစ် လက်ခံပါ့မလား။

"နှစ်သစ် ..."

"ဟင် ..."

"ကူညီပါ ... ကျွန်မ တောင်းပန်ပါတယ် ... ဒက်ဒီ့ကို ကျွန်မ စိတ်ချမ်းသာစေချင်လို့ပါ ..."

နှစ်သစ်က အေးစက်နေ၍ သူမစိတ်ပူသွားမိသည်။

မကူညီဘူးလား။

ကျွန်မတို့ အိမ်ထောင်ရေး အဆင်မပြေဘူးဆိုတာ ဒက်ဒီ့ကို မသိစေချင်လို့ပါ။

"နှစ်သစ်"

"ကိုယ် မအားဘူးထင်တယ် ..."

"ဟင် ..."

သူ ...

တကယ်လည်း အရေးကြီးတဲ့ အစည်းအဝေးတစ်ခုရှိနေသည်။

လွှာ့ကိုတော့ ကူညီချင်ပါတယ်။

အန်ကယ်ဦးမောင်မောင်နိုင်ကိုလည်း စိတ်သောကတွေ မရောက်စေချင်ပါဘူး။

သူ့မှာ အစည်းအဝေးရှိနေတယ်။

"ဒီမှာ အရေးကြီးတဲ့ အစည်းအဝေးတစ်ခုရှိနေတယ် ... မင်းကို မကူညီချင်တာတော့ မဟုတ်ပါဘူးလွှာ ... ဂျါအလုပ်က အရေးကြီးနေလို့ပါ"

"မဟုတ်ပါဘူး ... နှစ်သစ်ရယ် ခဏလေးပဲဖြစ်ဖြစ် လာခဲ့ပါ





နော် ... ရှင် အခုလာခဲ့ပါလားဟင်"

"နှစ်သစ် လာလို့မရဘူးနော် ... ဒီမှာ အရေးကြီးတဲ့ ဧည့်သည်တွေ ချိန်းထားသေးတယ်လေ"

အိအသံကို သူမကြားလိုက်ရသည်။

"အိကို တောင်းပန်ပေးပါ နှစ်သစ်ရယ် ... ခဏလေးပဲ နှစ်သစ်ရယ် ... ခဏလေးပါ ... ကျွန်မနဲ့ရှင် အိမ်တောင်ရေး အဆင်ပြေကြောင်း ပြသချင်လို့ပါ"

အိကိုလည်း သူမ တောင်းတောင်းပန်ပန်နှင့် ပြောလိုက်မိသည်။

"ကိုယ်လာနိုင်မယ် မထင်ဘူးလွှာ ... နောက်နေ့မှ မင်းအဖေကို သွားတွေ့ပါ့မယ်"

"နှစ်သစ် ..."

ဖုန်းချသွားသည်။

"နှစ်သစ် ..."

"နှစ်သစ် ..."

ရှင် ...

တော်တော်ရက်စက်တာပဲ ...။

ကျွန်မအဖေဟာ လူကောင်းပါ။

ရှင်တို့သားအမိအပေါ်မှာလည်း စေတနာအပြည့် ရှိနေတာပါ။

ဘာဖြစ်လို့ ရက်စက်နေရတာလဲ။

သူမ ...



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းချလိုက်သည်။

"ဟင်း ... "

စိတ်ထဲမှာ မွန်းကြပ်နေသည်။

"ဒက်ဒီ"

"ဟင် ... "

"မောင်က အလုပ်တွေများနေလို့ မလာနိုင်ဘူးတဲ့ဒက်ဒီ ... နောက်နေ့တွေတော့ လာမှာပါနော်"

"သမီး ... "

"ရှင် ... "

"ဒက်ဒီ့အတွက် စိတ်အနှောင့်အယှက် မဖြစ်ပါစေနဲ့ ... ဒက်ဒီက ဘာမှမဖြစ်ပါဘူး ... "

"ဒက်ဒီရယ် ... သမီးအတွက် ဘာမှမပူနဲ့နော် ... မောင်နဲ့ အဆင်ပြေပါတယ်"

"သမီးရယ် ... "

ဦးမောင်မောင်နိုင်ကတော့ သမီးစိတ်သောကတွေရောက်မှာကို မလိုလားမိပေ။

"သမီး သွားတော့လေ"

"ဟုတ်ကဲ့ ... "

"အိမ်ထောင်ရေးကိုတော့ သမီးထိန်းသိမ်းရမယ်နော်"

"ဟုတ်ကဲ့ ... စိတ်ချပါ"

"သမီး ပြန် ... "

"ဟုတ်ကဲ့ ... "





ဒက်ဒီကို စိတ်မချပေ။

"ဒက်ဒီ ... "

"ဟင် ... "

"သမီး နောက်နေ့လည်း လာခဲ့မယ်နော်"

"မလာနဲ့ ... ဒက်ဒီ့အတွက် အရေးမကြီးပါဘူး ... ဒက်ဒီ တစ်ယောက်တည်းလည်း နေလို့ရပါတယ် ... "

"ဒက်ဒီ တစ်ခုခုဖြစ်သွားမှာ သမီးအရမ်းကြောက်တာပဲ ... သမီးကိုအကြောင်းကြားပါနော်"

ဒက်ဒီ တစ်ခုခုဖြစ်သွားမှာကို လွှာ မသိလိုက်မှာစိုးမိသည်။

"သမီးကို အကြောင်းမကြားဘဲ ဒက်ဒီကျိတ်ပြီး မခံစားပါနဲ့နော် ... သမီးနောင်တရလို့ မဆုံးတော့ဘူး ဖြစ်သွားတာပဲ"

"သမီး ... "

"ရှင် ... "

"ဒက်ဒီ သိပါတယ် ... သမီး အိမ်ထောင်ရေးကိုသာ အဆင်ပြေအောင်နေထိုင်ပါ ... မိန်းမကောင်း ပီသစေချင်တယ် မေတ္တာနဲ့ပဲ ကူညီပါ"

"ဒက်ဒီ့စကားတွေကို လွှာ နားထောင်ပါ့မယ် ... စိတ်ချပါ ဒက်ဒီရယ်နော် ... "

"သမီးပြန်တော့ ... "

"ဟုတ်ကဲ့ ... "

"မနက်ဖြန် မလာနဲ့နော်သမီး ... ဒက်ဒီ တစ်ခုခုဖြစ်ရင် အကြောင်းကြားလိုက်မယ် ... မပူပါနဲ့ ဒက်ဒီ ဘာမှမဖြစ်ပါဘူး"

လွှာ ပြန်လာခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ညည်းဒက်ဒီ ဘယ်လိုနေသေးလဲလို့ ဒေါ်နန်းနန်းမြိုင်မမေး
ပေ။

နေနိုင်လိုက်တာ။

ရှင်တို့ သိပ်ရက်စက်တဲ့ လူတွေပဲ။

နှစ်သစ် ...

နင့်ကို ငါအရမ်းမုန်းသွားပြီ။

အိဆိုတဲ့ မိန်းကလေးနဲ့ နင်ဖောက်ပြန်နေတာမဟုတ်လား

သူမ ...

ဒေါသတွေ ပေါက်ကွဲနေမိသည်။

နှစ်သစ်ကတော့ လွှာတောင်းဆိုမှုတွေကို မလိုက်လျော
တာ စိတ်မကောင်းဖြစ်ရ၏။

အလုပ်ကိစ္စအတွက် အရေးတကြီး ချိန်းထားပြီးသားဖြစ်
သည်။

"လွှာ့ကိစ္စကို ငြင်းလိုက်တာ မှားပြီထင်တယ်အိ ..."

"ဘယ်တတ်နိုင်မလဲ နှစ်သစ် ... ဒီမှာက အလုပ်ကိစ္စ ချိန်း
ထားပြီးသားလေ ... ရှင်းပြလိုက်ပေါ့ ..."

အိအသံကြီး ဖုန်းထဲဝင်သွားတာကို လွှာကြားသွားလား

သူ့ကို တစ်မျိုးထင်တော့မှာပဲ။

အလုပ်ကိစ္စကလည်း အရေးတကြီးချိန်းထားပြီးသားဖြစ်
သည်။

အန်ကယ်ဦးမောင်မောင်နိုင်ကိုလည်း သူပစ်ထားဖို့ မသင့်
ပါဘူး။

သွားကြည့်ရမယ်။





သမီးဘဝနဲ့ရင်းပြီး မာမီ့အတွက်ပေးဆပ်နေသူပဲ။

"နှစ်သစ် ..."

"ဟင် ..."

"ရှင်က လွှာ့ကိုချစ်သားပဲ"

"ဘာ ..."

"လွှာ့ကို ငြင်းလိုက်လို့ ရှင်အရမ်းနောင်တတွေရပြီး ခံစားနေ
ရတယ် မဟုတ်လား"

အိပြောတာ ဟုတ်နေပြီလားဟု သူ သံသယဝင်လာသည်။

လွှာ့အပေါ် ...

အချစ်ဆိုတာမတော့ မရှိပါဘူး။

လူမှုရေးအရ သူရိုင်းစိုင်းဖို့ မသင့်ဟုဘဲ တွေးမိနေသည်။

"ကိုယ် အန်ကယ့်ကိုတော့ ... သွားကြည့်သင့်ပါတယ်"

"ကြည့်သင့်တာပေါ့ ... ကိုယ့်ယောက်ျမပဲ ... ရှင် ဘာ
စိတ်ပင်ပန်းခံနေရတာလဲ နှစ်သစ် ..."

"စိတ်မောတယ်ကွာ ..."

"အလုပ်ကိစ္စတွေ ရှိသေးတယ် ... ကျန်တာတွေ မေ့လိုက်
တော့ အစည်းအဝေးခန်းထဲ ဝင်ရအောင်"

"အင်း ..."

သူ ...

စိတ်မဝင်စားမိ။

ဘာတွေပြောနေမှန်းပင် မသိတော့အောင် စိတ်က လွှာ့ဆီ
ရောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို တစ်မျိုးထင်သွားပြီလား။

အိန္ဒြ အထင်လွဲသွားတာလား။

"ကျွန်မ တောင်းပန်ပါတယ် ... ကျွန်မ အိမ်ထောင်ရေး အဆင်ပြေကြောင်း ဒက်ဒီ့ကိုပြချင်လို့ပါ ... "

လွှာ့ရဲ့ တောင်းပန်စကားတွေကို သူကြားယောင်နေ သည်။

"နှစ်သစ် ... "

"ဟင် ... "

"ရှင့်စိတ်တွေ ဘယ်ရောက်နေပြီလဲဟင် ... "

"အိ ... "

"ရှင် အလုပ်ထဲမှာ စိတ်ဝင်စားပါဦး ... "

"မရဘူး ... "

"ခုက္ခပါပဲ ... "

"လွှာက ဘယ်တော့မှ မာနချတဲ့ မိန်းမတစ်ယောက်မဟုတ် ဘူး အိ ... "

"ကဲပါ အလုပ်ထဲမှာ စိတ်ဝင်စားပါ ... နောက်မှပြောမယ်"

"အင်း ... "

သူ ...

အစည်းအဝေးကိစ္စကိုပဲ အတော်လေးစိတ်ဝင်စားအောင် ကြိုးစားနေရသည်။

စိတ်ထဲမှာ လေးနေရ၏။

လွှာ ...





မင်း ငါ့ကိုမုန်းသွားမှာပဲ။

မာနချပြီး ... ငါ့ဆီတောင်းပန်စကားပြောခဲ့တာ မဟုတ်လား။

အစည်းအဝေး ပြီးသွားသည်။

အပြင်ရောက်မှ သက်ပြင်းမောကြီးကို မှုတ်ထုတ်ပစ်လိုက်ရ၏။

"ဘယ်လိုလဲ ... ရှင် အရမ်းစိတ်ပင်ပန်းနေလား ... "

"အင်း ... "

"ရှင် ... ဘာလို့ ဟန်ဆောင်နေရတာလဲ နှစ်သစ် ... "

"ကိုယ် စိတ်တော့ အရမ်းမောနေတယ်အိ ... "

"လွှာ့ကို ရှင်ချစ်နေပြီ မဟုတ်လား ... "

"သံယောဇဉ်တွယ်နေပြီ ထင်တယ် ... "

"ဒါဆို ရှင့်မာနတွေကိုချလိုက်ပါ ... ရှင်တို့ အိမ်ထောင်ရေး ကို အဆင်ပြေစေချင်ပါတယ် ... အိလည်း အနေရခက်တယ်"

အစည်းအဝေး အရေးကြီးနေလို့ အိဝင်ပြောလိုက်တာ လွှာ ဘာပြောမလဲ။

တစ်မျိုးထင်သွားပြီလား။

"အိ ဝင်ပြောလိုက်တာ လွှာကတော့ တစ်မျိုးထင်တော့မှာ ပဲနော် ... နှစ်သစ်ရှင်းပြပေးပါဦး"

"ကိုယ်တို့နှစ်ယောက်က ရိုးသားတာပဲအိ ... မပူပါနဲ့ ကိုယ် စိတ်မကောင်းတာက လွှာ့ရဲ့ တောင်းဆိုမှုကို ငြင်းပစ်လိုက်မိတာပဲ လေ ... "

သူ ...



www.burmeseclassic.com

www.burmeseclassic.com



အိမ်မပြန်နိုင်သေးဘူး။

ညနေ ...

ဧည့်ခံပွဲရှိတယ်။

လွှာကတော့ အိနဲ့လျှောက်လည်နေတယ်လို့ ထင်မှာပဲ။

"ရှင် အိမ်ပြန်လေ နှစ်သစ် ... လွှာ့ကိုချော့လိုက်ပါ"

"ဧည့်ခံပွဲက ကိုယ့်ပွဲဖြစ်နေတယ်လေ ... ကိုယ်မသွားလို့ မဖြစ်ပါဘူး ... "

တကယ်ဆို ...

လွှာလည်း လိုက်ရမှာပဲ။

ပွဲတက်ဖို့အတွက် လွှာ့ကို ဘယ်တော့မှမခေါ်ခဲ့ပေ။

အိနဲ့ပဲတွဲ ပြီး တက်ခဲ့သည်။

"အိ ... "

"ဟင် ... "

"ဧည့်ခံပွဲကိုတော့ ကိုယ်ဟန်ပြတက်လိုက်မယ် ... စောစော ပြန်မယ် ... အိပဲကြည့်ပြီး ရှင်းထားလိုက် ... "

"အင်း ... စိတ်ချပါ နှစ်သစ် ... အိတာဝန်ယူတယ် ... လွှာ့ ဒက်ဒီနေမကောင်းဖြစ်နေတဲ့အချိန်မှာ ရှင်ဂရုစိုက်သင့်တယ်"

"အင်း ... "

သူ ...

ဧည့်ခံပွဲမှာ ခဏပဲနေသည်။

အရက်ပင် မသောက်တော့။

"ကျေးဇူးပဲအိ ... ကိုယ်ပြန်တော့မယ်"

"ကြွပါ ... ကြွပါ"





"မင်းက ကိုယ့်ရဲ့အကောင်းဆုံး ထာဝရမိတ်ဆွေပါပဲ"

သူ ...

ထွက်လာခဲ့သည်။

လွှာနှင့်လက်ထပ်ပြီးနောက်ပိုင်း အိအပေါ် မိတ်ဆွေတစ်ယောက်ကဲ့သို့ပဲ သဘောထား၏။

ရင်ဖွင့်သည်။

အိက အားပေးတတ်၏။

တိုင်ပင်ဖော် တိုင်ပင်ဖက်ပဲ။

လွှာရယ် ...

မင်း ယုံမလား။

ကိုယ် ...

မင်းအပေါ် မာနထားနေမိတယ်။

ဒီနေ့တော့ ...

လွှာ့ဒက်ဒီဆီသွားလို့ရမှာ မဟုတ်တော့ဘူး ထင်တယ်။

နောက်ကျနေပြီ ...

ကိုယ် ...

အစောကြီးပြန်လာတာပါ။

အိမ်ရောက်တော့ သူ့ကိုအရွဲ့တိုက်ပြီး စောင့်မနေတော့ပေ။

အလုပ်သမား ကောင်မလေးတစ်ယောက်ပဲ တံခါးလာဖွင့်သည်။

"မာမီရော ... "

"အစောကြီးထဲက အခန်းထဲဝင်နေတာ ပြန်မထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး ... ”

လွှာရောဟု မေးရမှာကို သူဝန်လေးနေမိသလိုပင်။

မမေးဖြစ်တော့။

“မမလေးလည်း အခန်းထဲမှာပဲနေတယ် ... ငိုနေတယ်လို့ ထင်တာပဲ ... ”

“ဟင် ... ”

“ကျိတ်ပြီးငိုနေတယ်လို့ ကျွန်မထင်တယ် ... ဟိုဘက်အခန်းက ဘဘကြီး နေမကောင်းဘူးထင်တယ် ... ”

“မာမီက ဘာပြောလဲဟင်”

“မပြောဘူး ... ”

မာမီကပါ ဥပေက္ခာပြုနေတော့ လွှာဘယ်လောက်ခံစားရမလဲ။

လွှာ့ကို ဘယ်လိုချော့ရမလဲ။

မင်းကို ကွာပေးလိုက်ရမလားလွှာ။

ဒီအိမ်မှာနေရတာ မင်းအရမ်းစိတ်သောကတွေရောက်နေပြီလား။

ကိုယ့်စိတ်တွေ ပြောင်းလဲနေပါပြီ။

လွှာရှိနေတဲ့ အခန်းထဲသို့ သူဝင်လာခဲ့မိသည်။

😐 😐 😐

## အခန်း ( ၁၉ )

လွှာ ...

မင်းအိပ်နေပြီပဲ။

အိပ်ဆေးတွေ သောက်ပြီး မင်းတမင်အိပ်နေတာ မဟုတ်လား။

ကိုယ့်ကို ကော်ဖီမဖျော်ထားပေးဘူး။

မင်းစိတ်ထဲမှာ မုန်းနေတာလား။

အိန္ဒြေနဲ့ရော သံသယတွေ ဝင်သွားပြီလားလွှာ။

မင်းဒက်ဒီအတွက် မင်းစိတ်သောကတွေရောကနေတယ်ဆိုတာ ကိုယ်သိပါတယ်။

လွှာ့ကို နှိုးလိုက်ရမလား။

သူ ...

အစောကြီးပြန်လာပေမဲ့ လွှာက အိပ်မောကျနေပြီဖြစ်သည်။

အိက ကိုယ့်မိတ်ဆွေပါ။

ကိုယ် အိနဲ့မိတ်ဆွေအဖြစ်ပဲ သဘောထားလို့ရနေတာတယ်။

“သား ... ”



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... မာမီ"

သူ့အခန်းထဲ မာမီလိုက်လာသည်။

"မာမီ့အခန်းထဲ ခဏလာပါ"

"ဟုတ်ကဲ့ ... "

မာမီ ပြန်ထွက်သွားသည်။

မျက်နှာမကောင်းသောကြောင့် လွှာနဲ့ တစ်ခုခုဖြစ်သွားပြီလား။

မာမီ့အခန်းထဲ သူရောက်လာသည်။

"ထိုင် ... "

"မာမီ ... "

"မင်း လွှာ့ကို ကွာရှင်းမလား ... "

"ဗျာ ... "

"မင်း စိတ်သောကတွေရောက်နေတာ မာမီသိတယ် ... အဲဒီအကြောင်းပဲ မာမီစိတ်သောကရောက်နေတယ် ... မာမီ အတ္တမကြီးသင့်တော့ပါဘူး ... "

သူ ...

လွှာ့ကို ကွာရှင်းဖို့ တွန့်ဆုတ်နေမိသည်။

မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကျဆင်းအောင် အလွယ်တကူ မလုပ်သင့်ဟု ထင်မိနေ၏။

"လွှာ့ ဒက်ဒီလည်း နေမကောင်းသေးဘူး မာမီ ... သားက ကွာရှင်းလိုက်ရင် အန်ကယ်နိုင်တစ်ခုခု ဖြစ်သွားနိုင်တယ်၊ မာမီကတော့ အန်ကယ်နိုင် စိတ်သောကရောက်အောင် ဖန်တီးချင်တာလား"





"ဟင် ... "

ကိုမောင်မောင်နိုင် နေမကောင်းဖြစ်နေတာ လွှာက ဘာမှ မပြောပေ။

အဲဒီစိတ်တွေ မာမီမှာ မရှိတော့ပါဘူးဟု မပြောချင်။

သားကို ဘာမှမပြောပြလိုတော့ပေ။

မာမီမှားတယ်ဟုလည်း ဝန်မခံချင်ပေ။

"မာမီ ... "

"ဟင် ... "

"သားက လွှာ့ကို မကွာရှင်းချင်ဘူးဆိုရင် မာမီစိတ်သောကတွေ ရောက်မှာလားဟင်"

သားကို ကြည့်မိသည်။

ယောကျ်ားပီသတဲ့ သားစိတ်ဓာတ်ကို မိမိလေးစားမိ၏။

လွှာ့ကို စိတ်သောက မရောက်စေချင်လို့ပါ။

"မာမီက သားရော လွှာရော ... မချစ်မနှစ်သက်ဘဲ ပေါင်းနေကြရမှာ စိတ်ပူလို့ပါ ... "

"မာမီ ... "

"မာမီ အတ္တမကြီးချင်တော့ဘူး ... "

မာမီ အတ္တမကြီးချင်တော့လို့ပါဆိုတဲ့ စကားကို ဝမ်းသာကျေနပ်မိသည်။

ဖြစ်သင့်ပါတယ် မာမီ။

အာဃာတတွေ မရှိသင့်တော့ပါဘူး။

မာမီ့စကားကို ကြားရတာ သူပျော်ရွှင်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



လွှာ …

မာမီ့မှာ အငြိုးအတေးတွေ မရှိတော့ဘူး။

ကိုယ်အဖြစ်ချင်ဆုံးပဲ။

"မင်း … လွှာနဲ့ညှိပါ … မာမီပြောရင် လွှာ့အပေါ် မကောင်းကြံစည်ချင်လို့ ထင်ဦးမယ် … မင်းတို့လူငယ်ချင်း ညှိနှိုင်းပြီး ပြောဆိုဆုံးဖြတ်ကြပါ"

မာမီမှားတယ်။

မလုပ်သင့်ပါဘူး။

လူငယ်တွေ ခံစားနေရတယ်။

မာမီလည်း မပျော်ပါဘူး။

လွှာ့ဘက်က ဘာမှမဖြစ်သလိုနေပြတော့ မာမီပိုပြီး ခံစားရတယ်။

အကုသိုလ်ပဲ။

လွှာက လူငယ်လေ။

မာန်မာနရှိတဲ့ မိန်းကလေးကို မာမီက ရိုက်ချိုးပစ်ချင်တာပဲ။

"သားကို မာမီဝန်ခံချင်တယ် … မာမီ ဒီလိုမကြံစည်မလုပ်ဆောင်သင့်ဘူးလို့ ထင်တယ်"

"အားလုံး ပြီးပျောက်သွားခဲ့ပြီပဲ မာမီ … စိတ်မကောင်းမဖြစ်ပါနဲ့တော့ … အကောင်းဆုံးဖြစ်အောင်ပဲ ဆက်လုပ်ကြသင့်ပါတယ်"

"အေးကွယ် … မာမီ နောင်တတွေရမိပါတယ် … ဒါပေမယ့် ကိုမောင်မောင်နိုင်တို့ သားအဖကိုတော့ မာမီဝန်မခံနိုင်ဘူး သား"



မာမီရဲ့ စိတ်သောကခံစားမှုတွေကိုလည်း နားလည်မိသည်။

"သားတို့ လူငယ်ချင်း ကြိုက်သလိုဆွေးနွေးဆုံးဖြတ်ကြပါလို့ ပြောချင်တယ်"

"မာမီ စိတ်အေးအေးနေပါ … သား အားလုံးကို လုပ်ဆောင်ပေးပါမယ် … "

လွှာ …

ကိုယ်တို့နှစ်ယောက် ညှိမယ်။

မင်းဆုံးဖြတ်ပါ။

"လွှာ … ဆုံးဖြတ်ပါစေ"

မာမီ့အခန်းထဲကနေ ပြန်ထွက်လာခဲ့မိသည်။

လွှာ အိပ်နေ၏။

မလှုပ် …

အိပ်ချင်ယောင်ဆောင်နေတာလား။

ကိုယ့်ကို မင်းမုန်းနေပြီလား။

စိတ်ထဲမှာ နာကြည်းနေပြီလား။

ဒီနေ့ …

တကယ်ပဲ …

ကိုယ် မအားလို့ပါလွှာ။

အလုပ်ကိစ္စတွေ ရှုပ်ထွေးနေ၍ လွှာ့ဆန္ဒကို မဖြည့်စွမ်းခဲ့ပေ။

အိကလည်း အလုပ်ရှုပ်နေကြောင်း ဖုန်းထဲမှာ ဝင်ပြောမိသည်။

မာမီကတော့ ဘေးထွက်သွားပြီ ဖြစ်၏။

သူနှင့်လွှာ ကျန်သည်။

"လွှာရယ် … "



www.burmeseclassic.com

www.burmeseclassic.com



လွှာ့အနားမှာ လှဲအိပ်ဖို့အတွက် သူတွန့်နေမိသည်။

အရုက်သိက္ခာတွေကို ထိန်းသိမ်းတတ်တဲ့ သူ့အတွက် လွှာ့အနားကိုကပ်ဖို့တော့ ဝန်လေးနေမိ၏။

ဒရင်းဘက်မှာပဲ အိပ်လိုက်သည်။

မနက်မိုးလင်းတော့ ... လွှာက အိပ်ရာမှဆင်းပြီး အောက်ထပ်သို့ ဆင်းသွားပြီ ဖြစ်သည်။

အရင်ကမှ ...

သူ့ ဝေယျာဝစ္စတွေကို လုပ်ပေးနေသည်။

အခု ...

ဘာမှ မလုပ်ပေးထားခဲ့။

လွှာ ...

သူ့ကို မုန်းတီးနာကြည်းနေကြောင်း သက်သေပြခြင်းပင် ဖြစ်သည်။

မျက်နှာသစ်လိုက်၏။

လွှာ့ ဒက်ဒီကိုသွားကြည့်မယ်။

သူ ...

ယောကျ်ားပဲ။

လွှာ့ကိုချော့မော့ဆက်ဆံဖို့ သူဆုံးဖြတ်ထားမိသည်။

မနက်စာကို အပြင်မှာသာစားတတ်သောသူက လွှာ ပြင်ဆင်ပေးထားတဲ့ မနက်စာကို စားရန်ဆင်းလာခဲ့၏။

ထမင်းစားခန်းထဲမှာ လွှာရှိနေသည်။

လွှာ့ မျက်ဝန်းတွေက တင်းမာစက်ထန်နေ၏။

"လွှာ ..."

"ရှင့်အတွက် ထမင်းပွဲပြင်ပြီးပါပြီ ..."





"ကိုယ် မင်းကိုပြောစရာရှိလို့ပါ လွှာ ..."

"ဘာလဲ ... ကျွန်မနဲ့ ကွာရှင်းပေးဖို့ ကိစ္စပြောမလို့လား နှစ်သစ်၊ ငါ့အဖေ အသက်ရှင်နေသရွေ့ နင်နဲ့ကွာရှင်းလို့ မဖြစ်နိုင်ဘူး"

လွှာပြောပြီး ပြန်ထွက်သွားသည်။

သူ့ရှင်းပြနေတာတွေကို လုံးဝ လက်မခံတော့ပေ။

လွှာ မကွာဘူးဆို၍ ...

မင်း အဲဒီလိုပြောမှ ပြောပါ့မလားလို့ ကိုယ်ပူနေမိတာပါ။

"အစ်ကိုလေး ..."

"ဟင် ..."

"မမလွှာက ဘာတွေဖြစ်နေတာလဲဟင် ... သနားပါတယ် နော်"

အိမ်ဖော်မလေး မဆွေကပင် သနားနေသည်။

"မမလွှာ တစ်နေ့လုံးမျက်နှာမကောင်းဘူး ... မမလေး ဒက်ဒီ နေမကောင်းဘူးတဲ့ ..."

သူ ...

ကြည့်သင့်တယ်။

လွှာနဲ့သူက လက်ထပ်ထားတာပဲ။

မာမီလည်း စိတ်တွေပြောင်းပြီး နောင်တတွေရနေပြီ။

သူ့ပဲ လျှော့ရမယ်။

လွှာ့ကို သွားတောင်းပန်ရင်ကောင်းမလားဟု တွေးနေမိ သည်။

အန်ကယ့်ကိုလည်း သွားကြည့်ရမယ်။

မိဘပဲ ...



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြောင်းကြောင့် မာမီနဲ့ပြဿနာဖြစ်ရပေမဲ့ အန်ကယ်က စိတ်သဘောထားပြည့်ဝသူပါ။

လွှာ့ကို သွားတွေ့ဖို့ စဉ်းစားနေဆဲမှာပင်။

အိထံမှ ဖုန်းဝင်လာသည်။

"နှစ်သစ် အမြန်လာပါ ... ကုမ္ပဏီမှာ မီးလန့်လို့ ... "

"ဟင် ... "

"ဒီမှာလေ ညကရေနွေးတည်ခဲ့တာ မီးမပိတ်ခဲ့မိလို့တဲ့ ... လျှပ်စစ်ရှော့ဖြစ်တာ ... ရှင် အမြန်လာခဲ့ပါ နှစ်သစ် ... "

"ကောင်းပြီ ... ကိုယ်အခုပဲလာခဲ့မယ် ... များလား"

"ဟင့်အင်း ... အစောင့်ကသိသွားလို့ နည်းနည်းမီးလန့်သွားတယ်"

"ကိုယ်လာခဲ့မယ်လေ ... "

လွှာ့ကိစ္စ မေ့ပျောက်သွားပြီး အလုပ်ခွင်သို့ အပြေးအလွှား သွားရသည်။

နှစ်သစ် ပြန်ထွက်သွားတာကို လွှာ အပေါ်ထပ်ပြတင်းပေါက်မှ တွေ့နေရသည်။

ဟွန်း ...

ရှင် စိတ်ထဲမှာ ကျွန်မဆိုတာမရှိပါဘူး။

အိပဲရှိနေမှာပါ။

ရှင် ရုံးသွားဖို့ပဲ စိတ်အားထက်သန်နေတာ မဟုတ်လား။

ဒက်ဒီကတော့ လွှာ့အိမ်ထောင်ရေးအကြောင်း သိမှာမဟုတ်ပါလေ။

မခေါ်တော့ဘူး။

**ဝိုးလပြည့်စာပေ**



ရှင့်ကို အောက်မကျဘူး။

သူ ...

လွှာနဲ့ ကွာဖို့ကြိုးစားမှာပဲ။

ဒက်ဒီနေမကောင်းတဲ့အတွက် နှစ်သစ်ကို ကွာမပေးနိုင်ဘူး။

လွှာ့အိမ်ထောင်ရေး ပျက်စီးသွားတာကို ဒက်ဒီလိုလားမှာ မဟုတ်ဘူး။

ဒေါ်နန်းနန်းမြိုင်ကလည်း လွှာတို့သားအဖ စိတ်သောကရောက်အောင် နည်းမျိုးစုံနဲ့ ကြံစည်ကြိုးစားနေသည်။

အခု လက်ထပ် အခုကွာတဲ့။

လွှာ့ကို ထိခိုက်နစ်နာမှာကိုပဲ ကြံစည်ကြိုးစားနေသည်။

ဒက်ဒီ့ဆီသွားရမယ်။

သမီး မလာပါနဲ့တဲ့။

ဒက်ဒီတစ်ခုခုဖြစ်သွားရင် ကျွန်မအရမ်းကြေကွဲရမှာပဲ။

မျက်ရည်တွေက မျက်ဝန်းတွေထဲမှာ ပြည့်လာရသည်။

လွှာ ...

မာန်မာနတွေနဲ့ တင်းနေတဲ့မိန်းမ ...

ကျဆုံးနေရပြီ။

ရင်ထဲမှာ နာကျင်ပြီး ကြေကွဲစွာငိုကြွေးပစ်ချင်နေမိသည်။

"မမလေး ... "

"ဟင် ... "

"တစ်ခုခုစားပါလား ... "

"ဒက်ဒီဆီ သွားမလို့ ... "

"မမလေးကြည့်ရတာ အားမရလိုက်တာ ... တစ်ခုခုတော့ စားသွားပါ ... "

**ဝိုးလပြည့်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



"မဆွေ ..."

"ရှင် ..."

"နင်တို့ အစ်ကိုလေးဘာဖြစ်လို့ အရေးတကြီးထွက်သွားရတာလဲ"

"မမအိ ဖုန်းဆက်လို့"

"ဟုတ်လား ..."

"ဘာမှတောင် စားမသွားဘူး ..."

"အဲဆိုတာနဲ့ နင်တို့အစ်ကိုလေးက ခင်တာကြာပြီလား"

"ကြာပြီ ... လုပ်ငန်းတူ စီးပွားဖက်တွေတဲ့ ..."

"ချစ်သူတွေလား ..."

"မဟုတ်ပါဘူး ... အစ်ကိုလေးက ရည်းစားမရှိပါဘူး ... စီးပွားရေးပဲ စိတ်ဝင်စားတာပါ ..."

မယုံပါဘူး ...

မဆွေကတော့ ပြောမှာပဲ။

သူ့အလုပ်ရှင်ပဲ။

အဲဆိုတဲ့ မိန်းမက ဖုန်းဆက်တာနဲ့သွားတယ်။

တကယ်ဆို ...

သူက ယောက်ျားပဲ။

ဒက်ဒီ့ကို နှစ်ယောက်အတူသွားကြည့်ဖို့ ပြောထားတာပဲ။

ရှင်က မကြည့်ချင်လို့ မဟုတ်လား။

"မမလေး ..."

"ဟင် ..."

"စ ားစရာလေးတစ်ခုခုတော့ စားပါ ... မမလေးစားပါနော်"

"မမလေး ဒက်ဒီဆီပဲသွားတော့မယ် ... ဟိုကျမှ စားမယ်"





ဒက်ဒီ့အိမ်ပဲ သူမပြန်သွားချင်တဲ့ ဆန္ဒတွေပြင်းပြနေမိသည်။

ဒေါ်နန်းနန်းမြိုင်ကလည်း အကြင်နာတရားကင်းမဲ့လွန်း၏။

ဒက်ဒီ နေကောင်းရဲ့လားဟုပင် မမေးခဲ့။

ဒက်ဒီ့ဆီပဲ သွားမယ်။

သူမ ဘာမှမသိဘဲ ဒက်ဒီတစ်ခုခုဖြစ်သွားမှာကို အစိုးရိမ်ကြီးစိုးရိမ်နေမိသည်။

"မမလေး ... စားချင်တာပြောနော် ... ကျွန်မလုပ်ပေးပါ့မယ် ..."

"အင်း ..."

မဆွေ ပြန်ထွက်သွားသည်။

သူမ မာမီနဲ့စျေးလိုက်ရဦးမယ်။

အိမ်မှာ အလုပ်သမားတွေရှိလျက်နှင့် လွှာ့ကိုပဲ အစေအပါးတစ်ယောက်လို ခိုင်းနေသည်။

မုန်းလိုက်တာ ...

လွှာ့မာနကို ရိုက်ချိုးပစ်ချင်သည်။

ဒေါ်နန်းနန်းမြိုင်ကို ဆန့်ကျင်လျှင် ဒက်ဒီစိတ်ထိခိုက်မှာလည်း စိုးရိမ်၏။

မဖြစ်သေးပါဘူး။

စိတ်တိုင်းမကျဖြစ်ပြီး ဒက်ဒီနဲ့ သွားတွေ့ခွင့်မရှိလျှင် ခက်ပါပဲ။

"မာမီ ..."

"ဘာလဲ လွှာ ..."

"ကျွန်မ မာမီနဲ့ စျေးလိုက်ဝယ်ဖို့ ..."



www.burmeseclassic.com

www.burmeseclassic.com



"မလိုတော့ဘူး ..."

"ရှင် ..."

"ညည်း ဈေးလိုက်ဝယ်စရာမလိုတော့ဘူးလို့ ပြောတာပဲ လှွာ ..."

မာမီထွက်သွားသည်။

အခုတလော ...

လှွာ့ကိုပင် စကားသိပ်မပြောဘဲ အခန်းထဲမှာပဲ နေတာများ နေသည်။

ဒေါ်နန်းနန်းမြိုင် စိတ်ထဲမှာ လှွာဘာမှမခံစားရလို့ပဲ စိတ်သောက ရောက်နေလား။

ကျွန်မ အရမ်းခံစားရပါတယ်။

ဟန်ဆောင်နေတာပါ မာမီ။

ကျွန်မဘဝကြီးတစ်ခုလုံး ရေစုန်မှာမျောသွားရတာပဲ။

"လှွာ မာနတွေ မရှိတော့ပါဘူး ... ရိုက်ချိုးခံလိုက်ရတာပါ"

လှွာ့ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လာရသည်။

ဒက်ဒီ့ဆီသွားတာ မကြိုက်တာလား။

မာမီခွင့်ပြုလို့ပဲ လှွာသွားတာပါ။

ကျွန်မ တဖြည်းဖြည်းနဲ့ ကျဆုံးနေရပါပြီ မာမီရယ်။

ဒက်ဒီလည်း နောက်ဆုံးအချိန်ကိုရောက်နေရပါပြီ။

ကျေနပ်ပါတော့ ...

လှွာ ကျေနပ်စွာဖြင့် ငိုကြွေးမိသည်။

☺ ☺ ☺

## အခန်း ( ၂၀ )

"ဒက်ဒီ ..."

"သမီး ဘာလို့လာတာလဲ"

"ဒက်ဒီနေမကောင်းတဲ့အချိန်မှာ သမီး ဒက်ဒီအနားမှာ နေပါ ရစေ"

သမီးမျက်ဝန်းတွေထဲမှာ ကြေကွဲမှုအရိပ်တွေနှင့် ပြည့်နေ သည်။

ဒက်ဒီကြောင့်ပါ။

သမီး ဘဝပျက်ရပြီ။

အိမ်ထောင်ရေးပြိုကွဲရင်လည်း သမီးပဲနစ်နာမှာပါ။

"သမီး ..."

"ဒက်ဒီ ..."

"အိမ်ထောင်ရေး ထိခိုက်မဲ့အလုပ်တွေကို မလုပ်စေချင်ဘူး သမီးရယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မသိပါတယ် ဒက်ဒီ ... ဘာမှမပူပါနဲ့ ... မောင်နဲ့ကျွန်မ ဘာမှမဖြစ်ပါဘူး ... မောင် အလုပ်တွေအရမ်းလုပ်နေလို့ပါ၊ စီးပွားရေးလုပ်ငန်းတွေ လုပ်တာပါ ... "

"ဒက်ဒီသိပါတယ် ... သမီးလေးလိမ္မာပါ ... အရာရာကို မဆန့်ကျင်ပါနဲ့ ... မေတ္တာနဲ့ပဲ အနိုင်ယူပါတော့ သမီးရယ်"

"စိတ်ချပါ ဒက်ဒီ ... သမီးလိမ္မာပါတယ် ... အရမ်းကိုပဲ အောက်ကျခံပါတယ် ... ဒက်ဒီစိတ်အေးပါ ... "

ဦးမောင်မောင်နိုင်ကတော့ စိတ်မအေးနိုင်ဘဲ ဖြစ်နေသည်။

နှုတ်ခမ်းတွေကို တင်းကျပ်စွာ ဖိကပ်ထားမိ၏။

သမီးအိမ်ထောင်ရေး အဆင်မပြေပါဘူး။

မောင်နှစ်သစ်ကလည်း သမီးကိုဘယ်လိုလုပ်မှာလဲ။

ချစ်သူရှိနေမှာပဲ။

သမီး စိတ်သောကတွေ ရောက်နေပြီလား။

ခံစားနေရမှာပဲ ...

သမီးလေးမှာ အပြစ်မရှိပါဘူး။

"သမီး ... "

"ရှင် ... "

"မောင်နှစ်သစ်နဲ့ အိမ်ထောင်ရေးသောကတွေ ခံစားနေရရင်လည်း ဒက်ဒီအိမ်မှာ သမီးပြန်လာချင်လာနေပါ ... "

"သမီးတို့ အိမ်ထောင်ရေးအဆင်ပြေပါတယ် ဒက်ဒီ ... မောင်က ဒက်ဒီ့ကိုလာမတွေ့လို့ ဒက်ဒီစိတ်ပူနေတာလား ... "

"သမီးလေးဘဝကို ဆက်ပြီးမနှစ်မွန်းစေချင်တော့လို့ပါ"

လွှာသိပါတယ်။





ကွာရှင်းလိုက်တာ ဒက်ဒီပိုပြီး မနှစ်သက်ဘဲနေမှာပါ။

ဒေါ်နန်းနန်းမြိုင်အတွက် ဒက်ဒီက ပေးဆပ်ချင်နေတာ မဟုတ်လား။

ပေးဆပ်ပါ။

သမီးက အကြောင်းမဟုတ်ပါဘူး။

"ဒက်ဒီ ဘာမှမတွေးနဲ့နော် ... သမီးက နှစ်သစ်နဲ့တကယ့်ကို ပျော်စရာကောင်းပါတယ် ... အခု ဒက်ဒီရော ... မာမီကပါ ကွာရှင်းခွင့်ပေး ကြပေမဲ့ ... ကျွန်မစိတ်က မကွာရှင်းချင်ပါဘူး ... နှစ်သစ်က မိန်းမ တစ်ယောက် အားကိုးလောက်တဲ့ ... ယောကျ်ားတစ်ယောက်ပါ ဒက်ဒီ ... "

သမီး ...

တကယ်ပြောနေတာလား။

ဟန်ဆောင်နေတာလား။

ဟုတ်ပါတယ်လေ ...

မောင်နှစ်သစ်က ယောကျ်ားကောင်းပီသသူပါ။

"နှစ်သစ်က လောလောဆယ် သမီးကိုမချစ်မနှစ်သက် လည်း တစ်နေ့ကျရင် နှစ်သစ်ရဲ့ချစ်ခြင်းမေတ္တာတွေကို သမီးရမယ်လို့ မျှော်လင့်ပါတယ် ... "

"ကောင်းတယ်သမီး၊ အဲဒီလို သဘောထားတာ အကောင်းဆုံးပဲ ... ဒက်ဒီကြိုက်တယ်"

ဒက်ဒီ ပြုံးနေ၍ လွှာ စိတ်သက်သာရာရနေမိသည်။

"အခုဆို မာမီမြိုင်ကလည်း သမီးကိုအခွင့်အရေးတွေပေး

www.burmeseclassic.com

www.burmeseclassic.com



လာပါပြီ … ဒက်ဒီ့ဆီတောင် သွားပြီးပြုစုခွင့်ပေးနေပြီပဲ … အားလုံး အဆင်ပြေပါတယ် … ”

နန်းနန်းမြိုင် …

မင်း ကိုယ့်ကို မုန်းနေတုန်းပဲလား။

နာကြည်းမှုတွေ မပြေပျောက်နိုင်သေးဘူးလားကွာ။

“ဒက်ဒီ … ”

“ဟင် … ”

“ဆေးသောက်ပြီးပြီလားဟင် … ”

“မသောက်ရသေးဘူးလေ … ”

“ဘာစားပြီးပြီလဲ … ”

“မစားချင်သေးတာနဲ့ ဒက်ဒီမစားတာပါ … ”

“သမီး ဆန်ပြုတ်တိုက်မယ်နော် … အားရှိအောင်တော့ စားစရာ တစ်ခုခုစားရမယ်နော် … ”

“ဒက်ဒီက ရိပ်သာမှာပဲနေချင်တာပါ … နေမကောင်းလို့ ပြန်လာရတယ်”

“နေကောင်းတော့ ပြန်သွားပေါ့ ဒက်ဒီရာ … ကဲ ဆန်ပြုတ် သောက်ပါ … ဆေးသောက်ရအောင်နော် … ”

“အင်း … ”

သမီးလေးလာနေတော့လည်း မိမိအားရှိတာပါပဲ။

လူကြီးတွေရဲ့ အတ္တကြောင့် သမီးလေးထိခိုက်နစ်မွန်းရပြီး မိမိမှားတယ်။

မပေးဆပ်သင့်ဘူး။



“ဒက်ဒီ … ”

“ဟင် … ”

“သမီးအကြောင်းတွေ မတွေးပါနဲ့နော် … အားလုံးအဆင်ပြေပါတယ် … မောင့်အပေါ် သမီးသံယောဇဉ်တွယ်မိနေပါပြီ ဒက်ဒီရယ် … ”

နှစ်သစ် …

ငါ ဒက်ဒီကျေနပ်အောင် ပြောတာပါ …

နှင် …

အရမ်းရက်စက်တယ်။

ကိုယ်ချင်းစာတရား ကင်းမဲ့တဲ့သူ …

နှင်သိမယ်။

ဒက်ဒီသာ တစ်ခုခုဖြစ်သွားရင်တော့ နှင်မလွယ်ဘူးမှတ်။

သစ္စာမရှိတဲ့ ယောကျ်ား။

တာဝန်မဲ့တဲ့ ယောကျ်ား။

နှင်ဟာ မိန်းမတစ်ယောက်အားကိုးလောက်တဲ့ယောကျ်ား မဟုတ်ဘူး။

ကြည့်စမ်း …

ဒက်ဒီနေမကောင်းဖြစ်နေတာကို လာမကြည့်ဘူး။

ရက်စက်တယ်။

နေနိုင်လိုက်တာ။

မနက်က …

အိဖုန်းဆက်ခေါ်လိုက်တာနဲ့ ရှင်အပြေးအလွှားထွက်သွားတယ် မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



ရှင့်ရင်ထဲမှာ အိပ်ရှိနေတာပါ။

"သမီး ..."

"ရှင် ..."

"ဆေးတိုက်ပြီးရင် သမီးပြန်လေ ..."

"ရပါတယ် ဒက်ဒီရဲ့ ... မာမီကနေတဲ့ ... ညည်းဒက်ဒီနေမကောင်းဖြစ်နေတဲ့အချိန်မှာ ကျူပ်ဒီလောက်တော့ မရက်စက်ဘူးတဲ့ ..."

ဒက်ဒီ စိတ်အေးအောင်လုပ်ကြံစာတ်တွေ ပြောနေမိသည်။

တကယ်တော့ ...

အခြေအနေက အားလုံးဆန့်ကျင်ဘက်ပဲ။

နှစ်သစ် ...

နင်က ငါ့ကိုအဖက်မတန်သလိုပဲ။

ငါ့မှာလည်း မာနတွေ ရှိပါတယ်။

ဒက်ဒီကြောင့် ...

မျက်ရည်တွေက မျက်ဝန်းတွေထဲမှာ ပြည့်ချင်လာရသည်။

"ဒက်ဒီ့အနားမှာ သမီးနေပါစေ ... ပြုစုချင်ပါရစေ ... သမီးဘယ်နည်းနဲ့မှ ဒက်ဒီကို ဥပေက္ခာပြုမထားနိုင်ပါဘူး ... သမီး ဘဝတစ်လျှောက်လုံး နောင်တတွေ မရပါစေနဲ့ ..."

"သမီးရယ် ..."

"ဒေါ်နန်းနန်းမြင့်ရဲ့ ဆန္ဒတွေကိုလည်း ... ဒက်ဒီပေးဆပ်ထားပြီပဲ ..."

ဟုတ်ပါတယ်လေ ...

သမီးလေး ဆန္ဒပဲရှိပါစေ။



ဒုက္ခပါပဲ ...

ရင်ထဲမှာ စူးအောင့်လာသည်။

နှလုံးအခြေအနေက သိပ်မကောင်းတော့တာ သိသာလာရ[...]

ဘယ်လိုလုပ်ရမလဲ ...

သမီးလေးရဲ့ အနာဂတ်ကို မိမိဘယ်လိုဖြေရှင်းပေးရမလဲ။

"ဆေးသောက်နော် ဒက်ဒီ ... ပြီးတော့ ... သမီးအကြောင်း[...]တွေ ဘာမှမတွေးပါနဲ့ ... သမီးက အရာအားလုံးကို ရင်ဆိုင်ဖြေရှင်း[...]တတ်ပါတယ် ဒက်ဒီရယ် ..."

သမီးလေး ...

အပြစ်မဲ့တဲ့ သမီးလေ ...

သမီးလေး ဘယ်လောက်ပဲ ဟန်ဆောင်ကောင်းပါစေ ဒက်ဒီ [...]သိပါတယ်။

အိမ်ထောင်ရေးသောကတွေကို တစ်ယောက်တည်း [...]မြိတ်မြိတ် ခံစားနေတာ မဟုတ်လား။

"အား ..."

"ဟင် ... ဒက်ဒီ ဘာဖြစ်တာလဲဟင် ..."

"နည်းနည်းအောင့်လို့ပါ ..."

"ဆေးခန်းသွားရအောင်နော် ဒက်ဒီ ... ဆရာဝန်ကို [...]ဆက်ခေါ်လိုက်ရမလားဟင်"

"ဒက်ဒီ ဘာမှမဖြစ်ပါဘူး ... နည်းနည်းအောင့်သွားတာ[...] ... ရတယ် ... ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သမီးလေး စိတ်ပင်ပန်း လူပင်ပန်းဖြစ်ရတာကို မကြည့်ရက်ပါဘူး။

မခံစားတော့ဘူး။

ကျန်းမာအောင်နေရမယ်။

သမီးလေးနာဂတ် မရေရာမသေချာဘဲ ... လူ့လောကကြီးထဲက ဒက်ဒီဘယ်တော့မှ ထွက်ခွာမသွားပါဘူး ... ။

စိတ်တွေကို အနားပေးဖို့ပဲ ဦးမောင်မောင်နိုင် ကြိုးစားနေသည်။

⊛ ⊛ ⊛

အခန်း ( ၂၁ )

ပြဿနာတွေ ရှင်းနေရသည်။

သူ့အလုပ်ခန်းမီးလောင်မှုကြောင့် စာရွက်စာတမ်းတွေ ပါသွား၏။

သက်ဆိုင်ရာနှင့်လည်း ရှင်းရသည်။

သူက တာဝန်အရှိဆုံးပဲ။

ရုံးခန်းမှာ ပြဿနာတွေ ရှုပ်ထွေးပြီး အားလုံးအလုပ်ရှုပ်နေကြသည်။

အိလည်း မပြန်ရ။

"အိတို့ ရုံးခန်းမှာပဲ တစ်ပတ်လောက်နေပြီး ပြဿနာတွေကို ရှင်းရလိမ့်မယ် နှစ်သစ် ... "

"အင်း ... အဲဒီလိုပဲဖြစ်ရတော့မှာပေါ့ ... တော်သေးတယ်၊ ရုံးအကူဘမောင်က မီးပေါ့ဆတာ သူ့တာဝန်ပါလို့ပြောပြီး ဝန်ခံထားပြီးသား ဖြစ်နေလို့ ... "



www.burmeseclassic.com

www.burmeseclassic.com



ဘမောင်ကို ဖမ်းသွားသည်။

သူ ...

ရှင်းနေရ၏။

ဘမောင်အပြစ်က လျှော့ပေါ့အောင် သူတာဝန်ယူနေရသည်။

အိလည်း မိန်းကလေးတန်မဲ့နေရ၏။

"လွှာ့ကိုလည်း ရှင်ဖုန်းဆက်ပြီး အကျိုးအကြောင်းပြောပြလေ ..."

လွှာ ...

ဟုတ်သားပဲ ...

အသိပေးရမယ်။

လွှာကတော့ သူ့ကိုအထင်လွဲပြီးရင်း လွဲနေတော့မှာပါ။

မတတ်နိုင်ဘူး။

စိတ်ညစ်လိုက်တာ ...

လွှာက သူပြောတဲ့စကားတွေကို လက်ခံပါ့မလား။

"နှစ်သစ် ..."

"ဟင် ..."

"ရှင် စိတ်တွေရှုပ်နေတာသိပါတယ် ... ဘယ်လောက်ပဲ အလုပ်များပါစေ ... ရှင့်မိန်းမလေ ..."

အိ ...

မင်းကတော့ မသိဘူး။

လွှာက မာနကြီးတယ်။

ငါ့ကို ဖောက်ပြန်တဲ့ယောကျာ်းအဖြစ် သတ်မှတ်ထားမှာပဲ။





"လွှာ့ဆီကို အကျိုးအကြောင်းဖုန်းဆက်လေ ..."

"အင်း ..."

သူက ယောကျာ်းပဲ ...

လွှာ့ဆီ အကျိုးအကြောင်း ဖုန်းဆက်ပြောတာ ကောင်းပါတယ်လေ။

အခု လွှာဆို အန်ကယ့်အိမ်မှာပဲ ရှိနိုင်သည်။

လွှာ့ဆီ ဖုန်းဆက်လိုက်၏။

"မမလေးရေ အစ်ကိုလေးဆီကဖုန်း ..."

အိမ်ဖော်ကောင်မလေးက လှမ်းအော်လိုက်၍ ဒက်ဒီက သူမကို ကြည့်သည်။

"မောင် ဆက်တာလေ ... ဒက်ဒီ"

"သွား ... သွား ... သမီး"

သူမ ...

ထွက်လာခဲ့သည်။

ရှင်မလာဘူးဆိုတာကို လှမ်းပြောမှာပဲ မဟုတ်လား။

ဒက်ဒီ့ကိုလာတွေ့ဖို့ ဒီလောက်အထိ အခက်အခဲတွေ တွေ့နေလား။

"ဟဲလို ..."

"လွှာလား ..."

"အင်း ..."

"ကိုယ် မလာအားဘူး ..."

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



နှစ်သစ်ပြောမဲ့စကားတွေကို ဆက်မကြားချင်၍ ဖုန်းပိတ်လိုက်မိသည်။

ဒက်ဒီ့ ခြေသံကြား၍ သူမဖုန်းကို ဆက်ပြောနေမိ၏။

"မောင် အလုပ်မအားလည်း မလာပါနဲ့ ... အင်း ... အင်းရပါတယ် ... ဒက်ဒီလည်း နေကောင်းနေပါပြီမောင် ... "

ဒက်ဒီနောက်မှာ ရပ်နေသည်။

နှစ်သစ်နှင့်လွှာ ဘာမှမဖြစ်သလို ဟန်ဆောင်ပြောနေရ၏။

"အင်းပါမောင်ရယ် ... မလာနဲ့နော် ... ကျွန်မ စိတ်ပူမှာ မောင်ကစိုးရိမ်လို့လား ... ဒက်ဒီလည်း နေကောင်းပါတယ် ... ဒါပဲနော် မောင် ... "

ပြောပြီး ဖုန်းချပစ်လိုက်သည်။

"မောင်နှစ်သစ် မအားဘူးတဲ့လားသမီး ... "

"ဟုတ်တယ် ဒက်ဒီ ... ဖုန်းဆက်တာပါ ... "

"ရပါတယ်ကွယ် ... ဒက်ဒီက အရေးမကြီးပါဘူး ... မောင်နှစ်သစ်က အလုပ်မှမအားတာဘဲ ... "

ဒက်ဒီ့ မျက်နှာပေါ်တွင် အပြုံးရိပ်တွေသမ်းသွားသည်။

အိမ်ဖော်ကောင်မလေးက အစ်ကိုလေးဟု ပြောလိုက်၍ ဒက်ဒီယုံသွားရသည်။

သူမ ...

တစ်ဖက်က နှစ်သစ်မရှိဘဲ ပြောနေတာကို ဒက်ဒီ မသိပေ။

ကိုယ်မလာအားဘူးတဲ့။

ရှင် ဘာတွေအလုပ်ရှုပ်နေလဲ။





ဒက်ဒီက ရှင့်စီးပွားရေးလုပ်ငန်းတွေလောက် အရေးမကြီးဘူးလား။

အင်းလေ ...

ရှင်က ... ကျွန်မကို ချစ်လို့လက်ထပ်ထားတာမှ မဟုတ်တာဘဲ ...

အိလေ ...

ရှင် ချစ်တာက အိ ...

။

ဘာစီးပွားရေး လုပ်ဖော်ကိုင်ဖက်တွေလဲ ... ။

"သမီး ... "

"ရှင် ဒက်ဒီ ... "

"မောင်နှစ်သစ်ရောက်မလာလို့ သမီးစိတ်မကောင်းမဖြစ်ပါနဲ့ကွယ် ... ဖုန်းဆက်ပြောတာပဲ ... ဒက်ဒီဘာမှ မဖြစ်ပါဘူး"

ဒက်ဒီကတော့ ဘာမှမသိ။

နှစ်သစ်က ဖုန်းဆက်တောင်းပန်သည်ပဲ ထင်နေသည်။

ဝေးသေးတယ်။

မလာနိုင်တဲ့အကြောင်းပဲ ပြောတာ။

ဘာတွေ အလုပ်ရှုပ်နေလို့လဲ။

မုန်းလိုက်တာ ...

နင့်ကို အရမ်းမုန်းတယ် ...

"သမီး ပြန်တော့ ... ဒက်ဒီ ဘာမှမဖြစ်တော့ဘူး ရပါတယ်"

"ဒက်ဒီ ... "

"ဟင် ... "



www.burmeseclassic.com

www.burmeseclassic.com



"နေကောင်းအောင်နေနော် ... ဘာပဲဖြစ်ဖြစ် သမီးအတွက် ဒက်ဒီဘာမှ မခံစားပါနဲ့ ... "

ဒက်ဒီ့သမီးလေးက အပြစ်မရှိဘဲ ပေးဆပ်နေရတာပါလား

"တော်ပါသေးတယ် သမီးရယ် ... မောင်နှစ်သစ်က သမီးကို ဂရုတစိုက်ရှိနေပေလို့ပဲ ... "

ဒက်ဒီကတော့ နှစ်သစ်ဖုန်းဆက်တောင်းပန်သည်ပဲ ထင်နေသည်။

နေပါစေ ...

ဖခင်ကြီးစိတ်ချမ်းသာဖို့က အဓိကပဲ ...

"သမီး ခဏနေမယ်နော် ... ညနေကျမှ ပြန်မယ် ... ဒီမှာ အေးအေးဆေးဆေးနေဦးမယ် ... "

ကျွန်မ ...

အပျိုစင်ဘဝက အငွေ့အသက်တွေပဲ ဖြစ်သည်။

"နေလေ သမီး ... စိတ်ချမ်းသာသလိုနေပါ ... "

လွှာ ...

သူမ အိပ်ခန်းထဲဝင်လာသည်။

အပျိုစင်ဘဝက ပြည့်စုံအေးချမ်းစွာနေလာခဲ့ရ၏။

ရင်ထဲမှာ မွန်းကြပ်နေသလိုပဲ။

ဒက်ဒီထင်ထားသလို ... ကျွန်မ အိမ်ထောင်ရေးက မသာယာပါဘူး ဒက်ဒီရယ် ...

နှစ်သစ်က သစ္စာမဲ့နေတာပါ။

အိန္ဒိ ...

မတွေးချင်ပါဘူး ...





ဒီလူကြောင့် လွှာ ဘာဖြစ်လို့များ စိတ်သောကတွေ ရောက်နေရတာလဲ။

မရောက်ဘူး။

ဒက်ဒီ့ကျန်းမာရေးကြောင့် ရှင့်ကိုမကွာရှင်းတာပါ။

လွှာ့ရင်ထဲမှာ မီးတောက်နေသည်။

နှစ်သစ်ကလည်း လွှာဖုန်းပိတ်ပစ်လိုက်၍ ဒေါသတွေ ပေါက်ကွဲနေပြီဆိုတာ သိလိုက်၏။

"နှစ်သစ် ... "

"လွှာက ဖုန်းပိတ်လိုက်တယ်အိ ... "

"အိ ရှင်းပြပေးရမလား နှစ်သစ် ... "

"ရပါတယ် ... ထားလိုက်ပါအိ ... ကိုယ်လည်း ဒီမှာကိစ္စတွေ ရှုပ်ထွေးနေတယ်လေ ... အိမ်လည်း မပြန်နိုင်ဘူး ... မာမီ့ကိုလည်း ဒီကအဖြစ်အပျက်တွေ ပြောမပြချင်ဘူး ... ကိုယ့်ကိစ္စကိုယ် ရှင်းတာပဲ ကောင်းပါတယ်အိ ... "

"လွှာက ... "

"နေပါစေ ... ဒီမှာ ကိစ္စတွေပြီးမှ ရှင်းပြမယ် ... ဒီက ကိစ္စတွေက အရေးကြီးပါတယ် ... "

ကိုယ်အရမ်းစိတ်ညစ်နေတယ် လွှာ။

မင်းကို ရှိစေချင်တယ်။

အားပေးစေချင်တယ်။

တကယ်တမ်းပြောရင်တော့ ...

အိက အခုချိန်မှာ ကိုယ့်အတွက် အင်အားတွေ မဖြစ်လာနိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး။

မင်းလည်း အစွမ်းအစရှိတဲ့ မိန်းမပဲ။

ကိုယ့်လုပ်ငန်းတွေမှာ အားပေးကူညီနိုင်မှာပါ။

လွှာ့ကို ချစ်နေမိပြီ။

အဲ့ဒါ ...

မင်းယုံအောင် ဘယ်လိုရှင်းပြရမလဲ။

"လွှာ့ ဒက်ဒီဝေဒနာဖြစ်နေတဲ့အချိန်မှာ ... ရှင်ခဏလေး ဖြစ်ဖြစ် သွားတွေ့သင့်ပါတယ် နှစ်သစ်ရယ် ..."

"ကိုယ့်စိတ်က မလန်းဘူး ... အရမ်းညှိုးနွမ်းနေတယ် ... သောကတွေ ဖိစီးနေတယ်လေ ... အန်ကယ့်ကို ကိုယ်သွားမတွေ့ ချင်ဘူး ... ကိုယ့်ကို ဟန်ဆောင်လာတွေ့တယ်လို့ ထင်မှာပဲ"

"နှစ်သစ်ပြောတာလည်း ဟုတ်ပါတယ်လေ ... ဒီမှာက အစု သောကတွေ ရောက်နေတာပါပဲ ..."

စာရင်းဇယားတွေ စာရွက်စာတမ်းတချို့ မီးထဲပါသွား သည်။

ရှင်းလို့မရတဲ့ ပြဿနာတွေ အများကြီးပဲဖြစ်နေ၏။

ပေးစရာတွေ ရစရာတွေ အများကြီးပဲဖြစ်နေသည်။

"ကိုယ့်သောကတွေကို ဘယ်လိုမှ ဖုံးဖိထားနိုင်မှာ မဟုတ် ဘူး ... အဘိုးကြီးစိတ်ထဲ သံသယတွေပိုပြီး ဝင်သွားနိုင်တယ် အီ"

"နှစ်သစ်ရယ် ..."

"အလုပ်ကိစ္စတွေပဲ ... အာရုံစိုက်ကြစို့ အိ ... တခြားကိစ္စ တွေ အားလုံးမေ့ထားလိုက်တော့ ..."





မာမီ့ဆီ ဖုန်းဆက်သည်။

မီးလောင်တဲ့ကိစ္စတွေ မပြောပြတော့ဘဲ အလုပ်ကိစ္စရှုပ်နေ လို့ဟု ပြောလိုက်၏။

"မင်း အကြောင်းပြပြီး ရှောင်နေတာလား နှစ်သစ်"

"မဟုတ်ပါဘူး မာမီ ... သား ဘယ်လိုမှ ပြန်လာလို့မရလို့ ပါ ... တစ်ပတ်လောက်ကြာမယ် ... အလုပ်ကိစ္စနဲ့ ခရီးထွက်ရလို့ ပါ ..."

"လွှာ့ကိုရော မင်းပြောပြသေးလား ..."

"မာမီပဲ ပြောလိုက်ပါ"

သူ ...

ဖုန်းချလိုက်သည်။

"နှစ်သစ် ..."

"ဟင် ..."

"ရှင့်ကို အိတစ်ခုမေးမယ် ..."

"လွှာ့ကိုချစ်လား ..."

"ဟင် ..."

"ရှင့်နှလုံးသားက လွှာ့ကိုချစ်နေပြီမဟုတ်လားဟင်"

အိကို အားနာမိသည်။

သူ ...

အရင်က ...

အိကို လက်ထပ်ဖို့ ဆုံးဖြတ်ထားခဲ့သည်။

ဖွင့်မပြောဖြစ်ခဲ့။

လွှာနှင့် လက်ထပ်စဉ်ကလည်း လွှာ့ကိုမချစ်ကြောင်းပြောမိ

www.burmeseclassic.com

www.burmeseclassic.com



သည်။

အခု ...

သူ ...

ဘယ်လိုဖြေရမလဲ။

လွှာ့ကိုချစ်နေမိလို့ ပြောရမှာ အားနာမိသလိုပင်။

မပြောချင်။

မင်းကို အားနာတယ်အိ။

ရိုးသားဖြူစင်တဲ့ မိန်းကလေးတစ်ယောက်ပါပဲ။

"ပြောလေ နှစ်သစ် ... "

"ကိုယ်ဝန်ခံရမလား ... "

"အင်း ... "

"ချစ်တယ် ... "

"ကောင်းပါတယ် ... ရှင် ဝန်ခံရဲတယ် ... ယောကျ်ားပီသ
တဲ့ ယောကျ်ားတစ်ယောက်ပါပဲ ... "

လွှာ့အကြောင်း စဉ်းစားနေမိသည်။

ကိုယ် ဘယ်လိုရှင်းပြရမလဲ။

သူ ဖုန်းဆက်လည်း လွှာကတော့ ဖုန်းပိတ်မှာပဲ။

မဖြစ်သေးပါဘူး။

ဒီမှာက အလုပ်တွေအရမ်းရှုပ်ထွေးနေတဲ့ကာလဖြစ်
နေသည်။

ပျောက်ဆုံးသွားတဲ့ စာရွက်စာတမ်းတွေအတွက် အားလုံး
အလုပ်ရှုပ်နေကြ၏။

ဝန်ထမ်းတွေအားလုံး အိမ်မပြန်ကြဘဲ အချိန်ပိုဆင်းနေ



သည်။

"အိ ... "

"ဟင် ... "

"ကိုယ်တို့ အပြင်ထွက်ပြီး တစ်ခုခုစားကြရအောင် ... "

"မသွားသင့်ဘူးလို့ ထင်တယ်နော် နှစ်သစ် ... "

"ကိုယ့်စိတ်တွေ အရမ်းမွန်းကြပ်နေတယ် ... အပြင်ကို ခဏ
လောက်ထွက်ကြရင် ကောင်းမလားလို့ပါ ... "

အိကိုခေါ်ပြီး အပြင်ထွက်ပြီးစားကြသည်။

သူ ...

စိတ်တွေ ပင်ပန်းနေသည်။

"နှစ်သစ်ရယ် ... ရှင့်မှာ စီးပွားရေးရော ... အိမ်ထောင်ရေး
ရော အရမ်းပင်ပန်းနေပြီ ... စိတ်တွေကို လျှော့ထားပါ"

လွှာ ...

ကိုယ်ပြန်လာချင်တယ်။

ရှင်းပြချင်တယ်။

ဒီမှာက ဝန်ထမ်းတွေအားလုံးက အိမ်မပြန်ဘဲ အလုပ်ဆင်း
နေကြတာလေ။

ကိုယ်ပြန်လို့ မဖြစ်ဘူး။

ဒီမှာက ... ပြဿနာတွေ အရမ်းရှုပ်ထွေးနေတာ မဟုတ်
လား။

"နှစ်သစ် ... "

"ဟင် ... "



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ဖုန်းထပ်ဆက်ကြည့်ပါလား ... "

အိက ပြောသဖြင့် သူလွှာ့ဆီဖုန်းဆက်လိုက်သည်။

ဖုန်းကိုင်သူမှာ လွှာကိုယ်တိုင်ဖြစ်ပြီး ဖုန်းပိတ်လိုက်သည်။

အိမ်ဖုန်းလည်း ဆက်မရ။

"ဖုန်းပိတ်ထားတယ် ... ကိုယ့်အသံကြားတာနဲ့ ဖုန်းပိတ်လိုက်တယ် ... "

"နှစ်သစ် ... ရှင် အိမ်ကိုပြန်မလား ... "

"မပြန်ပါဘူး ... ကိုယ်က အရေးအကြီးဆုံးပဲလေ ... မပြန်ပါဘူး ... ရပါတယ်အိ ... ကိုယ့်အတွက် မပူပါနဲ့ ... လောကကြီးက ဒီလိုပါပဲလေ ... မဖြစ်ချင်တာတွေ ဖြစ်နေကြတာပဲကွာ"

"နှစ်သစ်ရယ် ... "

လောကကြီးထဲမှာ ကိုယ်နဲ့လွှာမှ လာဆုံပြီးစိတ်သောကရောက်စရာတွေ အများကြီးဖြစ်လာရတာလဲ။

"ကိုယ် အရက်နည်းနည်းသောက်ခွင့်ရှိမလား အိ"

"သောက်လေ ... ရှင် စိတ်ဖိစီးမှုတွေ အရမ်းများနေပြီ ... စိတ်ကိုပေါ့ပါးလွတ်လပ်စွာ နေပစ်လိုက်ပါ ... "

"မင်း ကိုယ့်အနားမှာ မိတ်ဆွေကောင်းပီသစွာ ရှိနေလို့ပဲ အိရယ် ... "

ကိုယ် ...

စိတ်ပင်ပန်း လူပင်ပန်းကြီးဖြစ်နေတာပါ လွှာရယ်။

သူ့စိတ်ထဲမှာ လွှာ့ကိုပဲ သတိရနေမိသည်။

☺ ☺ ☺

အခန်း ( ၂၂ )

အိမ်တောင် ပြန်မလာတော့ဘူး။ ရှင် ...

တော်တော်ရက်စက်တာပဲ။

ရှင့်ကို ယောကျ်ားပီသပြီး စိတ်သဘောထားဖြူစင်တဲ့ လူတစ်ယောက်လို့ ကျွန်မထင်ခဲ့မိတာ မှားတာပဲ။

ဒက်ဒီကြောင့် နှစ်သစ်နှင့် ကွာရှင်းဖို့ သတ္တိမရှိဘဲဖြစ်နေရသည်။ သမီး အိမ်ထောင်ရေးပျက်လာလျှင် ဒက်ဒီပိုပြီး စိတ်ဆောင်း ဖြစ်ရတော့မည်။ ဒက်ဒီ ရောဂါကျွမ်းနေပြီ။

ဟန်ဆောင်နေတာပါ။ လွှာ ... အိပ်လို့မရ။

နှုတ်ခမ်းသားတွေကို တင်းကျပ်စွာ ဖိကိုက်ထားမိသည်။

မျက်ရည်တွေ ပြည့်လာရ၏။

အိပ်ခန်းကြီးထဲမှာ သူမတစ်ယောက်တည်း စိတ်ထဲမှာ ကြေကွဲနေမိသလိုပင်။

နှစ်သစ်ကို တမ်းတနေတာလား။ မဖြစ်သင့်ပါဘူး။

သစ္စာမရှိတဲ့ ယောကျ်ားပဲ ... အိနဲ့ ... ။

www.burmeseclassic.com

www.burmeseclassic.com



မတွေးချင်တော့ပါဘူး။ မုန်းတယ် ...။ ရှင့်ကို မုန်းတယ်။

ကျွန်မ ... အရမ်းမုန်းတာပဲ။

မိန်းကလေးတစ်ယောက်ကို လက်စားချေနေတာကောင်းလား။ လှှာ တစ်ယောက်တည်း အော်ဟစ်ပစ်ချင်တဲ့ စိတ်တွေ ဖြစ်ပေါ်နေရသည်။

နှစ်သစ်နဲ့ လှှာ့အိမ်ထောင်ရေးက ဘာအနှစ်သာရမှ မရှိတဲ့ အိမ်ထောင်ရေးပဲ။ ကျွန်မ ဘာလို့ ကံဆိုးနေရတာလဲ။

ညက တော်တော်နှင့်အိပ်မပျော်။

ဒက်ဒီ့ဆီလည်း စိတ်ကရောက်ပြီး အနားမှာနေချင်ပေမယ့် ဒက်ဒီက လက်မခံပေ။ ဒေါ်နန်းနန်းမြိုင် အနားပဲနေတဲ့။

ဒက်ဒီက အသက်ပေးပြီး ဒေါ်နန်းနန်းမြိုင်ရဲ့ဆန္ဒကို ဖြည့်ဆည်းပေးမှာလား။ အသည်းနှလုံးမရှိတဲ့ ဒေါ်နန်းနန်းမြိုင်က ဒက်ဒီကိုပင် သွားမကြည့်။

နေနိုင်လိုက်ကြတာ ...

ရှင်တို့ ဘာဖြစ်လို့ ဒီလောက်အထိ ရက်စက်နေကြရတာလဲ။

"တီ ... တီ"

"တီ ... "

"ဟင် ... "

သူ ပြန်လာပြီပဲ ...

ဒီလောက်အထိ ညဉ့်နက်မှ သူဘာဖြစ်လို့ ပြန်လာရတာလဲ။

မဝမီပြောတော့ တစ်ပတ်လောက်အထိ ပြန်မလာဘူးလို့ ပြောသည်။ သူမကို စိတ်သောကရောက်အောင် လုပ်တာမျိုးလား။

မကြိုတော့ဘူး။ ကျွန်မ ဟန်ဆောင်မနေတော့ဘူး။



ဒေါ်နန်းနန်းမြိုင်လည်း ကျွန်မကို ထင်ချင်သလိုထင်တော့။

မတတ်နိုင်တော့ဘူး။

လူတွေအားလုံး ... လှှာမုန်းတီးနာကြည်းနေမိသည်။

"တီ ... တီ"

"တီ ... တီ"

လှှာ မသွားပေ။ မျက်လုံးတွေကို မှိတ်ထားပြီး အိပ်ချင်ယောင်ဆောင်နေမိသည်။

"လှှာ ... "

သူ့အသံကြားရသည်။ ဘုရားရေ ...

ကျွန်မကို ဘယ်တော့မှ အရေးအရာလုပ်တာမဟုတ်ဘဲ။

"လှှာ ... "

မထူးဘူး။ ရှင်နဲ့ ကျွန်မ ပြောစရာဘာအကြောင်းမှ မရှိဘူး။

"လှှာ ... "

"လှှာ ... "

အရက်တွေမူးလာတာပဲ။ ရှင် ... စိတ်တွေညစ်နေလား။

ဘာလဲ ... လှှာဆိုတဲ့ မိန်းမတစ်ယောက်အနားမှာ နေရတာ ရှင်အရမ်း စိတ်ညစ်နေလား။

မထူးဘူး ... ကျွန်မ ... ရှင့်ကိုလည်း မပတ်သက်ချင်ဘူး။

ကျွန်မ မာနတွေကို အထိပါးမခံနိုင်တော့ဘူး။

ဒက်ဒီသာ တစ်ခုခုဖြစ်သွားရင်တော့ ရှင်တို့အားလုံးကို ခွင့်မလွှတ်ဘူး။

"လှှာ ... "

www.burmeseclassic.com

www.burmeseclassic.com



သူ … အရမ်းမူးနေသည်။ လွှာ့ကိုတွေ့ချင်နေမိ၏။

မင်္ဂလာဦးည … သူနှင့်မဆိုင်သလို နေခဲ့တာကြာပြီ။

လွှာ ဘယ်မှာလဲ။ ဒီမိန်းမ အိပ်နေတယ်။

ယောက်ျားတစ်ယောက်ပြန်လာတာကို … မင်းက အရေး မလုပ်တာလား။

"လွှာ … "

လွှာ့အနားတိုးကပ်သွားပြီး ခုတင်ပေါ်မှာဝင်ထိုင်မိသည်။

"လွှာ … "

လွှာ မျက်လုံးတွေကို ဆတ်ခနဲဖွင့်လိုက်ပြီး သူ့ကိုကြည့်မိသည်။

"ရှင် … ကျွန်မအနားမကပ်နဲ့ … "

"ဘာဖြစ်လို့လဲ … မင်းက ငါ့မိန်းမပဲ မဟုတ်လား … "

"ဘာမိန်းမလဲ … ရှင် အလကားလူ … အကြင်နာတရား မရှိတဲ့လူ … ရက်စက်တဲ့လူတစ်ယောက်ပဲ … "

လွှာ … မင်းဘာတွေ ပြောနေတာလဲ။ ဟုတ်လား … ငါက ရက်စက်တတ်တဲ့လူလား။ အကြင်နာတရား မရှိတဲ့လူလား။

"ကျွန်မကို အရုပ်ထင်နေတာလား နှစ်သစ် … လူရှင့် လူ ရှင့်အမေရဲ့ အနှိပ်စက်ခံတစ်ယောက်အဖြစ်လာနေရတယ်၊ ရှင်တို့ ရက်စက်မှုကို ခံနေရတယ် … "

လွှာ မပြောချင်ပါဘူး။ ဒက်ဒီ့နားပေါက်ကြားသွားမှာကို သူမအကြောက်ဆုံးပင် ဖြစ်နေသည်။

ဆက်မပြောတော့ …



ဒေါ်နန်းနန်းမြိုင်က ပြဿနာကို ရှာချင်နေတာပဲဖြစ်သည်။

"လွှာ … "

"ရှင်သွားနော် … "

"မသွားဘူးကွာ … "

"ကျွန်မကို … ဘာဒုက္ခပေးဦးမလို့လဲ … ကျွန်မဘဝကို ရှင်ဖျက်ဆီးပစ်မှာ မဟုတ်လား … "

"လွှာ … "

သူ … မူးနေပြီ။ လူမှန်းမသိတော့။

"အီး မင်းဘယ်မှာလဲ … စောစောက ကိုယ့်အနားမှာ မင်းရှိပါတယ် … အီရော … "

သူ … လွှာ့ဘေးနား ဝင်အိပ်သည်။ တွန်းဖယ်၍ မရ။

အီတဲ့ … စောစောက အီအနားမှာရှိတယ်တဲ့။

ရှင် … ဘယ်က ပြန်လာတာလဲ။

အီဆိုတဲ့ မိန်းကလေးနဲ့ အပျော်ကျူးပြီး ပြန်လာတာ မဟုတ်လား။

"လွှာ … မင်းကို ငါအရမ်းချစ်ပါတယ် … မင်းကို ချစ်တယ် လွှာ … "

လွှာ့ကို အတင်းအကျပ်ပွေ့ဖက်နေသည်။

ဘယ်လိုဖြစ်လာရတာလဲ။ ရှင် စိတ်ညစ်နေလို့ မဟုတ်လား။

ကျွန်မကို ချစ်တယ်ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး။

"လွှာ … လွှာရယ်"

"ဖယ်ပါ … ရှင် ကျွန်မအနားကိုမကပ်ပါနဲ့ … ရှင့်ကို ကျွန်မ မုန်းတယ် … "



www.burmeseclassic.com

www.burmeseclassic.com



"ချစ်တယ်ကွာ ... မင်းကို ချစ်တယ် ... လွှာ့ကို ကိုယ်တကယ်ချစ်တာပါ ... ယုံပါလွှာရယ် ... "

ဒုက္ခပါပဲ ... လွှာ့ကိုယ်လုံးလေးက သူ့ရင်ခွင်ထဲမှာ နစ်မြှုပ်နေသည်။ ရှင် ဘာဖြစ်လာတာလဲ။

လက်ထပ်ပြီး ယနေ့အထိ သူ လွှာ့အသားကိုပင် မထိခဲ့ပေ။

ဘာဖြစ်လာတာလဲ။ ရှင် ချစ်တာအိပါ။

ကျွန်မ လုံးဝမဖြစ်နိုင်ဘူး။ လက်ထပ်ပြီးထဲက ... သူ အရမ်းအရက်မူးလာတာ မတွေ့[illegible]။

"လွှာ ... "

သူ ... ဘာမှ မသိတော့။

မာမီသိသွားမှာစိုး၍ လွှာပူပူဆူဆူတော့ မလုပ်ရဲပေ။

"လွှာ ... လွှာရယ်"

သူက လွှာ့ခင်ပွန်းပဲ။ ရင်ထဲမှာ နာကျင်နေမိသည်။

ခဏကြာတော့ ... သူ ... အိပ်ပျော်သွားသည်။

လွှာ့အနားမှာ ... ဘယ်တော့မှ ... လာမအိပ်တဲ့ယောကျ်ား ... ။ အခုတော့လည်း လာအိပ်နေသည်။

ရှင် ... ကျွန်မကို ချစ်လို့ဆိုတာ မဖြစ်နိုင်ပါဘူးလေ။

မူးလို့ ပြောတာပဲ။ လွှာအိပ်လို့မရသဖြင့် အိပ်ဆေးသောက်ပြီး အိပ်လိုက်ရသည်။

မနက်မိုးလင်းတော့ ဖုန်းသံကြောင့် နှစ်သစ်လန့်နိုးသွားရ၏။ ညက များသွားသည်။

ခေါင်းထဲမှာ နာကျင်ကိုက်ခဲပြီးအုံနေ၏။

သူ ... လူးလဲထလိုက်သည်။





"ဟဲလို ... "

"ဆရာ ... "

"ဟင် မောင်မြ ... "

"အမြန်လာပါဦး ... ဒီမှာ အိမ္မူးလဲလို့ ... "

"ဟင် ... ဟုတ်ပြီ ... ကိုယ်အခုပဲ အမြန်ဆုံးပြန်လာမယ်"

သူ ... အဝတ်အစားလဲလိုက်သည်။အိ မူးလဲလို့တဲ့ ... အလုပ်တွေ ပင်ပန်းပြီး အားနည်းသွားတာပဲဖြစ်မည်။

အပြင်ထွက်လာခဲ့သည်။

"သား ... "

"မာမီ ... "

"မင်း ပြန်မလာဘူးဆို"

လွှာ့ကို သတိရလို့ပြန်လာတာဟု မပြောချင်ပေ။

"မာမ့်ကို စိတ်မချလို့ပါ ... အခု အိမ္မူးလဲလို့တဲ့ မာမီ ... သားတို့ အလုပ်အရမ်းများနေလို့ သွားပြီနော် ... "

မာမ့်ကိုပြောပြီး သူကားကို ဒလကြမ်းမောင်းလာခဲ့သည်။

အိ ဘာဖြစ်တာလဲ။အအိပ်ပျက် အစားပျက်ဖြစ်သွားတာပဲဖြစ်နိုင်သည်။ ရုံးမှာလည်း ပြဿနာတွေကရှုပ်ထွေးနေတာပဲဖြစ်၏။

"လွှာ ... မင်းနဲ့ကိုယ့်ကြားမှာ တကယ့်ကို မာနတွေနဲ့ကွာဟင်းမာနေရတယ် ... အိက မိတ်ဆွေပါ ... ကိုယ့်အပေါ် အကောင်းဆုံး မိတ်ဆွေတစ်ယောက်ပါ ... "

လွှာ ... အိပ်နေသည်။

နှုတ်ခမ်းသားလေးတွေက တင်းမာပြီး သူ့ကိုမုန်းတယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ရုံးရောက်တော့ အိကိုပြုစုနေကြသည်။

"ဆေးခန်းပို့မယ်လေ … မင်းတို့ဘာလုပ်နေကြတာလဲ"

သူရောက်လာမှ အိကို ဆေးခန်းပို့ဖို့ စီစဉ်ကြသည်။

ဆေးရုံရောက်မှ အိသတိရလာ၏။

"အိ … "

"ဟင် … "

"မင်း အရမ်းအားနည်းနေတယ်တဲ့ … စိတ်ပင်ပန်းမခံပါနဲ့ကွာ … ဖြစ်လာသမျှကို အားလုံးရင်ဆိုင်ရမှာပဲလေ … "

"နှစ်သစ် … "

"ပြော … "

"လွှာနဲ့ အဆင်ပြေရဲ့လား … "

အိကိုယ်တိုင်က လွှာ့ဆီကိုပြန်ဖို့ ဇွတ်အတင်းပြန်လွှတ်ခဲ့သည်။ လွှာ့အတွက် နှစ်သစ် စိတ်သောကတွေရောက်နေတာ မဟုတ်လားတဲ့ ပြန်တဲ့။

အိ … မင်း စိတ်သဘောထားဖြူစင်ပါတယ်။

လွှာက ကိုယ့်ကိုမုန်းနေတယ်။

အကြင်နာတရားကင်းမဲ့ပြီး … နှလုံးသားမရှိတဲ့ယောက်ျားတဲ့ … ။

"အားနည်းသွားတာပါ … ဘာမှ မဖြစ်ပါဘူးနှစ်သစ် … အလုပ်တွေက အရမ်းများပြီး စိတ်ပင်ပန်းလိုက်တာ … ကိုမြ စိတ်ပူပြီးနှစ်သစ်ကိုခေါ်လိုက်တာပါ … "

"အိ ဘာမှမတွေးနဲ့ လွှာနဲ့အဆင်ပြေပါတယ် … ကိုယ်တို့





အိမ်ထောင်ရေးက အစမှမကောင်းခဲ့တာပဲအိ … "

အိမ်ထောင်ရေး အဆင်ပြေဖို့ဆိုတာ အတော်လေး လုပ်ယူရမည့် ကိစ္စဖြစ်နေသည်။

"အိ … "

"ဟင် … "

"အနားယူလိုက် … ဆေးခန်းမှာပဲ ခဏနေလိုက်ပါ … "

"ဟင့်အင်း … ပြန်မယ်"

"မဟုတ်တာဘဲ အိရယ် … ရုံးကိုတော့ မပြန်ပါနဲ့တော့ … မင်းအိမ်မှာပဲပြန်ပြီး အနားယူသင့်ပြီ ကိုယ်ရှိတာပဲ … "

"ကျွန်မက လူလွတ်ပါ … ရှင်က အိမ်ထောင်နဲ့ ပြီးတော့ ရှင်တို့အိမ်ထောင်ရေးက အဆင်ပြေတာမှ မဟုတ်တာဘဲ နှစ်သစ်ရယ် … "

"အိ … "

"ဟင် … "

"ကိုယ့်အတွက် မပူနဲ့ … မင်းပဲအနားယူပါ … ညနေအိမ်ပြန်ပါတော့ … "

"ဟင့်အင်း … ကျွန်မ ရုံးမှာမနေရရင် ပြဿနာတွေအတွက် တွေးပူပြီး စိတ်သောကတွေ ရောက်ရမှာလေ … "

"ကောင်းပြီလေ … ဒါဆိုလည်း ရုံးမှာအနားယူ … ကိုယ်လည်း မပြန်တော့ဘူး … ဒီက ပြဿနာတွေကို အပြတ်ရှင်းရမယ်လေ … "

**"ရှင့်ဇနီးနဲ့ … "**

**"ကိုယ့်ကိုယ်ရေးကိုယ်တာကိစ္စတွေက နောက်မှပဲရှင်းရမယ်**



www.burmeseclassic.com

www.burmeseclassic.com



အိ … ဘာမှ မပူနဲ့ အဆင်ပြေမှာပါ … ”

“နှစ်သစ်ရယ် … ရှင် လွှာ့ကိုချစ်တယ်ဆိုတာ သိပါတယ်။ ရှင့်အိမ်ထောင်ရေးကို အဆင်ပြေစေချင်ပါတယ် … ”

လွှာ … မင်းကတော့ ငါ့ကိုတစ်မျိုးထင်ဦးမယ်။

ကိုယ် … ညက မင်းကိုချစ်တယ်လို့ ဝန်ခံပြောဆိုခဲ့မိလား။

ကိုယ်အရမ်းမူးနေတယ်။

ပြန်လာချင်တဲ့ ဆန္ဒတွေ အရမ်းပြင်းပြလို့ ပြန်လာခဲ့တာပါ။

“လွှာနဲ့ ရှင့်ကိုလည်း အဆင်ပြေစေချင်ပါတယ် … တအုံ့နွေးနွေးနဲ့ ရှင်စိတ်သောကတွေ ခံစားနေရပြီ … ”

“အိ … ”

“ဟင် … ”

“တော်ပြီ … စိတ်သောကရောက်စရာတွေ တွေးမနေနဲ့တော့ … အလုပ်တွေကလည်း အရမ်းပင်ပန်းနေပြီ မဟုတ်လား”

အိက သူ့အပေါ်တွင် ကောင်းလွန်းတဲ့ မိတ်ဆွေတစ်ယောက်ပါ။ သူမနဲ့ ဘာလို့ဝေးခဲ့ရတာလဲ။

လွှာ … မင်းကိုပဲ ကိုယ်ချစ်မိသွားတယ်။

ထူးဆန်းတယ်နော် … မင်းက ရှင့်ကိုဘယ်တော့မှ မကွာဘူးလို့ပြောလိုက်တဲ့နေ့က ကိုယ်အရမ်းဝမ်းသာသွားမိတယ် လွှာရယ်။

အိကိုတော့ မိတ်ဆွေတစ်ယောက်အဖြစ်ကလွဲပြီး တခြားခံစားမှုတွေမရှိ။ ဒါတွေကို လွှာက လက်ခံမလား။

ဘာပဲဖြစ်ဖြစ် … အိကိုလည်း စိတ်ချမ်းသာပြီး အင်အားတွေပြည့်လာစေရန် နှစ်သစ်အားပေးနေရသည်။

ထိုအချိန်တွင် …





လွှာ့သူငယ်ချင်းဝေကလည်း ဆေးခန်းကို မိခင်ကြီး နေကောင်းသဖြင့် လာပြသည်။

“ဟင် … ”

လွှာ့ခင်ပွန်းနှင့် မိန်းကလေးတစ်ယောက်ကို အခန်းထဲမှာတွေ့လိုက်ရ၍ အံ့သြသွားရသည်။

အိပါလား … ။ ဘာဖြစ်လို့လဲ …

နှစ်သစ်က အတော်လေးဂရုတစိုက်ရှိနေပုံပင်။

လွှာသိလား … ယောကျ်ားတစ်ယောက်ကို မထင်မှတ်ဘဲ လက်ထပ်လိုက်ရတဲ့ လွှာ … ။ ပြီးတော့ … အချစ်က မပါ။

မိဘတွေ ပြဿနာထဲမှာ မျောပါနေရတဲ့ လွှာ့အကြောင်း ဝေသိထားသည်။

နှစ်သစ် ဖောက်ပြန်နေတာပဲဖြစ်မယ်။

လွှာ့ရဲ့ မာန်မာနတွေကို ရိုက်ချိုးပစ်လိုက်တဲ့ နှစ်သစ်ပဲ …

ဝေပင် မုန်းလာမိသည်။

လွှာ့ကိုကွာရှင်းခိုင်းမယ်။

နှစ်သစ်ကို ဝေမုန်းတီးရွံရှာစွာဖြင့် ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၃ )

လွှာနိုးလာသည်။

ညက အဖြစ်အပျက်တွေကို ပြန်တွေးမိတော့ ရင်ခုန်ချင်လာ၏။ နှစ်သစ်က လွှာ့ကိုချစ်တယ်တဲ့ ... ။

ဟွန်း ... ဒင်းက မူးလို့ပြောတာပဲ နေမှာပါ။

ရှင် ပြန်မလာဘူးဆိုပြီး ဘာဖြစ်လို့ပြန်လာရတာလဲ။

လွှာ့ကြောင့်လား ... သူမ မျက်ဝန်းတွေကို ဖွင့်ကြည့်လိုက်တော့ နှစ်သစ်ကို မတွေ့ရပေ။

"ဟင် ... "

ရှင် ဘယ်ရောက်သွားတာလဲ ... ။ ပြန်သွားပြီလား။

နှစ်သစ်အရိပ်အယောင်မျှပင် မတွေ့။

ညက ... အိပ်ဆေးအရှိန်က မပျယ်သေးပေ။

နှစ်သစ်ရေ ...

ယောက္ခမကြီးကလည်း နည်းနည်းအရှိုးပြောင်းသွားသလို ရှိနေသည်။





သူမကို ဘာမှမပြောတော့။

သားနဲ့ပင် ကွာရှင်းချင်ရင်ကွာရှင်းပြတ်စဲလိုက်တဲ့။

ဒက်ဒီကိုတော့ အပြီးမပြောသေးပေ။

လွှာ့အပေါ်တော့ ဗိုနိုပ်ချုပ်ချယ်တာတွေ မလုပ်တော့ပေ။

ထလိုက်သည်။

နှစ်သစ် ရှင်ဘာဖြစ်လို့ ကျွန်မကိုနှုတ်မဆက်ဘဲ ထွက်သွားရတာလဲ။

လွှာ့ဘဝကို ထပ်ပြီးနစ်မွန်းအောင် ဖန်တီးလုပ်ဆောင်ဖို့ ကြိုးစားတာပဲ မဟုတ်လား။

တီးလုံးသံလေးက သူမလက်ကိုင်ဖုန်းမှ မြည်လာသည်။

ကောက်ယူပြီး ဖွင့်၍နားထောင်လိုက်မိ၏။

"ဟဲလို ... "

"လွှာ ... "

"ဟင် ... ဝေ"

"ရှင့်အသံကြီးက အိပ်ချင်မူးတူးကြီးပါလား ... "

"ဟုတ်တယ် ဝေ ... ဒီနေ့ အိပ်ဆေးအရှိန်လွန်သွားလို့ နေမြင့်သွားတယ်ဟာ ... အခုတောင် အိပ်ချင်နေသေးတယ် ... ခေါင်းကနေ ရေလောင်းချိုးရမှာ ... "

"လွှာ ... "

"ဟင် ... "

"ညက ရှင်ဘာလို့အိပ်ဆေးတွေ သောက်ပြီးအိပ်ရတာလဲ"

"စိတ်ညစ်လို့ ... "

"ရှင်ဘာတွေ စိတ်ညစ်နေလဲဆိုတာ ကျုပ်သိပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဝေ ..."

"ပြော ..."

"ဒက်ဒီနေမကောင်းဘူး ... ကိုယ့်အိမ်ထောင်ရေးကလည်း လုံးဝ အဆင်မပြေဘူးလေ ..."

"ရှင့်အဆက်ကြီးကို မနက်ကဆေးခန်းမှာ တွေ့တယ် ... အိန္ဒုလေ ..."

"ဟင် ..."

"လွှာ ..."

"ပြော ..."

"ရှင် ကွာလိုက်ပါတော့ ... ရှင် ဘာဖြစ်လို့ ဒီလောက်အထိ အညှိခံနေရတာလဲ ... စိတ်သောကဖိစီးမှုတွေ ခံနေရတာလဲ ... ရှင့်အစား ကျုပ်အားမရလိုက်တာ ... နှစ်သစ် ဒီလောက်အထိ ဖောက်ပြန်နေတာကို ..."

"လွှာလည်း စဉ်းစားနေတာပါဝေရယ် ... ဒက်ဒီကြောင့်ပါ ကိုယ့်ဒက်ဒီတစ်ခုခုဖြစ်သွားမှာ အကြောက်ဆုံးပဲ ..."

"ရင်ဆိုင်ပစ်လိုက်ပါလွှာ ..."

ဟုတ်တယ်။ ကျွန်မ ရင်ဆိုင်ရမယ်။

နှစ်သစ်က ဖောက်ပြန်နေတာပဲ။

ညက ... အိမ်ကိုဘာပြန်လုပ်တာလဲ။

အရက်တွေမူးအောင်သောက်ပြီး လွှာ့ဘဝကို ဖျက်ဆီးပစ်ဖို့ ကြံစည်တာပဲ။ အိအကြံလား ...

"လွှာ ..."

"ဟင် ..."





"ဝေတောင် ဘေးကနေမခံချင်ဘူး ဖြစ်နေတယ်ဟာ ... နှင်တစ်သက်လုံး မာနတွေနဲ့ နေလာခဲ့တာပဲမဟုတ်လား"

"ဝေ ..."

"ပြော ..."

"ငါကိစ္စတွေကိုထားလိုက်ပါ ... တစ်နေ့ကျရင် အားလုံးရှင်း သွားမှာပါ ... လောလောဆယ်တော့ ဒက်ဒီသောကရောက်အောင် ငါဘာမှ မလုပ်ချင်ဘူးဝေရယ် ..."

ဒက်ဒီကြောင့်ပါ ... ။ ရှင် ... အရမ်းရက်စက်တာပဲ။

ကျွန်မ မာန်မာနတွေကို ရိုက်ချိုးပစ်ရုံသာမကဘူး ကျွန်မ ဘဝကိုလာပြီး ဖျက်ဆီးပစ်ရက်တယ် နှစ်သစ်။

ဝေက အားမလိုအားမရဖြစ်ပြီး ဖုန်းကိုချပစ်လိုက်သည်။

အံသွားတွေကို တင်းကျပ်စွာဖိကိုက်ထားလိုက်မိ၏။

မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လျှံကျလာရသည်။

"ကျွိ ..."

အခန်းတံခါးပွင့်လာသည်။

ယောက္ခမကြီး ဒေါ်နန်းနန်းမြိုင်ကို သူမ မျက်ဝန်းတွေထဲမှာ မှုန်ဝါးစွာဖြင့် တွေ့လိုက်ရ၏။

"တိမ်လွှာဖြူ ..."

မျက်ဝန်းတွေထဲက မျက်ရည်တွေကို ကပျာကယာသုတ်ပစ် လိုက်ရသည်။

"ညည်း ထမလာလို့ ကျုပ်လာကြည့်တာ ဘာဖြစ်လို့လဲ" လွှာ ...



www.burmeseclassic.com

www.burmeseclassic.com



စကားပြောလို့မရ။ ရင်ထဲမှာ ကြေကွဲနေသည်။

ဒေါ်နန်းနန်းမြိုင်ရယ် ကျွန်မတို့သားအဖနှစ်ယောက်လုံး စိတ်သောကတွေ ဖိစီးပြီး နစ်နာဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်နေရပြီ

ကျေနပ်ပါတော့ ...

ဒေါ်နန်းနန်းမြိုင်ရဲ့ မျက်ဝန်းအကြည့်တွေက စိမ်းနေဆဲပင်

ကျွန်မကို မုန်းတီးနေတုန်းပဲလား။

ဒက်ဒီ့အပေါ်လည်း ရှင်ဘယ်တော့မှ အငြိုးပြေမှာလဲဟင်

"တိမ်လွှာဖြူ ..."

"ရှင် ..."

"ညည်း စိတ်သောကတွေ အရမ်းရောက်နေပြီ မဟုတ်လား ဟန်တောင် ဆောင်မနေနိုင်တော့ဘူးလား တိမ်လွှာဖြူ"

ဒေါ်နန်းနန်းမြိုင် ဖြစ်စေချင်တဲ့ အနေအထားမျိုးပဲဖြစ်သည်။

ဒါပေမဲ့ ... မပျော်တော့။

ကိုမောင်မောင်နိုင် ဘယ်လိုအခြေအနေမျိုးလဲဆိုတာ သိချင်နေသည်။

မမေးလည်း မမေးချင်။ ကျုပ်လည်း စိတ်သောကတွေ ခံစားနေရတာပါပဲ တိမ်လွှာဖြူ ... မပျော်ပါဘူး။

ဒါပေမဲ့ ... ကျုပ် အောက်ကျမခံနိုင်ဘူး။

"ကျွန်မ စိတ်သောကတွေ အရမ်းဖိစီးနေပါပြီ ... မာမီ ကျေနပ်ပါတော့ ... ကျွန်မ အားလုံးကျဆုံးရပါပြီ ... ရှင်ကြီး ကျေနပ်ပါတော့ ..."

လွှာ့ရင်ထဲမှာပဲ ကြိတ်ပြီးပြောနေမိသည်။



"တိမ်လွှာဖြူ ..."

"ရှင် ..."

"မင်း သားနဲ့ကွာလိုက်ပါ ... ခေါင်းမမာနဲ့ ... ငါ့သားက လည်း မင်းကိုချစ်လာမှာ မဟုတ်ဘူး ... ငါအတွက်ကြီးတာ မှန်ပေမဲ့ ညည်းဘဝကို ထပ်ပြီးမနစ်မွန်းစေချင်တော့လို့ပါ ..."

"ကျွန်မ လုံးဝမကွာနိုင်ဘူး ..."

"ညည်းပဲ စိတ်သောကတွေရောက်ရမှာနော် တိမ်လွှာဖြူ စောစောပိုင်းကတော့ ညည်းကျုပ်ကို အနိုင်ယူဖို့ကြိုးစားနေတယ် လို့ထင်တော့ ကျုပ်သားနဲ့ပေကပ်ပြီး မကွာရင် ညည်းပဲစိတ်သောက တွေ ပိုရောက်လိမ့်မယ်"

သားမှာ ချစ်သူရှိတယ်။ အိပဲ ...

မိမိအတွက်ကြီးပြီး လွှာနဲ့ဖွတ်အတင်း လက်ထပ်ပေးမိသည်။

သား စိတ်သောကတွေ ရောက်နေ၏။

အိမ်ပင် ပြန်မလာတော့။

အရက်တွေကို အလွန်အကျွံသောက်တဲ့ အဆင့်တောင် ရောက်နေပြီ။

ဒေါ်နန်းနန်းမြိုင် သားဘဝရှေ့ရေးအတွက် စိတ်ပူပင်လာရ သည်။

"ကျွန်မဒက်ဒီ နေမကောင်းဘူး ... ကျွန်မ အိမ်ထောင်ရေး ပြိုကွဲလာတာကို ဒက်ဒီမတွေ့စေချင်လို့ပါ ... ကျွန်မ ဘယ်လောက် အထိ ပေးဆပ်ရမလဲ ... မာမီ ကျေနပ်အောင် ဘယ်လိုနေပေးရမလဲ ဟင်"

ဒေါ်နန်းနန်းမြိုင်ကို လွှာအောက်ကျခံဖို့ပဲ ဆုံးဖြတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကျွန်မဒက်ဒီ လူ့လောကကြီးထဲမှာ အသက်ရှင်နေသရွေ့ ကျွန်မ နှစ်သစ်နဲ့မကွာရှင်းနိုင်ဘူး ... ကျွန်မ ပျော်နေသယောင် ဟန်ဆောင်နေရမှာပဲမာမီ ... ကျွန်မ တောင်းပန်ချင်တာက ဒက်ဒီကို တစ်ခေါက်တလေလောက် မာမီလာကြည့်စေချင်ပါတယ် ..."

"မဖြစ်နိုင်ဘူး ... ညည်း ဒက်ဒီကို ကျုပ်ဘယ်တော့မှ သနားမှာ မဟုတ်ဘူးလွှာ ... ညည်းကိုတော့ အပြစ်မဲ့နေလို့ ကျုပ်အလျှော့ပေးလိုက်တာပဲ ..."

ဒေါ်နန်းနန်းမြိုင် ဘယ်လိုမှ လက်မခံနိုင်တဲ့ကိစ္စတစ်ခုပဲဖြစ်သည်။ မတွေ့ဘူး ... ရှင့်ကို မသနားဘူး။

ကျွန်အပေါ် ရှင်ရက်စက်ခဲ့တာကို ဘယ်တော့မှ မေ့ဖျက်နိုင်မှာ မဟုတ်ဘူး ကိုမောင်နိုင်။

"ညည်းက မကွာရှင်းဘူးဆိုတော့လည်း ... ကျုပ်ဘယ်တတ်နိုင်မလဲ တိမ်လွှာဖြူ ... ကျုပ်ဘက်ကလျှော့ပေးတာပဲ"

ဒေါ်နန်းနန်းမြိုင်လည်း ကြေကွဲထိခိုက်ရတာပါပဲ။

ပျော်မလာပါဘူး။

ကျေနပ်အားရတယ်ဆိုတာလည်း မရှိပါဘူး တိမ်လွှာဖြူ။

"သားမှာ ချစ်သူရှိတယ် ... ရှေ့ဆက်ပြီး ဒီအတိုင်းသွားရင် ကျုပ်သားလည်း စိတ်သောကတွေ ဖိစီးရလိမ့်မယ် ..."

ဒေါ်နန်းနန်းမြိုင်ရဲ့သားအတွက် စဉ်းစားပေးနေတာပါလား။ ကျွန်မအတွက်ရော ... ဘယ်စဉ်းစားမလဲ။

ကျွန်မတို့သားအဖကို စိတ်သောကတွေ ခံစားစေချင်တာ မဟုတ်လား။



"ညည်းကိုလည်း စိတ်သောကတွေ မရောက်စေချင်တာတော့ အမှန်ပဲ တိမ်လွှာဖြူ ... ကျုပ် စိတ်လျှော့လိုက်တာ"

ဒေါ်နန်းနန်းမြိုင်က သူမကို ကျောခိုင်းထွက်ခွာသွားတော့သည်။ တိမ်လွှာဖြူကတော့ ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ ငြိမ်သက်စွာရပ်နေမိသည်။ ဘာဆက်လုပ်ရမလဲ။

ဒေါ်နန်းနန်းမြိုင်ပြောတဲ့ စကားတွေက ဆုံးနေပြီဖြစ်သည်။

သူမ တွေဝေနေမိ၏။ သားမှာ ချစ်သူရှိတယ်တဲ့။

အိတဲ့ ... လွှာ နှုတ်ခမ်းသားလေးကို တင်းကျပ်စွာ ဖိကိုက်ထားမိသည်။ ရှင်တို့က ဒီလောက်အထိ ဖြစ်နေကြပြီလား။

"လွှာ ... ညည်းကွာရှင်းပေးလိုက်ပါ။ အားလုံး စိတ်သောကရောက်နေကြလို့ ကျုပ်ဘက်ကလျှော့ပေးလိုက်တာပါ ..."

မဖြစ်ဘူး ...။ ဒက်ဒီ စိတ်သောကရောက်လိမ့်မယ်။

သူမ အိမ်ထောင်ရေးပြိုကွဲနေတာကိုမြင်ရင် ဒက်ဒီစိတ်ထိခိုက်မှာပဲ။ ဒေါ်နန်းနန်းမြိုင်ကတော့ ဒက်ဒီအပေါ် ဘယ်လိုမှ အပြေးပြေမှာမဟုတ်။

နှစ်သစ်ကလည်း သူ့ကိုချစ်တယ်ဆိုတာ မဖြစ်နိုင်ပါဘူး။

မုန်းနေတာပါ။ အိရှိသားပဲ။ နင်ချစ်တာ အိမဟုတ်လား။

"မမလေး ..."

"ဟင် ..."

"မျက်နှာသစ်ပြီးပြီလား ..."

"ဟင့်အင်း ... ဘာမှ မလုပ်ရသေးဘူး ..."

"လုပ်လေ ... အောက်မှာစားဖို့ ကျွန်မလုပ်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားကောင်မလေးက သူ့ကိုသနားကြင်နာသည်။

တော်သေးပါတယ်။ ကျွန်မ ... အရမ်းပြည့်စုံနေတဲ့ မိန်းမ တစ်ယောက်ပဲ။ ဘာကြောင့် ဒီလိုဖြစ်နေရတာလဲ။

"မမလေး ..."

"ဟင် ..."

"ကျွန်မ အရမ်းစိတ်မကောင်းဖြစ်နေတာပဲ ... မမလေး လည်း ဝဋ်တစ်မျိုးပဲနော်"

"မမလေး မျက်နှာသစ်လိုက်ဦးမယ်နော် ... အောက်ကပဲ စောင့်နေ ..."

"မမလေး ..."

"ဟင် ..."

"ဘဘကြီးအိမ် သွားမှာလား ..."

"အင်း ..."

"ဟင်းတွေ ထည့်သွားမလားဟင်"

"နေပါစေကွယ် ... ဒီအိမ်က ပစ္စည်းတွေကို မမလေးဘာမှ မယူချင်ပါဘူးကွယ် ..."

ဒေါ်နန်းနန်းမြိုင်အိမ်မှာပင် မနေချင်တော့အောင် ဖြစ်နေ သည်။

ဒက်ဒီ့ဆီသွားရမယ်။ မဖြစ်သေးပါဘူး။

လွှာ ဟန်ဆောင်နေမှ ...

"မေမေကြီးက အရင်ကလို မမလေးအပေါ်နှိမ်ချဆက်ဆံ တာမျိုးတွေ မရှိတော့ပါဘူး ..."



သူမ ... မီးဖိုခန်းထဲဝင်ပြီး ကော်ဖီနှင့်မုန့်ကိုစားနေမိသည်။

"မလေးကို သနားလိုက်တာ ... ဒီမှာ ဘာဖြစ်လို့ အောက် ကျခံပြီး နေတာလဲဆိုတာ ကျွန်မသိပါတယ် ... မမလေး အဖေ ကြောင့် မဟုတ်လား ..."

"အင်း ..."

"မမလေးဘဝကိုလည်း ကျွန်မ အရမ်းသနားမိပါတယ်"

"မမလေးသွားတော့မယ် ..."

ဒက်ဒီ့ဆီကို လွှာသွားဖို့အတွက် ပြင်ဆင်နေမိသည်။

ဒေါ်နန်းနန်းမြိုင်ကတော့ ဒက်ဒီ့အပေါ်ဘယ်တော့မှ အငြိုး ပြေမှာမဟုတ်။ ဒက်ဒီ့ဆီရောက်လာသည်။

"သမီး ဒက်ဒီနေကောင်းပါတယ် ... မလာပါနဲ့တော့ကွယ် သမီးအိမ်ထောင်ရေးကိုပဲ အဆင်ပြေအောင် ထိန်းစမ်းပါ"

"ဒက်ဒီ ..."

"ဟင် ..."

"ဒက်ဒီ ဟန်ဆောင်နေတာ မဟုတ်လား ... ရင်ထဲမှာ ကြိတ်မှိတ်မခံစားပါနဲ့ ဒက်ဒီ ... ဘာဖြစ်ချင်လဲပြောပါ"

"ဒက်ဒီကတော့ ဘာမှမဖြစ်စေချင်ပါဘူး ... သမီးလေး အိမ်ထောင်ရေးကိုပဲ အဓိကကောင်းမွန်စေချင်တာပါ ..."

"သမီးအိမ်ထောင်ရေးပြိုကွဲပြီး တစ်ခုလပ်မဖြစ်သွားရင် မာမီက ပိုပြီးတောင် ကျေနပ်မှာပါဒက်ဒီရာ ..."

နန်းနန်းမြိုင် ... ငါ့သမီးလေးဘဝ ဒီလောက်ပေးဆပ်ရတာ ကျေနပ်ပါတော့။ သနားလိုက်တာ ...

**စည်းစိမ်ချမ်းသာတွေနဲ့ ပြည့်စုံနေတဲ့ သမီးလေးရဲ့ဘဝ ...**

**မိုးလေပြည့်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ ဒက်ဒီရာ ... သမီးအကြောင်းတွေ ဘာမှစဉ်းစားမနေနဲ့တော့ ... သမီး ဘာချက်ပေးရမလဲ ... ဒက်ဒီ ဘာစားမလဲဟင်"

"ဒီနေ့တော့ သမီးလက်ရာမုန့်ဟင်းခါးချက်စားရင် ကောင်းမလား ..."

"ကောင်းတယ် ဒက်ဒီ ... လွှာချက်ပေးမယ် ... မာမီက သက်ထပ်သင်ပေးတာလေ ..."

"ကောင်းတယ်သမီး ... ကောင်းတယ် ... ဒက်ဒီပါဝိုင်းကူလုပ်ပေးမယ် ... ချက်ပြီးရင် ဟိုအိမ်အတွက်လည်း ယူသွားဦးနော်"

"ဟုတ်ကဲ့ ဒက်ဒီ ..."

ဒက်ဒီ ပျော်ရွှင်နေတာတွေ့ရ၍ သူမလည်း ဝမ်းသာနေမိသည်။

◉ ◉ ◉

အခန်း ( ၂၄ )

"မာမီ ဒီနေ့လွှာကိုယ်တိုင်ချက်တဲ့ မုန့်ဟင်းခါးလေ ယူလာတယ် ... စားကြည့်ပါလား ..."

"မစားပါဘူး တိမ်လွှာဖြူ ... နောက်မယူလာပါနဲ့"

"ဟင် ..."

"ညည်းဒက်ဒီလာပို့ခိုင်းတာ မဟုတ်လား ... မယူလာပါနဲ့"

ဒေါ်နန်းနန်းမြိုင်ကတော့ တစ်ဖက်ခြမ်းနဲ့ ပတ်သက်ဆက်ဆံမှုမလုပ်လိုပေ။ အမိက ... ဦးမောင်မောင်နိုင်ပဲ ... ။

ရှင်ကြောင့် ကျွန်မ အပျိုစင်ဘဝလေးပျက်စီးဆုံးရှုံး နစ်နာမှုတွေ ဖြစ်လာရမှာပါ။ ဘယ်တော့မှ မကျေဘူး။

"လွှာ ယူလာတာပါ"

"မလိုချင်ပါဘူး ... ညည်းအခုပဲ ပြန်ပို့လိုက် ..."

"ပြန်မပို့ပါရစေနဲ့ မာမီရယ် ... ဒက်ဒီစိတ်မကောင်းဖြစ်မှာစိုးလို့ပါ မာမီ ... သွန်ပစ်လိုက်ပါ့မယ်နော်"

"ကောင်းတယ် ... သွန်ပစ်လိုက်လေ ... ကျုပ်ကတော့ ဘယ်တော့မှ မစားဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီပေးလိုက်တဲ့ မုန်းပင်းခါးတွေကို သွန်ပစ်လိုက်မိသည်။ စိတ်မကောင်းဖြစ်ရ၏။ ဒက်ဒီသိရင် ...

ဒေါ်နန်းနန်းမြိုင်ကတော့ ဒက်ဒီအပေါ် ဘယ်တော့မှအပြုံးပြေမှာ မဟုတ်။ လွှာဘယ်လို လုပ်ရမလဲ။

သူမ အိမ်ထောင်ရေးအဆင်ပြေတယ်ဆို၍ ဒက်ဒီစိတ်ချမ်းသာနေသည်။

"တိမ်လွှာဖြူ"

"ရှင် ..."

"နောက်ဆို အဲဒီကနေ စားစရာတွ ဘာတွေယူလာစရာမလိုဘူး ..."

"ဟုတ်ကဲ့ပါ မာမီ ..."

သူမ မှားလား။ ကိုမောင်မောင်နိုင့်အပေါ် မိမိဘယ်လိုမှအပြုံးမပြေနိုင်ဘဲ ဖြစ်ရသည်။

လက်ထပ်ကာနီး သတို့သားမရှိတော့တဲ့ သတို့သမီးဘဝ။

မိမိပဲလေ ...

ဘယ်လောက်အထိ အရှက်သိက္ခာတွေ မဲ့ခဲ့ရလဲ။

"ညည်းအဖေဆီကို ညည်းသွားတာတောင် ကျုပ်ဘက်ကလျှော့ပေးထားတာပဲ တိမ်လွှာဖြူ ..."

တိမ်လွှာဖြူနဲ့သားကို ကွာရှင်းစေချင်တာလည်း တိမ်လွှာဖြူအတွက်ပါ။ သားက အိမ်ပင်ပြန်မလာချင်။ စိတ်ပူနေမိသည်။

မိမိဘက်က အလျှော့ပေးတယ်ဆိုထဲက ညည်းကိုသနားလို့ပဲ။





"ညည်းဒက်ဒီအပေါ် ကျုပ်ဘယ်တော့မှ အပြုံးအတေးပြေမှာ မဟုတ်ဘူးနော် ... ကျုပ်လည်း ဘဝနဲ့ရင်းခဲ့ရတာပဲလေ ..."

"ဟုတ်ကဲ့ပါ မာမီ ..."

"ညည်းကိုတော့ ကျုပ်ခွင့်လွှတ်ပါတယ် ... ပြန်စဉ်းစားကြည့်တော့ ... ညည်းမှာ အပြစ်မှမရှိဘဲ ..."

"မာမီ ..."

"ပြော ..."

"ဒက်ဒီက ဒီပြစ်မှုအတွက် ဘဝတစ်လျှောက်လုံး ခံစားနေရတာပါ ... အခုဆို စိတ်သောကတွေရောက် နှလုံးရောဂါဝေဒနာတွေခံစားနေရပါတယ် ..."

ကိုမောင်မောင်နိုင် နေမကောင်းဖြစ်နေသည်တဲ့။

"ဒက်ဒီဟာ လူ့လောကကြီးထဲကနေ ထွက်ခွာသွားဖို့နောက်ဆုံးအချိန်တွေကို စောင့်နေရတာပါ ..."

မိမိ ပြန်ထွက်လာခဲ့မိသည်။ မကြားချင်ပေ ...

ငယ်ကချစ်တော့ အနှစ်တစ်ရာတဲ့ ... ။ မမေ့နိုင်ပါဘူး။

ဒါပေမယ့် ... ရှင့်ကို ကျွန်မမေ့ပစ်နိုင်အောင် ကြိုးစားနေရတာပါပဲ။ သမီး တိမ်လွှာဖြူနဲ့ပတ်သက်ပြီး စိတ်သောကတွေ ခံစားနေရလား။ ခံစားပါစေ ... ရှင်ဝဋ်လည်တာပဲ။

ကျွန်မ ဘာဖြစ်နေတာလဲ။ ရင်ထဲမှာ ကြေကွဲနေသလိုပဲ။

ဘာဖြစ်လို့ နာကျင်နေရတာလဲ။

"တိမ်လွှာဖြူနဲ့ သားကွဲသွားရင် ရှင်ပိုပြီးစိတ်ထိခိုက်မှာလား ..."

သား ... ဘာလို့ ပြန်မလာရတာလဲ။ အိန္ဒြေမျှား ...



www.burmeseclassic.com

www.burmeseclassic.com



သားနဲ့ပတ်သက်ပြီး ဘာသတင်းမှမကြားဘဲ တိတ်ဆိတ်နေသည်။ တိမ်လွှာဖြူနှင့်သားကို အဆင်ပြေစေချင်လာမိ၏။

တကယ်တော့ ... ကျုပ် ... ဟန်ဆောင်နေရတာပါ တိမ်လွှာဖြူ ...

ကျုပ်ရင်ထဲမှာ တည်းတည်းပဲရှိနေတော့တဲ့ အငြိုးအတေးတွေကို ကျုပ်အနိုင်နိုင် ဆွဲကိုင်ထားရတာပါ။

အလျှော့ပေးလိုက်ရမလား။ မဖြစ်သေးပါဘူး။

မာနတော့ ရှိသင့်တယ်။

သူ ကျူးလွန်ခဲ့ပြစ်မှုတွေကို လွယ်လွယ်နဲ့အလျှော့မပေးသင့်ပါဘူး။ မပေးဘူး ... သားဆီ ဖုန်းဆက်မှပဲ။

တိမ်လွှာဖြူမှာ အပြစ်မရှိတဲ့အကြောင်းတော့ ပြောရမယ်။

သားဆီ ဖုန်းဆက်သည်။ အိက ကိုင်၏။

"အိ ..."

"ရှင် ..."

"သားရော ..."

"အိပ်နေပါတယ် ..."

"ဘာဖြစ်လို့လဲ ... သား ဘာဖြစ်လို့လဲအိ ..."

"ဘာမှ မဖြစ်ပါဘူး ... ညက အလုပ်တွေများသွားပြီး အိပ်ရေးပျက်နေလို့ပါ အန်တီ ..."

"ဒီလောက်တောင် အလုပ်တွေရှုပ်ရအောင် သားဘာတွေလုပ်နေလဲ ... အိမ်ကို ဘာလို့ပြန်မလာရတာလဲ အိ ..."

"နှစ်သစ်ကို နှိုးပေးမယ်နော် အန်တီ ..."

"နေပါစေကွယ် ... နိုးလာရင်သာ မာမီ့ဆီ ဖုန်းဆက်ဖို့ပြော





ပေးပါ ..."

"ဟုတ်ကဲ့ ..."

မဖြစ်ဘူး။ သားကို ပြောရမယ်။

တိမ်လွှာဖြူနဲ့ အိမ်ထောင်ရေးအဆင်ပြေအောင်လုပ်ဖို့။

အပြစ်မဲ့တဲ့ ကလေးတွေရဲ့အနာဂတ်ကို မပျက်ပြားစေချင်ပါဘူး။ မိမိမှားတယ်။

ကိုမောင်မောင်နိုင့်အပေါ် မုန်းတီးတာနဲ့ လူကြီးမဆန်တဲ့ အလုပ်တွေကို မလုပ်သင့်ပါဘူး။

"ဒက်ဒီလည်း လူ့လောကကြီးထဲကနေ ထွက်ခွာသွားရမဲ့ နောက်ဆုံးအချိန်တွေကို စောင့်နေရတာပါ မာမီ"

တိမ်လွှာဖြူ့စကားတွေဟာ သူမနှလုံးသားတွေထဲ နာကျင်စွာ ထိုးနက်နေသည်။ ဘာဖြစ်နေတာလဲ ... မဟုတ်သေးပါဘူး။

ဒီလူသေသွားမှာကို မိမိဘာဖြစ်လို့ ကြောက်နေရတာလဲ။

မုန်းဟင်းခါးတွေကို သွန်ခိုင်းမိတာ မိမိလွန်သွားပြီလား။

တိမ်လွှာဖြူ ဘယ်လိုခံစားရမလဲ။ မဟုတ်သေးပါဘူး။

မိမိမှားတယ်။ မလုပ်သင့်ပါဘူး။

ကိုမောင်မောင်နိုင် လူ့လောကကြီးထဲက ထွက်ခွာသွားမှာကိုလည်း မိမိမလိုလားမိ၏။

ဟန်ဆောင်ပြောနေပေမဲ့ ရင်ထဲမှာ ပူလောင်နေသည်။

"ဒက်ဒီ သေဆုံးသွားရင်တော့ ကျွန်မရဲ့ပေးဆပ်မှုတွေ ကြေပြီလို့ ထင်ပါတယ်နော် မာမီ"

လွှာက ပြောခဲ့သည်။ ဖခင်အတွက် မင်းသောကတွေ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက်ရောက်နေပြီလဲ။

သား ... ဖုန်းမဆက်သေးဘူး။ ဟိုမှာပဲ နေတော့မှာလား။

မဖြစ်ဘူး။ သားကိုပြန်ခေါ်ရမယ်။

"မောင်မြ ... သားရော ..."

"မမအိန္ဒြာ အပြင်ကိုအရေးတကြီးပြန်ထွက်သွားပါတယ်"

"ဟင် ..."

သားကတော့ အိန္ဒြာတတွဲတွဲ တွဲနေပြီလား။

မဖြစ်သေးပါဘူး။ မိမိက မိခင်ပဲ ... တားရမယ်။

တိမ်လွှာဖြူ့ကို မကွာရှင်းရသေးဘဲနဲ့ မင်းလုပ်ချင်သလို လုပ်လို့ မရဘူး။ မာမီမှားတယ်။ နောင်တတွေ ရနေမိသည်။

လူကြီးတစ်ယောက်အနေနဲ့ အပြစ်မဲ့တဲ့မိန်းကလေး တစ်ယောက်ကို ဒီလောက်အထိ မရက်စက်သင့်ဘူး။

မိမိ ဆုံးဖြတ်ချက်တွေကို ပိုင်နိုင်စွာချုပ်လိုက်မိသည်။

## အခန်း ( ၂၅ )

"ဒက်ဒီ ..."

"သမီးလေးရောက်လာပြန်ပြီလား ... နေ့တိုင်းဆို မကောင်းပါဘူးကွယ် ... နန်းနန်းမြိုင်က ကြိုက်မှာမဟုတ်ပါဘူး ... ဒက်ဒီက အရေးမကြီးပါဘူးကွယ် ..."

ဒက်ဒီ့မျက်နှာ အရိမ်းကိုချောင်ကျနေသည်။

လွှာ စိတ်မကောင်းဖြစ်မိ၏။

ဒက်ဒီ့အနားမှာ ကျွန်မနေချင်တယ်။

ဒေါ်နန်းနန်းမြိုင်က သားနဲ့ကွာရှင်းခိုင်းတာ လွှာ့အတွက်ပါတဲ့ ... မဖြစ်နိုင်ပါဘူး။ ဒက်ဒီ စိတ်မကောင်းဖြစ်မှာပဲ။

လွှာ့အိမ်ထောင်ရေးကို အဆင်ပြေနေတာပဲ ဒက်ဒီမြင်ချင်မှာပါ။

"သမီး ..."

"ဒက်ဒီ ..."

"သမီး စိတ်သောကတွေ ရောက်နေလားဟင်"

"မရောက်ပါဘူး ဒက်ဒီ ... ဒေါ်နန်းနန်းမြိုင်ကလည်း အခု



www.burmeseclassic.com

www.burmeseclassic.com



တော်တော်လေး သဘောထားတွေ ပြောင်းလဲလာပါတယ်၊ သမီးကိုလည်း အရေးပေးလာပါတယ် ...”

ဒေါ်နန်းနန်းမြိုင်က ဒက်ဒီပို့ခိုင်းလိုက်တဲ့ မုန့်ဟင်းခါးတွေ သွန်ပစ်ခိုင်းတာဟာ ဒက်ဒီသိရင် ...

ဒက်ဒီရယ် ... လူ့လောကကြီးထဲကနေ လွှာ့ကိုထားခဲ့ပြီး ထွက်မသွားပါနဲ့နော် ...

ငိုချင်နေသည်။ ကြေကွဲနေရ၏။

ဒက်ဒီ့ရှေ့မှာ ဟန်ဆောင်နေရတာ စိတ်ပင်ပန်းလှပါပြီ။

“ဒက်ဒီ နေကောင်းပါတယ် ... သမီး အိမ်ထောင်ရေးကို အဆင်ပြေအောင်နေပါ ...”

“နေပါ့မယ် ဒက်ဒီ ...”

“အေးကွယ် ... သမီးလေး လိမ္မာလို့ စိတ်သောကတွေ မရောက်စေချင်တာပါပဲ ...”

ဦးမောင်မောင်ရဲ့ အမှားတွေ သမီးလေးခံစားနေရပြီ။

စိတ်မကောင်းလိုက်တာကွယ်။ ရင်ဝက စူးအောင့်ချင်လာသည်။ မဖြစ်သေးဘူး။ သမီးလေးရှေ့မှာ တစ်ခုခုဖြစ်သွားမှာ စိုးမိသည်။ အသက်ရှူ မဝတော့။

“ဒက်ဒီ ...”

“ဟင် ...”

“ဘာဖြစ်လို့လဲ ...”

“ဘာမှ မဖြစ်ပါဘူး ...”

“စိတ်မကောင်းစရာတွေ မစဉ်းစားနဲ့နော် ...”

“အင်း ...”





“ဆေးသောက်ရအောင်နော် ဒက်ဒီ ...”

“အင်း ...”

မိမိ ... ဘာမှ မဖြစ်ပါစေနဲ့ဦး။

သမီးလေးကို စိတ်မချလို့ပါ။ အိမ်ထောင်ရေး အဆင်ပြေတယ်ဆိုပြီး မောင်နှစ်သစ်ဘာလို့ မလာရတာလဲ။

လာသင့်ပါတယ်။ ယောက္ခမကို လာကြည့်သင့်ပါတယ်။

နှစ်သစ်ရောက်မလာတာ သမီးနဲ့အဆင်မပြေသေးလို့ပဲပေါ့။

“ဒက်ဒီ ဆေးသောက်နော် ...”

“အင်း ...”

“မောနေလား ...”

“နည်းနည်းပါ ...”

“မဖြစ်ပါဘူး ... နှလုံးရောဂါအထူးကုတဲ့ ဆေးခန်းကိုတင်ရမယ် ... မိုက်ကြိတ်ခံစားမနေပါနဲ့ ဒက်ဒီရယ် ...”

“သမီး ...”

“ရှင် ...”

“ဒက်ဒီကတော့ ... သမီးအနာဂတ်ကို စိတ်ပူနေမိတယ် ... တည်ငြိမ်အေးချမ်းတဲ့ အိမ်ထောင်ရေးတစ်ခုကို ပိုင်ဆိုင်စေချင်တယ်၊ နှစ်သစ်က လူတော်လူကောင်းတစ်ယောက်ပါ”

ဒက်ဒီက နှစ်သစ်ကို မျှော်လင့်ချက်တွေ ထားနေတာလဲ လွှာသိပါတယ်။

နှစ်သစ်နဲ့ သမီးအဆင်ပြေတာကို ကြည့်ချင်တာ မဟုတ်လား။ ဒက်ဒီ စိတ်ချမ်းသာအောင် သမီးဘာလုပ်ပေးရမလဲ ...။

www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်ချမ်းမြေ့တဲ့ မိသားစုဘဝလေးပိုင်ဆိုင်စေချင်တာ မဟုတ်လား။

"သမီး ... "

"ရှင် ... "

"ဒက်ဒီ တစ်ခုခုဖြစ်သွားရင်လည်း မောင်နှစ်သစ်နဲ့မကွာပါနဲ့ သမီးဟာ ... အိမ်ထောင်ရှိတဲ့ မိန်းကလေးတစ်ယောက်ဖြစ်နေပြီ"

"ဒက်ဒီရယ် ... စိတ်မပူပါနဲ့ ... သမီးနဲ့နှစ်သစ်ကအိမ်ထောင်ရေး အဆင်ပြေပါတယ် ... စိတ်ပူစရာ မရှိပါဘူး ... "

နှစ်သစ် ... နင် ခဏလေးတောင် မလာနိုင်ဘူးလား။

မုန်းလိုက်တာ ... ။ နင် ... သိပ်ရက်စက်တယ်။

လူစိတ်မရှိတဲ့လူ ... နင်ယောကျ်ားတစ်ယောက်ဖြစ်ပြီး တာဝန်မယူချင်တဲ့ ယောကျ်ားပဲ။

အင်းလေ ... သူမနဲ့ နှစ်သစ်လက်ထပ်တာလည်း ချစ်ခင်နှစ်သက်လို့မှ မဟုတ်တာဘဲ ... ။

ရှင် ... ကျွန်မအပေါ် ရက်စက်နိုင်မှာပေါ့။ နာကျင်ကြေကွဲနေရသည်။

ရောဂါ ဝေဒနာတွေ ဖိစီးနေသော ဒက်ဒီ့ရုပ်သွင်က သိသာနေ၏။ လူ့လောကကြီးထဲက ထွက်သွားရတော့မဲ့ နောက်ဆုံးအချိန်တွေလား။

စိတ်ပူလိုက်တာ ... နှစ်သစ် ... ရှင့်ကိုလာစေချင်တယ်။ ကျွန်မ ဒက်ဒီကို စိတ်ချမ်းသာစေချင်လို့ပါ။

ဒက်ဒီ နေမကောင်းတာ သိသိကြီးနဲ့ ရှင်လာတောင်မတွေ့



ဘူး။ မဖြစ်ဘူး ...

ဒေါ်နန်းနန်းမြိုင်ကို ခြေသလုံးဖက်ပြီးတောင်းပန်ရမယ်။

"ဒက်ဒီ ... "

"ဟင် ... "

"သမီး အိမ်ပြန်လိုက်ဦးမယ်နော် ... နောက်နေ့မှ ပြန်လာမယ်နော် ... "

"ပြန်လေသမီး ... ပြန်ပါ ... ဒက်ဒီကတော့ ဒေါ်နန်းနန်းမြိုင် စိတ်ကျေနပ်အောင်ပဲ နေစေချင်ပါတယ်ကွယ် ... "

ဒက်ဒီ့ကို ဆေးတိုက်ပြီး အိမ်ပြန်လာခဲ့မိသည်။

"ဒီနေ့ စောလှချည်လား တိမ်လွှာဖြူ ... ဘာလို့ အစောကြီး ပြန်လာရတာလဲ"

"မာမီ ... "

"ဟင် ... "

"ကျွန်မ အပေါ်မှာထားတဲ့ အငြိုးအတေးတွေ ကျေပါတော့ ... "

"ဘာ ... "

"ကျွန်မ တောင်းပန်ပါတယ် ... ဒက်ဒီဟာ လူ့လောကကြီးထဲက ထွက်ခွာသွားရတော့မဲ့ ... အချိန်နီးကပ်နေပါပြီ မာမီရယ်၊ ကျွန်မ တောင်းပန်ပါတယ်နော် ... ဒက်ဒီ့ကိုသွားကြည့်ပေးကြပါ၊ ကျွန်မ အိမ်ထောင်ရေးအဆင်ပြေတဲ့အကြောင်း အငြိုးအတေးတွေ မရှိတော့တဲ့အကြောင်း သွားပြီးပြောပေးကြပါ ... "

သူမကြေကွဲစွာပြောပြီး ဒေါ်နန်းနန်းမြိုင်အနားကနေ ထြေး ထွက်လာခဲ့မိသည်။ ဒေါ်နန်းနန်းမြိုင်ကတော့ ပျော်ရုပ်တစ်ရှပ်



www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့ ရပ်နေမိ၏။ လွှာရယ် ...

မာမီ့ရင်ထဲမှာ နာကြည်းကြေကွဲနေတဲ့ အငြိုးအတေးတွေ မရှိတော့ပါဘူး။ မာနပဲ နည်းနည်းရှိနေတာပါ။

"ကျွန်မ ဒက်ဒီရဲ့ နောက်ဆုံးအချိန်လေးမှာ စိတ်ချမ်းသာသွားအောင် ကူညီပေးကြပါ ... ကျွန်မ တောင်းပန်ပါတယ်"

လွှာပြောသွားတဲ့စကားတွေကို နာကျင်စွာကြားနေရသည်။

ဟုတ်တယ်။ မိမိ အလျှော့ပေးသင့်ပြီ။

ကိုမောင်မောင်နိုင်လည်း သမီးလေးဘဝကို ရင်းပြီးပေးဆပ်ခဲ့တာပဲ။ သားဆီကို ဖုန်းဆက်ရမယ်။

အိမ်ကိုပြန်လာဖို့ ပြောရတော့မယ်။

နေချင်သလို နေတဲ့သားတစ်ယောက်ကို မိခင်တစ်ယောက် အနေနဲ့ ဆုံးမသွန်သင်ရတော့မယ်။

လွှာ သနားပါတယ်။ အပြစ်မဲ့တဲ့ မိန်းကလေးပါ။

သားဆီကို ဖုန်းဆက်လိုက်သည်။

"သားလား ..."

"ဟုတ်ပါတယ် ... မာမီ"

"မင်း ပြန်လာသင့်ပြီ ... အိမ်ထောင်ရှင်ယောကျ်ားတစ်ယောက်အနေနဲ့ မင်းနေချင်သလို နေလို့မရတော့ဘူးသား"

"ဗျာ ..."

မာမီ့စကားကြောင့် နှစ်သစ်အံ့သြသွားရသည်။

စိတ်တွေ လျှော့သွားပြီပဲ။

"မင်း လွှာ့ကိုပစ်မထားသင့်တော့ဘူး ... ကိုမောင်မောင်နိုင် ဒီလောက်ဖြစ်နေတာ ယောက္ခမတစ်ယောက်အနေနဲ့ မင်းသွား





ကြည့်သင့်တယ် ... လွှာ့ ဒက်ဒီ နောက်ဆုံးအချိန်ကို ရောက်နေပြီ"

"ဗျာ ..."

သူ ... သွားကြည့်မှ ဖြစ်တော့မယ်။

အလုပ်ကိစ္စတွေကို ဘာကြီးပဲဖြစ်နေဖြစ်နေ လွှာ့ဒက်ဒီကို သွားကြည့်ရမယ်။

"ကိုယ် အိမ်ပြန်မှဖြစ်မယ်အိ ... လွှာ့ဒက်ဒီ အသည်းအသန် ဖြစ်နေပြီတဲ့ ... ကိုယ်သွားမှ ဖြစ်မယ် ... အလုပ်ကိစ္စတွေ မင်းပဲ တာဝန်ယူလိုက်ပါ အိ ..."

"စိတ်ချပါ နှစ်သစ် ... ရှင်သွားပါ ... ဘာမှမပူပါနဲ့ ကျွန်မ ဖြေရှင်းလိုက်ပါ့မယ် ..."

သူ ... ရုံးကနေ အပြေးအလွှားရောက်လာသည်။

"မာမီ ... လွှာရော ..."

"ဟိုဘက်အိမ်မှာ လာလိုက်သွားကြစို့ ..."

ဒေါ်နန်းနန်းမြိုင်နှင့် နှစ်သစ်ရောက်လာကြသည်။

"ကိုမောင်မောင်နိုင် ..."

"ဟင် ... နန်းနန်းမြိုင်"

လွှာကလည်း အနားမှာ ကျောက်ရုပ်တစ်ရုပ်လို ရပ်နေသည်။

"ရှင့်ကိုလာကြည့်တာပါ ... ရှင် ဒီလောက်ဖြစ်နေမယ်လို့ ကျွန်မ လုံးဝမထင်မိတာပါ ..."

နန်းနန်းမြိုင်ကို တွေ့လိုက်ရ၍ ဝမ်းသာသွားမိသည်။

မင်း ... အာဃာတတွေ မရှိတော့ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



နန်းနန်းမြိုင်ရဲ့ မျက်ဝန်းတွေထဲမှာ ကြင်နာရိပ်တွေပဲရှိနေသည်။ သမီးအတွက် ဝမ်းသာသွားမိ၏။

မိမိ စိတ်အေးရပြီ။ မောင်နှစ်သစ်လည်း လာကြည့်သည်။

"ကျွန်တော် ရုံးမှာအရေးကြီးတဲ့ပြဿနာတွေ တက်နေလို့ပါ၊ အန်ကယ့်ကို လာမကြည့်ချင်လို့ မဟုတ်ပါဘူး ..."

"မောင်နှစ်သစ်ရယ် ... အန်ကယ်ခွင့်လွှတ်ပါတယ်၊ အရေးကြီးတာက သမီးလေးကို စောင့်ရှောက်ပါလို့ ..."

"စိတ်ချပါ အန်ကယ် ... ကျွန်တော် စောင့်ရှောက်မှာပါ ... ချစ်ချစ်ခင်ခင်နဲ့ စောင့်ရှောက်မှာပါ ... အန်ကယ်စိတ်မပူပါနဲ့ ..."

"ကိုမောင်မောင်နိုင် ... ကျွန်မလည်း နောင်တတွေရနေပါပြီ ... အငြိုးအတေးတွေ မရှိတော့ပါဘူး ... ရှင်လည်း စိတ်အေးပါတော့ ... အပြစ်ကင်းတဲ့ ရှင့်သမီးလေးကိုလည်း ကျွန်မ စောင့်ရှောက်မှာပါ ..."

"နန်းနန်းမြိုင်ရယ် ... ကျေးဇူးတင်လိုက်တာ ... ကိုယ်ကတော့ နှလုံးကသိပ်အလုပ်မလုပ်ချင်တော့ဘူး ... လူ့လောကကြီးထဲကနေ မကြာခင်ထွက်ခွာသွားရတော့မှာပါ ..."

"ရှင် စိတ်ချမ်းသာအောင်နေပါနော် ... သမီးလေးက ကျွန်မသမီးလေး ဖြစ်သွားပါပြီ ... သားကလည်း နှစ်သစ်ပါတယ်"

ဒက်ဒီ့မျက်နှာ အပြုံးယောင်သမ်းပြီး ကျေနပ်မှုတွေ ပြည့်ဝနေသည်။ လွှာ စိတ်အေးသွားရ၏။ ကျေးဇူးတင်ပါတယ်။

ဒက်ဒီ လူ့လောကကြီးထဲမှာ မရှိတော့တာနဲ့ ရှင့်ကိုကွာရှင်းပေးမှာပါ။ တစ်ဖက်အိမ်ကြီးကို ပြန်ကူးလာကြသည်။





"သမီးလေး ..."

"ရှင် ..."

အတိတ်က အဖြစ်အပျက်တွေကို မေ့ပစ်လိုက်ပါတော့ကွယ်နော် ... မာမီ တောင်းပန်ပါတယ် ... တကယ်တော့ လူကြီးတွေရဲ့ အပြစ်က သမီးလေးနဲ့ ဘာမှမဆိုင်ပါဘူးကွယ် ..."

မာမီက တောင်းပန်စကားတွေပြောပြီး သူမတို့အနားမှ ထွက်ခွာသွားသည်။

"လွှာ ..."

"ဘာလဲ နှစ်သစ် ... နင့်ကိုတော့ ဒက်ဒီလူ့လောကကြီးထဲမှာ မရှိတော့တာနဲ့ ကွာရှင်းပြတ်စဲပေးမှာပါ ..."

"ကိုယ်နဲ့လွှာ ကွာရှင်းပြတ်စဲစရာမလိုပါဘူး ... ပြန်ပေါင်းထုတ်တဲ့အနေနဲ့တောင် မင်္ဂလာပွဲထပ်ပြီး ကျင်းပပေးရဦးမယ်လေ"

"မဖြစ်နိုင်ဘူး ... ရှင့်ကိုတော့ ကွာရှင်းရမယ် ... ရှင်ဟန်ဆောင်ပေးတဲ့အတွက် ကျွန်မကျေးဇူးတင်ပါတယ် ... ဒါပေမဲ့ အချစ်မရှိတဲ့ အိမ်ထောင်တစ်ခုကို ကျွန်မဆက်ပြီး မတည်ဆောက်ချင်တော့ပါဘူး ကိုနှစ်သစ် ..."

"ဘာလို့ အချစ်မရှိရမှာလဲ ... ကိုယ် လွှာ့ကိုချစ်တယ်"

"ဘာ ... မဖြစ်နိုင်တာပဲ ... ရှင့်အမေကျေနပ်အောင် ဟန်ဆောင်ပြောနေတာပဲ ... ရှင့်ကို ကျွန်မ လုံးဝမယုံဘူး ... ရှင်နဲ့အိ"

"ဟာ ... မဟုတ်တာဘဲ ... ကိုယ်နဲ့အိက မိတ်ဆွေပါ ... တစ်ရိုးလုံးသိတယ် ..."

"ဘာ မိတ်ဆွေတွေလဲ ... အိက မသွားနဲ့ဆိုတာနဲ့ ရှင်မလာရဲဘူး ... ကျွန်မ အဖေရှင့်ကို ဘယ်လောက်အထိ မျှော်လင့်နေလဲ"



www.burmeseclassic.com

www.burmeseclassic.com



နှစ်သစ်ရဲ့ လုပ်ရပ်တွေအတွက်တော့ လွှာလက်မခံနိုင်ပေ။ ဘာမိတ်ဆွေလဲ ... ရှင်တို့ ချစ်သူတွေပဲ ... ။

"လွှာ ... "

"ပြော ... "

"ကိုယ့်ရုံးခန်းမှာ မီးလောင်မှုဖြစ်တယ် ... "

"ဟင် ... "

"မာမီတောင် မသိဘူး ... ကိုယ်နေ့မအိပ် ညမအိပ် ပြဿနာတွေ ရှင်းနေရတယ် ... အရေးကြီးတဲ့ စာရွက်စာတမ်းတွေပါသွားတယ်"

သူမ ... နှစ်သစ်ကို ကြည့်မိသည်။ မီးလောင်လို့တဲ့ ...

"ဒီတစ်ပတ်အတွင်း ဖြစ်နေတာပါ ... လွှာ အထင်လွဲနေတာလည်း ကိုယ်ဘယ်လိုရှင်းပြရမှန်း မသိဘူး ... "

လင်ယောကျ်ားတစ်ယောက်ရဲ့ အပူသောကမီးဖြစ်၍ လွှာရင်ထဲအထိ ကူးဝင်ပူလောင်သွားရသည်။

"ဟိုနေ့က ကိုယ်စိတ်ညစ်ပြီး ... အရက်သောက်မိတယ် ... လွှာ့အနားကပ်ဖို့ ရဲဆေးတင်တာလေ ... "

သူ့အကြည့်တွေက သူမမျက်ဝန်းတွေထဲအထိ တိုးဖောက်ဝင်ရောက်မတတ်ဖြစ်နေသည်။

ရှင့်မျက်ဝန်းတွေထဲမှာ အချစ်တွေရှိနေတာ ကျွန်မယုံပါပြီ။

"လွှာက အပြစ်မဲ့သူပါ ... မာနတကြီးနဲ့ကိုယ့်ကို ဆက်ဆံတာလေးတွေ ... ဖခင်အတွက် အနစ်နာခံခဲ့တဲ့ ... လွှာ့စိတ်ဓာတ်တွေကို ကိုယ်သဘောကျတယ်ကွာ ... "

လွှာ့လက်တွေကို တင်းကျပ်စွာ ဆုပ်ကိုင်ထားမိသည်။



BURMESE CLASSIC .com



"ကိုယ် လွှာ့ကိုချစ်နေမိပါပြီ ... "

လွှာ မရုန်းမိ။ နှစ်သစ်ဟာ လွှာ့ခင်ပွန်းဆိုတဲ့အသိက လွှာ့ရင်ထဲမှာ အမြဲရှိနေသည်။

"ဟို ... ဟို ... အိန္ဒြာရှင်က ... "

"လူတွေက ထင်တာပါ ... မာမီကလည်း ဒီလိုပဲထင်နေတယ် ... မိတ်ဆွေတွေပါလွှာ ... ကိုယ်နဲ့ အလုပ်ငန်းတွေခွဲကြတော့မယ် ... လွှာ စိတ်အနှောင့်အယှက်ဖြစ်ရမဲ့ကိစ္စတွေ ဘာမှမလုပ်တော့ဘူးလို့ ကိုယ်ဆုံးဖြတ်လိုက်ပါပြီ ... "

"ရှင် ... ရှင် ... တကယ်ပြောတာလား ... ဟင် ... အဲဒါတွေက ရှင်ဟန်ဆောင်နေတာတွေ မဟုတ်ပါဘူးနော် နှစ်သစ် ... "

"အမှန်တွေပါ ... ကိုယ်လွှာ့ကို ချစ်နေကြောင်း အိတောင်သိပါတယ် ... ကိုယ်နဲ့လွှာပြန်ပေါင်းထုတ်ဖို့ အိက စေ့စပ်ပေးသူပါ"

"ဟင် ... "

အိန္ဒြာပတ်သက်တာတွေကို သူရှင်းပြမိသည်။

လွှာက စိတ်သဘောထားပြည့်ဝသူဆိုတာ နှစ်သစ်သိနေ၏။

မာန်မာနကြီးသယောင် ထင်ရပေမဲ့ ... လွှာကချစ်စရာကောင်းပါတယ်။

"လွှာ ..."

"ဟင် ... "

"ကိုယ့်ကိုချစ်ရဲ့လား ... မိန်းမကို ပြန်ပြီးရည်းစားစကားပြောရမလိုဖြစ်နေပါပြီ ... "

လွှာ့ကိုယ်လုံးလေးကိုသူ့ရင်ခွင်ထဲဆွဲယူပွေ့ဖက်ထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ ... ကိုယ့်ကိုချစ်လားလို့ ..."

နှစ်သစ်ရဲ့ ရင်ခွင်ထဲသို့ ပိုမိုတင်းကျပ်စွာ တိုးဝင်ဖက်တွယ်ထားလိုက်မိသည်။

"အင်း ... ချစ်တယ်"

တိုးတိုးလေးပဲ အဖြေပေးလိုက်မိတော့သည်။

သင်ဖြတ်နိုး

BURMESE CLASSIC .com

www.burmeseclassic.com